# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅ဝ)


၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် | ၂ဝ၂၆ ခုနှစ်၊ မေ ၂၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်(၂၃၅)


# ကျောင်းအပ်နှံရေး သီတင်းပတ်

(၂၅-၅-၂ဝ၂၆ ရက်နေ့မှ ၃၁-၅-၂ဝ၂၆ ရက်နေ့ထိ)

“နိုင်ငံ့အနာဂတ်လှပဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့”

❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

## ရန်ကုန်–မန္တလေး–ရန်ကုန်ခရီးစဉ်တွင် အမှတ် (၉) အဆန်/အမှတ် (၁ဝ) အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများ ထပ်မံတိုးချဲ့ပြေးဆွဲမည်

နေပြည်တော် မေ ၂၇

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်–မန္တလေး–ရန်ကုန် ရထားခရီးစဉ်အဖြစ် အမှတ်(၃)အဆန်/အမှတ်(၄)အစုန်နှင့် အမှတ်(၅) အဆန်/ အမှတ်(၆)အစုန် လေအေးပေးစက်ပါခေတ်မီ DEMU လူစီးအမြန်ရထားများအား ၂ဝ၂၆ ခုနှစ် မေလအတွင်း စတင်ပြေးဆွဲပေးခဲ့ပြီး ခရီးသည်များကြိုက်နှစ်သက်၍ စီးနင်းမှုများသောကြောင့် အမှတ်(၉)အဆန်/အမှတ်(၁ဝ) အစုန်လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား ၂ဝ၂၆ ခုနှစ် ဇွန်လ ၁ ရက်မှ စတင်၍ အောက်ပါအချိန်ဇယားအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်–

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၉)အဆန် | ရန်ကုန် | မန္တလေး | ဝ၈:၃ဝ | ၁၈:၃ဝ | (၁ဝ)နာရီ |
| ၂ | အမှတ်(၁ဝ)အစုန် | မန္တလေး | ရန်ကုန် | ဝ၈:၃ဝ | ၁၈:၄ဝ | (၁ဝ)နာရီ(၁ဝ)မိနစ် |

အထက်ပါ တိုးချဲ့ပြေးဆွဲမည့် အမှတ်(၉) အဆန်/အမှတ်(၁ဝ) အစုန်ရထားသည် ရန်ကုန်–မန္တလေး–ရန်ကုန်ခရီးစဉ်တစ်လျှောက် တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ တပ်ကုန်း၊ ပျော်ဘွယ်၊ သာစည်ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ယခင်အတိုင်း ခရီးစဉ်အစဆုံး အထက်တန်း ၄၈ဝဝဝ ကျပ်နှင့် ပထမတန်း ၃၄ဝဝဝ ကျပ်တို့ဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၄* ❏



## အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှု ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၂၇

၂ဝ၂၆ – ၂ဝ၂၇ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှု သီတင်းပတ်အဖြစ် မေ ၂၅ ရက်မှ မေ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေ အပါအဝင် ပိတ်ရက်မရှိ သတ်မှတ်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းသား *စာမျက်နှာ ၄ ကော်လံ ၁* ❂



| အမြင့်ဆုံး နေ့အပူချိန်များ (၂၇ – ၅ – ၂ဝ၂၆) | | |
|---|---|---|
| ရေဦးမြို့ | ၄၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၄ဝ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါမြို့ | ၃၉ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်းမြို့ | ၃၉ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူမြို့ | ၃၈ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူမြို့ | ၃၈ ဒသမ ဝ | ဒီဂရီဆဲလ်စီးယပ် |
| မင်းကင်းမြို့ | ၃၈ ဒသမ ဝ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာမြို့ | ၃၈ ဒသမ ဝ | ဒီဂရီဆဲလ်စီးယပ် |


**ယနေ့ ဖတ်စရာ**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ရောက်ရှိနေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများအား ချင်းပြည်နယ် တီးတိန်မြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင် — ပြည်တွင်းသတင်း — စာ ၅

ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ — ဆောင်းပါး — စာ ၆

အတိတ်သမိုင်းကြောင်းမှ ပခုံးပြောင်း အမျိုးသားရေးတာဝန် — ဆောင်းပါး — စာ ၁ဝ


**ယနေ့ မိုးလေဝသ ( ၂၈-၅-၂ဝ၂၆ )**

နေပြည်တော်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေး

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈ဝ ဖြစ်သည်။

မိုး/ဇလ

# (၂၇-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၉ ~ ၃၆၆၉ | ၅၅၈.၁ ~ ၅၅၈.၇ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၅,၈၂၃,၈၄၇.၃၃ | | ၁၃,၇၄၁,၈၂၁.၈၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ ဓာတ်မြေဩဇာ၊ ကတ္တရာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက္ကူတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၅၀ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၂၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃,၅၂၉.၈၅ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**၂၇ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၂၇ - မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

- (က) မီးပိတ်၍ စက်သတ်ထားရမည်။
- (ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
- (ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
- (ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈ - ၅ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၈၅ | ၄၇၇၀ | ၄၇၁၀ | ၄၆၀၀ | ၄၇၇၀ | ၄၇၈၅ | ၄၈၃၅ | ၄၆၈၀ | ၄၈၃၅ | ၅၁၅၅ | ၄၇၈၅ | ၄၈၇၅ | ၄၈၁၀ | ၄၇၆၀ | ၄၇၆၀ | ၄၉၇၅ |
| 95 Ron | ၄၆၅၀ | ၄၈၄၀ | ၄၇၇၅ | ၄၆၆၅ | ၄၈၄၀ | ၄၈၅၀ | ၄၉၀၀ | ၄၇၅၀ | ၄၉၀၀ | ၅၂၂၀ | ၄၇၇၀ | ၄၉၆၀ | ၄၈၇၅ | ၄၈၃၀ | ၄၈၃၀ | ၅၀၄၀ |
| HSD (500 ppm) | ၄၄၆၀ | ၄၆၄၀ | ၄၅၈၀ | ၄၄၇၅ | ၄၆၄၀ | ၄၆၅၀ | ၄၇၀၀ | ၄၅၅၀ | - | ၅၀၀၅ | ၄၅၇၅ | ၅၀၅၅ | ၄၆၇၅ | ၄၆၃၀ | ၄၆၃၀ | ၄၈၃၀ |
| HSD (50 ppm) | ၅၄၈၅ | ၅၆၇၀ | ၅၆၁၀ | ၅၅၀၀ | ၅၆၇၅ | ၅၆၈၅ | ၅၇၃၅ | ၅၅၈၀ | ၅၇၃၅ | ၆၀၅၅ | ၅၆၀၅ | ၅၇၆၅ | ၅၇၁၀ | ၅၆၆၀ | ၅၆၆၀ | ၅၈၇၅ |
| HSD (10 ppm) | ၅၄၈၅ | ၅၆၇၀ | ၅၆၁၀ | ၅၅၀၀ | ၅၆၇၅ | ၅၆၈၅ | ၅၇၃၅ | ၅၅၈၀ | | ၆၀၅၅ | ၅၆၀၅ | ၅၇၆၅ | ၅၇၁၀ | ၅၆၆၀ | ၅၆၆၀ | ၅၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၄၈ | ၄၄၆၈ |
| 95 Ron | ၄၄၁၃ | ၄၅၃၅ |
| HSD (500 ppm) | ၄၂၄၁ | ၄၃၅၆ |
| HSD (50 ppm) | ၅၂၁၉ | ၅၃၅၄ |
| HSD (10 ppm) | ၅၂၁၉ | ၅၃၅၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီခွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-**အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

မြန်မာ့အလင်း

# လူတိုင်း၊ အိမ်တိုင်းပါဝင်သည့် ရပ်ရွာသန့်ရှင်းရေး ဆောင်ရွက်

မုတ်သုံအဝင် မိုးရွာသွန်းမှု စတင်သည်နှင့် သန့်ရှင်းမှုအားနည်းသည့် မြို့ပြရပ်ရွာတို့မှာ ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လေ့ရှိသည်ကို နှစ်စဉ်လိုလို တွေ့ရတတ်သည်။ တစ်နှစ်ပတ်လုံး စည်းကမ်းမဲ့စွာ စွန့်ပစ်ထားသည့် အမှိုက်သရိုက်များက ရေနုတ်မြောင်းများကို ပိတ်ဆို့စေမှုကြောင့် မိုးရွာသည့်အခါ ရေမစီးဆင်းနိုင်ဘဲ အမှိုက်များနှင့် ရေဆိုးများကို လမ်းများ၊ လူသွားစင်္ကြံများပေါ် ဖုံးလွှမ်းသွားစေသည်။ မိုးဦးလေဦးကာလ ညစ်ညမ်းသည့် ပတ်ဝန်းကျင်အခြေအနေတွင် ရေမသန့်ရှင်းခြင်း၊ အစားအစာမသန့်ရှင်းခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်းတို့ကြောင့် ဖြစ်ပွားနိုင်သည့်ရောဂါများကို သတိပြုကြရန်လိုသည်။

မသန့်ရှင်းသော ရေနှင့် အစားအစာများကို စားသောက်မိခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားနိုင်သည့် ရောဂါများအနက် ကာလဝမ်းရောဂါမှာ အန္တရာယ်ကြီးသည့် ရောဂါဖြစ်သည်။ ကာလဝမ်းရောဂါကို ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဟုလည်းခေါ်ဆိုပြီး Vibrio Cholerae ခေါ် ကာလဝမ်းရောဂါပိုးများပါရှိနေသည့် ရေနှင့် အစားအသောက်များ စားသောက်မိရာမှ ကူးစက်ဖြစ်ပွားစေသည်။ ကာလဝမ်းရောဂါပိုးသည် ရောဂါဖြစ်နေသူထံမှ စွန့်ပစ်လိုက်သည့် မစင်၌ပါဝင်နေပြီး ပတ်ဝန်းကျင်သန့်ရှင်းမှုနည်းပါး/ကင်းမဲ့သည့်အခါ ကူးစက်ပျံ့နှံ့သွားနိုင်သည်။ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှု အားနည်းခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်း၊ အိမ်သာတက်ပြီး လက်မဆေးခြင်း၊ အစားမစားမီ လက်ကိုစင်ကြယ်အောင်မဆေးခြင်း၊ ယင်နားစာများနှင့် မသန့်ရှင်းသည့် အစားအစာများ စားသုံးခြင်းတို့က ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကို ကူးစက်စေနိုင်သည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါခေါ် ကာလဝမ်းရောဂါဖြစ်ပွားသည့်အခါ အရည်ဝမ်းများသွားခြင်း၊ အော့အန်ခြင်းတို့ဖြစ်ပေါ်ရာ ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ လျင်မြန်စွာ ကုန်ခန်းသွားခြင်းကြောင့် အရည်ခန်းခြောက်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်း စသည်တို့ဖြစ်ပွားပြီး အချိန်မီဆေးကုသမှုမခံယူပါက အသက်ဆုံးရှုံးစေနိုင်သည်။ သို့ဖြစ်ရာ ပြင်းထန်သော လက္ခဏာရှိက အသက်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ရန် ရောဂါဖြစ်လျှင်ဖြစ်ချင်း နီးစပ်ရာ ကျန်းမာရေးဌာနသို့ သွားရောက်၍ ကုသမှုခံယူကြရန်လိုသည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရန်အတွက် သောက်သုံးမည့် ရေ၊ စားမည့်အစားအစာ၊ မိမိ၏ လက်များနှင့် အိမ်သာ၊ အိမ်ပတ်ဝန်းကျင်တို့ သန့်ရှင်းမှုရှိရန် ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ ရေကိုကျိုချက်၍ သို့မဟုတ် ကလိုရင်းခတ်၍ သောက်ရန်၊ အစားအစာကို ယင်မနားရန် ဖုံးအုပ်ထားပြီး ပူပူနွေးနွေး စားသောက်ရန်၊ အမှည့်လွန်၊ မှိုတက်၊ ယင်နားသည့် သစ်သီးများ၊ စားစရာများကို မစားရန်၊ ယင်လုံအိမ်သာ သုံးစွဲရန်နှင့် အိမ်သာသန့်ရှင်းရေးကို အထူးဂရုပြုရန်၊ အစာမစားမီနှင့် အိမ်သာသုံးစွဲပြီးတိုင်း လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရန်တို့ကို သတိထား၍ ကျင့်သုံးကြမှသာ ဝမ်းရောဂါဘေးကင်းဝေးစေမည်ဖြစ်သည်။

ဝမ်းရောဂါဖြစ်ပွားသူ၏ အဝတ်အစားများကို အများသုံးရေကန်များအနီးတွင် လျှော်ဖွပ်ခြင်းကို ရှောင်ကြဉ်ကြရမည်ဖြစ်ပြီး ကလေးများ၏ မစင်များကို စွန့်ပစ်ရာတွင်လည်း ယင်မနားအောင် စနစ်တကျ စွန့်ပစ်ရမည်ဖြစ်သည်။ အိမ်တွင်ဖြစ်စေ၊ ဆိုင်တွင်ဖြစ်စေ အစားအစာပြင်ဆင်သူများသည်လည်း အစားအစာများကို မကိုင်မီ၊ မပြင်ဆင်မီ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောကြရန်လိုသည်။ အထက်ပါအတိုင်း သန့်ရှင်းရေးများ ဂရုတစိုက်ဆောင်ရွက်ခြင်းက ကာလဝမ်းရောဂါသာမက အူရောင်ငန်းဖျားကဲ့သို့သော ရောဂါမျိုးကိုပါ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

ရပ်ကွက်များ၊ ကျေးရွာများတွင် နေထိုင်ကြသူအားလုံးတို့ ကူးစက်ရောဂါများမှ ကင်းဝေးပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်နိုင်ကြရန်အတွက် ပတ်ဝန်းကျင်သန့်ရှင်းရေးသည် မဖြစ်မနေလိုအပ်ပြီး ရပ်ရွာပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် အားလုံးတွင် တာဝန်ရှိသည်။ တစ်ယောက်မှစ၍ အားလုံးစည်းကမ်းမဲ့စွာ အမှိုက်များကို စွန့်ပစ်ခြင်း၊ အိမ်သာများကို သန့်ရှင်းစွာ မထားခြင်း၊ အိမ်နှင့်ပတ်ဝန်းကျင်၌ ချုံနွယ်ပိတ်ပေါင်းများ ပေါက်ရောက်နေပြီး ရေဝပ်နေခြင်း စသည်တို့မှာ ရပ်ရွာကို သန့်ရှင်းသပ်ရပ်မှုကင်းမဲ့စေပြီး အမြင်မတင့်တယ်စေသလို ရပ်ရွာနေသူတို့၏ ကျန်းမာရေးကိုလည်း ထိခိုက်စေမည်ဖြစ်သည်။ လူတိုင်း မိမိကိုယ်ကို သန့်ရှင်းရေး၊ မိမိနေအိမ်နှင့် အဝန်းအဝိုင်းသန့်ရှင်းရေးတို့ကို တာဝန်ယူဆောင်ရွက်ခြင်းဖြင့် အိမ်တိုင်းသန့်ရှင်းကာ တစ်ရပ်ကွက်လုံး၊ တစ်ရွာလုံး သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ကို လူတိုင်း ရရှိနိုင်ကြမည်ဖြစ်သည်။

မိုးဦးလေဦးကာလတွင် ဖြစ်ပွားလေ့ရှိသော ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ကာလဝမ်း)ရောဂါသာမက သွေးလွန်တုပ်ကွေးရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါကဲ့သို့သော ခြင်ကြောင့် ဖြစ်တတ်သည့် ရောဂါများကိုပါ ကာကွယ်နိုင်ရေးအတွက် လူတိုင်း၊ အိမ်တိုင်းပါဝင်သည့် ရပ်ရွာသန့်ရှင်းရေးကို မဖြစ်မနေ ပူးပေါင်းဆောင်ရွက်ကြရန် နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

# နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၁။ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသစောင့်ကြည့်လေ့လာရေးဗဟိုဌာန (ASEAN Specialized Meteorological Center–ASMC) မှ ထုတ်ပြန်ချက်များအရ–

(က) ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့်(၂)မှအဆင့်(၁)သို့ လျှော့ချသတ်မှတ်ခဲ့ကြောင်း၊

(ခ) လွန်ခဲ့သော ရက်များအတွင်း မဲခေါင်ဒေသခွဲတွင် စိုစွတ်သော ရာသီဥတုဖြစ်ပေါ်ခဲ့ပြီး Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု လျော့နည်းခဲ့ကြောင်း၊

(ဂ) လာမည့်လများတွင် မုတ်သုံကြားကာလအခြေအနေမှ အနောက်တောင်မုတ်သုံအခြေအနေသို့ ကူးပြောင်းမည်ဖြစ်ပါသောကြောင့် မဲခေါင်ဒေသခွဲ၏ နေရာအနှံ့အပြားတွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်မည်ဟု ခန့်မှန်းရကြောင်း၊

(ဃ) ASMC ၏ စောင့်ကြည့်လေ့လာမှု၊ ဆန်းစစ်မှုနှင့် ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့် (၁)မှ အဆင့် (၀) (ခြောက်သွေ့ရာသီကာလ ကုန်ဆုံးခြင်း)သို့ ရောက်ရှိကြောင်း။

၂။ ASMC ၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလ ၁၆ ရက်နေ့အထိ Fire Hotspot ဖြစ်ပေါ်မှုသည် ၂၀၂၅ ခုနှစ်ထက် (၁) % ပိုမိုဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် (၁၁) % လျော့နည်းစွာ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**မြန်မာ–ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု**
**တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ**

## မြန်မာ - တရုတ် နှစ်နိုင်ငံ ပြန်ကြားရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပြန်ကြားရေးဌာန၏ ဒုတိယအကြီးအကဲနှင့် အမျိုးသားရေဒီယိုနှင့် ရုပ်မြင်သံကြားအုပ်ချုပ်မှုဆိုင်ရာဝန်ကြီး မစ္စချောင်ရှုမင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား တက်ရောက်သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ယဉ်ကျေးမှုဖလှယ်နိုင်ရေးနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်နိုင်ရေး၊ မှတ်တမ်းရုပ်ရှင်နှင့် ဇာတ်လမ်းတွဲများ ပူးပေါင်းရိုက်ကူးနိုင်ရေး၊ လူငယ်နှင့် နည်းပညာဆိုင်ရာကဏ္ဍ ပူးပေါင်းတီထွင်ဖန်တီးမှုများ ဖလှယ်နိုင်ရေး၊ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် မစ္စ ချောင်ရှုမင်းနှင့် အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းနှင့်အတူ နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ပြီး မြန်မာ – တရုတ် နှစ်နိုင်ငံ မီဒီယာ ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် ပျော်ရွှင်လေ့လာ တရုတ်စာသင်ခန်းစာ အသံသွင်းမှုကိုလည်းကောင်း၊ Vitual Studio တွင် မြန်မာ– တရုတ် ချစ်ကြည်ရေးတေးသီချင်း ရိုက်ကူးမှုကိုလည်းကောင်း၊ News Channel Studio တွင် သတင်းထုတ်လွှင့်မှုကိုလည်းကောင်း၊ Audiotorium ခန်းမတွင် တရုတ် – မြန်မာ ချစ်ကြည်ရေးအဖြစ် ရှမ်းပဲပုပ်သီချင်းအား မြန်မာ – တရုတ် နှစ်ဘာသာဖြင့် သီဆိုလေ့ကျင့်နေမှုကိုလည်းကောင်း၊ စိန်ရတုပြတိုက်အတွင်းတွင်လည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက နေပြည်တော် Horizon Lake View Resort ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **သတင်းစဉ်**




❑ *ရွှေဖုံးမှ*

ရန်ကုန်–မန္တလေးလမ်းပိုင်းအတွင်း အထက်ဖော်ပြပါ လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများအပြင် လေအေးပေးစက်ပါ အထက်တန်းလူစီးတွဲ နှစ်တွဲပါရှိသော လေအိတ်ရထားဖြစ်သည့် အမှတ်(၁၁) အဆန်/အမှတ် (၁၂) အစုန် ရန်ကုန်–မန္တလေး–ရန်ကုန် ခရီးစဉ်ရထားများ ပြေးဆွဲလျက်ရှိပြီး ရန်ကုန်–နေပြည်တော်–ရန်ကုန် ခရီးစဉ်အား လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများဖြစ်သော အမှတ် (၇) အဆန်/အမှတ် (၈) အစုန်နှင့် အမှတ် (၃၁) အဆန်/အမှတ် (၃၂) အစုန်ရထားများ ပြေးဆွဲပေးလျက်ရှိသည်။

အဆိုပါရထားများ၏ ထိုင်ခုံလက်မှတ်များအား Online Railways Ticketing and Payment (ORTP) စနစ်တွင် အွန်လိုင်းမှ ကြိုတင်၍ ဝယ်ယူနိုင်မည်ဖြစ်ပြီး ခရီးစဉ်အစအဆုံးဘူတာများအတွက် (၇)ရက်နှင့် ကြားဘူတာများအတွက် (၅)ရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရန်ကုန်–မန္တလေး လမ်းပိုင်းအတွင်း ပဲခူး–ရန်ကုန်–ပဲခူး ခရီးစဉ်အဖြစ် လေအေးပေးစက်ပါ ခေတ်မီ DEMU ရထားဖြစ်သည့် အမှတ်(၁၅) အဆန်/အမှတ်(၁၆) အစုန်ရထားနှင့် RBE ခရီးတို ရထားများဖြစ်သော မန္တလေး–သာစည်–မန္တလေးခရီးစဉ်အဖြစ် အမှတ် (သ–၃၀၁) အဆန်/(သ–၃၀၂) အစုန်၊ သာစည်–နေပြည်တော်–သာစည် ခရီးစဉ်အဖြစ် အမှတ် (သ–၄၀၁) အဆန်/(သ–၄၀၂) အစုန်၊ နေပြည်တော်–တောင်ငူ–နေပြည်တော် ခရီးစဉ်အဖြစ်အမှတ် (သ–၅၀၁) အဆန်/(သ–၅၀၂) အစုန်နှင့် တောင်ငူ–ပဲခူး–တောင်ငူ ခရီးစဉ်အဖြစ် အမှတ်(သ–၆၀၁) အဆန်/(သ–၆၀၂) အစုန်ရထားများအား ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးသွင်အောင် စက္ကူစက်ရုံ (ရေနီ) ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၇**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင်သည် မေ ၂၅ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေနီမြို့ရှိ စက္ကူစက်ရုံ(ရေနီ)၌ အရည်အသွေးထိန်းသိမ်းရေးနှင့် သုတေသနဌာနခွဲတွင် ဝါးမှ ပျော့ဖတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် တစ်ရက်လျှင် ထုပ်ပိုးစက္ကူတန် ၈၀ ထုတ်လုပ်နိုင်သည့် စက်ရုံကို ဝန်ထမ်းများ၊ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ အမြန်ဆုံးလည်ပတ်နိုင်ရေး ဆောင်ရွက်ရန်၊ လူနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိစေရေး အစီအမံများ စနစ်တကျ ရေးဆွဲဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တန် ၈၀ စက္ကူစက်ရုံအတွင်း တပ်ဆင်ထားရှိသည့် စက်ပစ္စည်းကိရိယာများ၊ တစ်ရက်လျှင် ကတ်ထူစက္ကူ တန် ၂၀ ထုတ်လုပ်နိုင်သည့် စက်ရုံ၌ ကတ်ထူစက္ကူများ ထုတ်လုပ်နေသည့် နည်းစဉ်အဆင့်ဆင့်နှင့် ထုတ်လုပ်ပြီး ကတ်ထူစက္ကူများကို ဈေးကွက်သို့ တင်ပို့ရန် ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**
**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။**
**ဇီဝမျိုးစုံ ကြွယ်စေဖို့၊ သဘာဝတောတွေ ထိန်းသိမ်းစို့။**

## မြိတ်မြို့နယ်၊ လှည်းကူးမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၇**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ မိုးကောင်းပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား အဆိုပါစာသင်တိုက်၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၁၁၀ တို့အား အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG စက်ဖြင့် ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဘိုးရင်ကလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၈၁ ဦးအား အဆိုပါကျေးရွာရှိ ကျွန်းကျောင်းကျောင်းတိုက်၌ လည်းကောင်း၊ ကော့မှူးမြို့နယ် ဝါးဘလောက်သောက်စံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာရှိ သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၄၁ ဦးအား အဆိုကျေးရွာရှိ မူလရွာလယ်ကျောင်းတိုက်၌ လည်းကောင်း ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရာ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၇**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့အား ရုံးအမှတ် (၃၀) ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် နိုင်ငံတစ်ဝန်းရှိ MSME များ တရားဝင် မှတ်ပုံတင် ဆောင်ရွက်နိုင်ရေးအတွက် Single Window စနစ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေး၊ MSME လုပ်ငန်းရှင်များ အနေဖြင့် မိုဘိုင်းအက်ပ်များမှတစ်ဆင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၏ ဒီဂျစ်တယ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများဖြင့် ပံ့ပိုးကူညီရေး၊ e-Learning Platform များ တည်ထောင်ရာတွင် ပူးပေါင်းဆောင်ရွက်ရေး၊ လာမည့် ဇွန် ၂၇ ရက်တွင် ကျရောက်မည့် နိုင်ငံတကာအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနေ့တွင် သုတေသန စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ၊ အတွေ့အကြုံများ မျှဝေခြင်းကဏ္ဍများ ပါဝင်သည့် အစီအစဉ်ရေးဆွဲနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ပတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် MSME များတွင် လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိမြင်ပြီး MSME ကဏ္ဍတွင် ပါဝင်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲ အခမ်းအနားသို့ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသွင်အောင်၊ ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသိုက်စိုး နေပြည်တော်ကောင်စီနယ်မြေအတွင်း သမဝါယမစနစ် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၂၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးသည် ယနေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် သမဝါယမ အသင်းစု၏ သူဌေးကုန်းကျေးရွာ စိုက်ပျိုးမွေးမြူရေးခြံ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ Myanmar Agri Food ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သည့် မြေနေရာရရှိရေး၊ သတ်မှတ်သီးနှံအလိုက် စိုက်နည်းစနစ်များနှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ် မအူတောကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာ၌ အဆင့်မြင့်လယ်ယာကုန်ထုတ်လမ်း သုံးလမ်း အရှည်ပေ ၇၀၈၀ ဖောက်လုပ်ပေးမည့် နေရာနှင့် နွေစပါးစိုက်တောင်သူများ၏ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုသည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ သမဝါယမ ဦးစီးဌာန၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ၊ သက်တန့်ရောင် စီမံကိန်းရန်ပုံငွေတို့ဖြင့် မိုးစပါး စိုက်ပျိုးမည့် သမဝါယမအသင်းများသို့ မျိုးနှင့်သွင်းအားစုပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမ အသင်း ၁၈ သင်း၏ စိုက်ပျိုးမြေ ၅၈၁ ဧကအတွက် မျိုးနှင့်သွင်းအားစုများ ပေးအပ်သည်။ **သတင်းစဉ်**



**ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

✪ *ရွှေဖုံးမှ*

ကျောင်းသူများအား ကျောင်းအပ်နှံမှု လက်ခံခြင်းများကို မေ ၂၅ ရက် နံနက်ပိုင်းမှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဆက်လက်အပ်နှံ ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ အခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား ကျောင်းသူများအား တစ်ပါတည်းပေးအပ်ကြသည်။

ယင်းသို့ ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်နေသည့် ဆရာ ဆရာမများနှင့် ကျောင်းများ၏ လုံခြုံရေး၊ လာရောက် ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက်လည်း သက်ဆိုင်ရာ လုံခြုံရေး တာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ အခြေခံပညာ ကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် မူလတန်းမှ အထက်တန်း အဆင့်အထိ ကျောင်းအပ်နှံရာတွင် မူလတန်းအဆင့်အတွက် သင်ရိုးညွှန်းတမ်း ပုံနှိပ်စာအုပ် တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ လေးချောင်းနှင့် ကျောင်းဝတ်စုံ တစ်စုံ၊ အလယ်တန်းနှင့် အထက်တန်း အဆင့်တို့တွင် သင်ရိုးညွှန်းတမ်းပုံနှိပ် စာအုပ်တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ နှစ်ချောင်းနှင့် ဘောပင် နှစ်ချောင်းတို့ကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးအပ်သွားမည့်အပြင် အခြေခံပညာ ကျောင်းများမှာ အခမဲ့ပညာရေး စနစ်ဖြစ်သောကြောင့် ကျောင်းဝင်ကြေးနှင့် အခြား မည်သည့်အခကြေးငွေ ပေးသွင်းရန်မလိုဘဲ အခမဲ့အပ်နှံနိုင်ကြောင်း သိရသည်။



ဒေါက်တာနွယ်နီလွင်



ဒေါက်တာစိုးလင်းထွန်း

ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများ၊ တက်ရောက်ပညာ သင်ကြားမည့် ကျောင်းသား ကျောင်းသူများနှင့် အခြေခံပညာ ကျောင်းအသီးသီးမှ ဆရာ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

**ဒေါက်တာနွယ်နီလွင်**
**ကျောင်းအုပ်ကြီး**
**အထက (၂) ဗဟန်း)**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်ရဲ့ ကျောင်းအပ်နှံရေး သီတင်းပတ်ကတော့ မေ ၂၅ ရက်ကနေ မေ ၃၁ ရက်အထိ လက်ခံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ဒီနေ့ဆိုရင် ကျောင်းရဲ့ School Family တွေကို ကျောင်းအပ်လက်ခံနေတဲ့ အချိန်ကာလလေးလည်း ဖြစ်ပါတယ်။ နောက် တစ်ခုကတော့ ကျွန်မတို့ပညာရေး ဝန်ကြီးဌာနအနေနဲ့ ဒီနှစ်မှာတော့ အထူး Placement Test ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအထူး Placement Test မှာ ကျွန်မတို့က ဘယ်လိုအနေအထားကို ဆောင်ရွက်လဲဆိုတော့ အသက်အရွယ်အလိုက် Grade-2 ကနေ Grade-9 အထိ ကျောင်းသား ကျောင်းသူတွေကို အသက်အရွယ်အလိုက် လိုအပ်ချက်တွေကို တောင်းခံပြီးတော့ Placement Test တွေကို ဆောင်ရွက်ပေးသွားပါတယ်။ ပုံမှန်ဆိုရင်တော့ ပညာရေးဝန်ကြီးဌာနက International School တွေကနေ အစိုးရကျောင်း Government School တွေကို ပြောင်းမယ့်ကျောင်းသားကျောင်းသူတွေကိုပဲ Placement Test ဆောင်ရွက်ခဲ့တာပါ။ ဒီပညာသင်နှစ်မှာတော့ အကြောင်းအမျိုးမျိုးကြောင့် မူလတန်းအဆင့်နဲ့ အလယ်တန်းအဆင့်မှာ အလှမ်းဝေးနေတဲ့ ကလေးတွေကို ကျွန်မတို့ ကျောင်းမှာ ပြန်ပြီးပညာသင်ခွင့်ရအောင် ဆောင်ရွက်ပေးထားပါတယ်။ ကျွန်မတို့ ကျောင်းမှာတော့ အလယ်တန်းနဲ့ အထက်တန်းရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ကျောင်းရဲ့ ကျောင်းသား ကျောင်းသူတွေကတော့ ဗလာစာအုပ်ရတယ်။ ပုံနှိပ်စာအုပ်ရတယ်။ ခဲတံရတယ်။ ဘောပင်ရတယ်။ ဒါကျွန်မတို့ ဝန်ကြီးဌာနက အခမဲ့ထောက်ပံ့တဲ့ ပစ္စည်းအနေအထားပါ။ ကျွန်မတို့ ကျောင်းအပ်နှံရေးသီတင်းပတ် မတိုင်ခင်မှာတော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးရဲ့ ဦးဆောင်မှုနဲ့အတူ ကျွန်မတို့မြို့နယ်စည်ပင်၊ ထွေအုပ်စတဲ့အဖွဲ့အစည်းတွေက ဦးဆောင်ပြီးတော့ ကျွန်မတို့ ကျောင်းနဲ့ ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းတွင်း ပေါင်းမြက်ရှင်းလင်းရေး လုပ်ငန်းစဉ်တွေကို အပတ်စဉ် စနေနေ့မှာ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။

**ဒေါက်တာစိုးလင်းထွန်း**
**(ကျောင်းအုပ်ကြီး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး**
**အထက်တန်းကျောင်း**
**ညောင်နှစ်ပင်၊ မှော်ဘီမြို့နယ်)**

မေ ၂၅ရက်ကနေ မေ ၃၁ ရက်အထိကို ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ပြီးတော့ ကျောင်းသား ကျောင်းသူတွေကို ကျောင်းအပ်နှံတဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာတော့ ကျောင်းသားဦးရေ၂၀၃၄ ဦး ပညာသင်ကြားခဲ့ပါတယ်။ လက်ရှိ ပညာသင်နှစ်မှာလည်း အပ်နှံထားတဲ့ ကျောင်းသားဦးရေက ဒီနေ့အထိဆိုရင် ကျောင်းသားဦးရေ ၁၃၀၅ ဦးအထိ ရှိပါပြီ။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းဖြစ်တဲ့အတွက် အခြေခံပညာဘက်မှာ ကျောင်းအပ်နှံတာရှိသလို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတွက်လည်း ကျောင်းသား ကျောင်းသူတွေ အပ်နှံထားပါတယ်။ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအတွက်ဆိုရင်ဒီနှစ်မှာ ကျောင်းသားဦးရေ ၁၇၀ လောက်လာပြီး ကျောင်းအပ်နှံထားပြီး ဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွေကို တည်ထောင်ဖွင့်လှစ်ထားတာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်အကြီးအကဲရဲ့ စေတနာနဲ့ မေတ္တာတရားတွေကို ပေါ်လွင်ထင်ရှားအောင် ကျွန်တော်တို့ကျောင်းတွေအနေနဲ့လည်း အားသွန်ခွန်စိုက်သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတို့နဲ့ ပူးပေါင်းပြီးတော့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်တွေနဲ့အတူ ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်လို့ ပြောကြားချင်ပါတယ်။

**သတင်းစဉ်**

## နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် မေ ၂၇**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ဒေသတစ်ဝိုက်၌ နယ်မြေ လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏ နေ့စဉ် လူမှုစီးပွားဘဝများတွင် စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် အသက်ကို ပဓာနမထားဘဲ ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ လူ၊ ယာဉ်ယန္တရားနှင့် ဆက်စပ်ပစ္စည်းများ ခင်းကျင်းပြသထားမှုကြည့်ရှု

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကော်မတီများက ကော်မတီအလိုက် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက လုပ်ငန်းစဉ်များကို ဆွေးနွေးရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းကဏ္ဍများအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ လူ၊ ယာဉ်ယန္တရားနှင့် ဆက်စပ်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက လုပ်ငန်းကော်မတီ ၁၂ ခု၊ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုး၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို တပ်ခွဲ(၁)ခွဲ၊ တပ်စု ၄၅ စုကို အင်အား ၁၆၉၁ဦး၊ မီးသတ်ဦးစီးဌာနမှ အထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့ USAR Light Team နှစ်သင်း အင်အား ၄၀၊ အရေးပေါ်အခြေအနေများအတွက် ကျန်းမာရေးဌာနမှ Rapid Response Team များ ၅၂ ဖွဲ့၊ Emergency Operation Center ငါးခု၊ ယာယီခိုလှုံရာနေရာ ၁၁၂ နေရာ သတ်မှတ်ပြီး လူဦးရေ ၄၇၆၂၀ ဝင်ဆံ့သည့်နေရာ၊ တိရစ္ဆာန်များ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ရေး နေရာ ၁၀ နေရာ၊ လူအင်အားများ၊ အုပ်ချုပ်မှုယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များ၊ ရေသယ်ယာဉ်များ၊ မီးသတ်ယာဉ်များ၊ လှေများ၊ ယန္တရားကြီးများ၊ လူနာတင်ယာဉ်များနှင့် ဆက်စပ်ပစ္စည်းများကို စီစဉ်ထားကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



## ထားဝယ်မြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**ထားဝယ် မေ ၂၇**

၂၀၂၆ – ၂၀၂၇ ပညာသင်နှစ် ထားဝယ်မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ အမှတ်(၃)အခြေခံ ပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးက ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အလှူရှင်များက လှူဒါန်းသော ကျောင်းသုံး ပစ္စည်းများကို လက်ခံရယူခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

**တောမဲ့**
**မြေသား၊**
**ရေ**
**တိုက်စား၏။**

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ရောက်ရှိနေသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများအား ချင်းပြည်နယ် တီးတိန်မြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် မေ ၂၇**

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ချင်းပြည်နယ်ရှိ ဖလမ်း၊ တီးတိန်နှင့် တွန်းဇံဒေသများကို အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အဆိုပါဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကဏ္ဍများအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရသည့် ဆေးရုံများ၊ စာသင်ကျောင်းများ၊ အစိုးရရုံးဌာနများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့်ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံ အစရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် ဒေသခံ ပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် ကျန်းမာရေးသုံးပစ္စည်းများကို မေ ၂၅ ရက်တွင် နေပြည်တော်နှင့် မန္တလေးမြို့တို့မှ တပ်မတော် လေယာဉ်များဖြင့် ကလေးမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကလေးမြို့သို့ရောက်ရှိနေသည့် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးအပ်သည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို မေ ၂၆ ရက်တွင် ကလေးမြို့မှ တစ်ဆင့် မော်တော်ယာဉ်များဖြင့် ဖလမ်းမြို့သို့ ပို့ဆောင်ပေးခဲ့သည်။

ယနေ့တွင်လည်း ကလေးမြို့တွင် ရောက်ရှိနေပြီး တီးတိန်မြို့နှင့် တွန်းဇံမြို့များသို့ ပို့ဆောင်ရန်ကျန်ရှိသော နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ၊ သွပ်၊ သံများနှင့် လူသုံးကုန်ပစ္စည်းများကို ကလေးမြို့မှတစ်ဆင့် တီးတိန်မြို့နှင့် တွန်းဇံမြို့များသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ရာ ညနေပိုင်းတွင် တီးတိန်မြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် ကုန်ပစ္စည်းများအား သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ တွန်းဇံမြို့သို့ ပို့ဆောင်ရန်ကျန်ရှိသည့် ကုန်ပစ္စည်းများကို ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏ လိုအပ်ချက်အပေါ် မူတည်ပြီး ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ဇွန်လ ၅ ရက်နေ့တွင် ကျရောက်မည့် ၂၀၁၉ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

ဒေါက်တာနှင်းဖြူဖြူအောင်

**သန့်ရှင်းသောလေထုမှ စတင်သော ရာသီဥတုကာကွယ်ရေးဆီသို့ (ရာသီဥတုဆိုင်ရာလှုပ်ရှားမှုမှ ရရှိလာမည့် ပူးတွဲအကျိုးကျေးဇူးများ)**

ယနေ့ကမ္ဘာကြီးတွင် အပူချိန်မြင့်တက်လာခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ အပူလှိုင်းဖြစ်ပေါ်ခြင်းနှင့် လေထုညစ်ညမ်းမှုများကို ပိုမိုတွေ့ကြုံလာရပါသည်။ တစ်ချိန်က "ရာသီဥတုပြောင်းလဲမှု"သည်ဝေးလံသောအနာဂတ်ပြဿနာတစ်ခုလို ထင်မြင်ခဲ့ကြသော်လည်း ယနေ့တွင် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝထဲသို့ ရောက်ရှိလာပြီဖြစ်ပါသည်။ ပူပြင်းလာသော ရာသီဥတု၊ အသက်ရှူရခက်စေသော မီးခိုးမြူများနှင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာခြင်းများသည် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို နေ့စဉ်သတိပေးနေပါသည်။

၂၀၁၉ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော **"A Global Call for Climate Action – ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"** သည် ရာသီဥတုပြောင်းလဲမှုကို ကမ္ဘာတစ်ဝန်း ပူးပေါင်းတိုက်ဖျက်ရန် နှိုးဆော်ထားခြင်း ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှုကို လျှော့ချရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန် ဆောင်ရွက်သော လုပ်ငန်းများသည် ရာသီဥတုဆိုင်ရာလှုပ်ရှားမှု (Climate Action)ဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုခြင်း၊ လျှပ်စစ်စွမ်းအင်ချွေတာသုံးစွဲခြင်း၊ အများပြည်သူသုံးယာဉ်များ အသုံးပြုခြင်း၊ အမှိုက်မီး မရှို့ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းနှင့် လေထုညစ်ညမ်းမှု လျှော့ချခြင်းတို့သည် ရာသီဥတုဆိုင်ရာလှုပ်ရှားမှု၏ အရေးကြီးသော အစိတ်အပိုင်းများ ဖြစ်ပါသည်။ ထို့အပြင် ရေကို ချွေတာသုံးစွဲခြင်း၊ ပလတ်စတစ်အသုံးပြုမှုလျှော့ချခြင်း၊ ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျခွဲခြားစွန့်ပစ်ခြင်း၊ သဘာဝသစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ထိန်းသိမ်းခြင်းတို့သည်လည်း ရာသီဥတုဆိုင်ရာလှုပ်ရှားမှုတွင် ပါဝင်ပါသည်။




ရာသီဥတုဆိုင်ရာ လှုပ်ရှားမှု၏ အရေးကြီးသောအချက်တစ်ခုမှာ ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးရုံသာမက လူသားတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေးနှင့် လူမှုဘဝအတွက်ပါ အကျိုးကျေးဇူးများစွာကို တစ်ပြိုင်နက် ရရှိစေခြင်း ဖြစ်ပါသည်။ ထိုအကျိုးကျေးဇူးများကို **"ပူးတွဲအကျိုး ကျေးဇူးများ (Co-benefits)"**ဟု ခေါ်ဆိုပါသည်။

**သက်တမ်းတို ရာသီဥတု ညစ်ညမ်းပစ္စည်းများ၏ အခန်းကဏ္ဍနှင့် လေထုညစ်ညမ်းမှု**

လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် တစ်ခုနှင့်တစ်ခု နီးကပ်စွာ ဆက်နွယ်နေပါသည်။ ကားမီးခိုး၊ စက်ရုံမီးခိုး၊ အမှိုက်မီးရှို့ခြင်းနှင့် ထင်း၊ မီးသွေး အသုံးပြုခြင်းတို့မှ ထွက်ရှိသော ညစ်ညမ်းပစ္စည်းများသည် လေထုအရည်အသွေးကို ထိခိုက်စေရုံသာမက ကမ္ဘာကြီး ပူနွေးလာမှုကိုလည်း ပိုမိုဆိုးရွားစေပါသည်။

အထူးသဖြင့် သက်တမ်းတို ရာသီဥတုညစ်ညမ်းပစ္စည်းများ (Short-Lived Climate Pollutants – SLCPs) သည် ယနေ့ကမ္ဘာတွင် ပိုမိုအာရုံစိုက်လာရသော လေထု ညစ်ညမ်းပစ္စည်းများ ဖြစ်ပါသည်။ ယင်းတို့သည် လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ထက် သက်တမ်းတိုသော်လည်း ရာသီဥတုပူနွေးမှုအပေါ် ပြင်းထန်သော သက်ရောက်မှုများ ရှိနိုင်ပါသည်။ အဓိက သက်တမ်းတို ရာသီဥတုညစ်ညမ်းပစ္စည်းများမှာ အနက်ရောင်ကာဗွန်မီးခိုးအမှုန်များ (Black Carbon – BC)၊ မီသိန်း (Methane – $CH_4$)၊ မြေပြင်အနီးရှိ အိုဇုန်း (Tropospheric Ozone – $O_3$)နှင့် ဟိုက်ဒရိုဖလိုရိုကာဗွန်များ (Hydrofluoro-carbons – HFCs) တို့ ဖြစ်ပါသည်။

သက်တမ်းတို ရာသီဥတုညစ်ညမ်းပစ္စည်းများ၏ ထူးခြားသောအချက်မှာ ယင်းတို့သည် လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ကဲ့သို့ နှစ်ရာချီ မတည်ရှိဘဲ အချိန်တိုအတွင်းသာ တည်ရှိနေခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် အနက်ရောင်ကာဗွန်မီးခိုးအမှုန်များသည် လေထုထဲတွင် ရက်သတ္တပတ် အနည်းငယ်သာ တည်ရှိနိုင်ပြီး အိုဇုန်းသည် နာရီပိုင်းမှ ရက်ပိုင်းအထိသာ တည်ရှိနိုင်ပါသည်။ မီသိန်းသည် ပျမ်းမျှအားဖြင့် ၁၂ နှစ်ခန့် တည်ရှိနိုင်ပြီး ဟိုက်ဒရိုဖလိုရိုကာဗွန်အချို့မှာ ၁၅ နှစ်ခန့်အထိ တည်ရှိနိုင်ပါသည်။ ထို့ကြောင့် သက်တမ်းတို ရာသီဥတုညစ်ညမ်းပစ္စည်းများကို လျှော့ချနိုင်ပါက လေထုအရည်အသွေးနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် အချိန်တိုအတွင်းအကျိုးသက်ရောက်မှုကောင်းများ ရရှိနိုင်ပါသည်။

**အနက်ရောင်ကာဗွန်မီးခိုးအမှုန်များ**

အနက်ရောင်ကာဗွန်မီးခိုးအမှုန်များသည် ထင်း၊ မီးသွေး၊ ဒီဇယ်အင်ဂျင်၊ အမှိုက်မီးရှို့ခြင်းနှင့် တောမီးလောင်ခြင်းတို့ကဲ့သို့ လောင်စာများ မပြည့်စုံစွာ လောင်ကျွမ်းရာမှ ထွက်ရှိသော အလွန်သေးငယ်သည့် မီးခိုးအမှုန်များ ဖြစ်ပါသည်။ ယင်းသည် Particulate Matte 2.5 ($PM_{2.5}$)၏ **အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး** အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အဆုတ်အတွင်းပိုင်းအထိ အလွယ်တကူဝင်ရောက်နိုင်သောကြောင့် အသက်ရှူလမ်းကြောင်းနှင့် နှလုံးဆိုင်ရာရောဂါများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့အပြင် နေရောင်ခြည်အပူကို စုပ်ယူနိုင်သောကြောင့် ကမ္ဘာကြီးပူနွေးလာမှုကိုလည်း ပိုမိုဆိုးရွားစေပါသည်။

**မီသိန်း**

မီသိန်းသည် အမှိုက်ပုံများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ အများဆုံး ထွက်ရှိပြီး လေထုထဲတွင် ပျမ်းမျှအားဖြင့် ၁၂ နှစ်ခန့် တည်ရှိနိုင်ပါသည်။ ယင်းသည် နှစ် ၁၀၀ ကာလအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ထက် အပူဖမ်းယူနိုင်စွမ်း (Global Warming Potential – GWP) ၂၈ ဆခန့် ပိုမိုမြင့်မားပြီး နှစ် ၂၀ ကာလတိုအတွင်းတွင်မူ အဆ ၈၀ ကျော်အထိ ပိုမိုပြင်းထန်သော အပူဖမ်းယူနိုင်စွမ်းရှိပါသည်။ ထို့အပြင် မီသိန်းသည် မြေပြင်အနီးရှိ အိုဇုန်းဖြစ်ပေါ်လာစေရန်လည်း အထောက်အကူပြုသောကြောင့် လေထုအရည်အသွေးနှင့် ရာသီဥတုပြောင်းလဲမှု နှစ်ခုစလုံးအတွက် အရေးကြီးသော ညစ်ညမ်းဓာတ်ငွေ့တစ်မျိုး ဖြစ်ပါသည်။

**မြေပြင်အနီးရှိ အိုဇုန်း**

မြေပြင်အနီးရှိ အိုဇုန်းသည် ယာဉ်မီးခိုးနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိသော ဓာတ်ငွေ့များ နေရောင်ခြည်နှင့် ဓာတ်ပြုရာမှ ဖြစ်ပေါ်လာသော လေထုညစ်ညမ်းပစ္စည်းဖြစ်ပါသည်။ ယင်းသည် လေထုအတွင်း နာရီပိုင်းမှ ရက်ပိုင်းအထိ တည်ရှိနိုင်ပြီး နေပူပြင်း၍ လေထုငြိမ်သက်သော အခြေအနေများတွင် သီတင်းပတ် အနည်းငယ်အထိ ဆက်လက်တည်ရှိနိုင်ပါသည်။ လေထုအတွင်း အချိန်တိုသာ တည်ရှိသော်လည်း လူသားတို့၏ ကျန်းမာရေး၊ သဘာဝအပင်များနှင့် သီးနှံအထွက်နှုန်းများအပေါ် ဆိုးကျိုးများစွာ သက်ရောက်စေနိုင်ပါသည်။

**ဟိုက်ဒရိုဖလိုရိုကာဗွန်များ**

ဟိုက်ဒရိုဖလိုရိုကာဗွန်များသည် လေအေးပေးစက်များ၊ ရေခဲသေတ္တာများနှင့် အအေးပေးစနစ်များတွင် အသုံးပြုသော ဓာတ်ငွေ့များဖြစ်ပါသည်။ ယင်းတို့သည် လေထုထဲတွင် ၁၅ နှစ်ခန့် တည်ရှိနိုင်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ထက် ကမ္ဘာ့ပူနွေးမှုအလားအလာ (GWP) အဆပေါင်း ထောင်နှင့်ချီ၍ ပိုမိုမြင့်မားသော အစွမ်းထက် မှန်လုံအိမ်ဓာတ်ငွေ့များ ဖြစ်ပါသည်။

သက်တမ်းတို ရာသီဥတုညစ်ညမ်းပစ္စည်းများသည် လေထုထဲတွင် သက်တမ်းတိုသော်လည်း ရာသီဥတုပြောင်းလဲမှုနှင့် လေထုညစ်ညမ်းမှုအပေါ် တစ်ပြိုင်နက် သက်ရောက်မှုရှိသော အရေးကြီးသည့် ညစ်ညမ်းပစ္စည်းများ ဖြစ်ပါသည်။ အထူးသဖြင့် အနက်ရောင်ကာဗွန်မီးခိုးအမှုန်များသည် WHO Global Air Quality Guidelines တွင် ပါဝင်သော အရေးကြီးသည့် လေထုအရည်အသွေး Parameter တစ်ခုဖြစ်သည့် $PM_{2.5}$ ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး Methane သည် လေထုထဲတွင် ဓာတုတုံ့ပြန်မှုများမှတစ်ဆင့် အိုဇုန်းဖြစ်ပေါ်မှုကို အားပေးသော အကြိုဓာတ်ပစ္စည်း (Precursor) တစ်ခုဖြစ်ပါသည်။

ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယ်ယူပို့ဆောင်ရေး၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ အမှိုက်မီးရှို့ခြင်းနှင့် လောင်စာမပြည့်စုံစွာ လောင်ကျွမ်းမှုတို့မှ ထွက်ရှိသော သက်တမ်းတို ရာသီဥတုညစ်ညမ်းပစ္စည်းများကို လျှော့ချခြင်းသည် $PM_{2.5}$ နှင့် အိုဇုန်းကဲ့သို့သော ကျန်းမာရေးကို ထိခိုက်စေနိုင်သော အရေးကြီးသည့် လေထုညစ်ညမ်းပစ္စည်းများကိုလျှော့နည်းစေပြီး မိမိတို့နိုင်ငံ၏ အခြေခံလေထုအရည်အသွေး ကောင်းမွန်လာစေရန် တိုက်ရိုက်အထောက်အကူပြုနိုင်ပါသည်။

ထိုသို့လျှော့ချနိုင်ခြင်းကြောင့်လေထုအတွင်း $PM_{2.5}$ နှင့် မြေပြင်အနီးရှိ အိုဇုန်း ($O_3$) ပမာဏများ လျော့နည်းလာကာ ၎င်းတို့ကြောင့် ဖြစ်ပွားနိုင်သော ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ နှလုံးနှင့်သွေးကြောဆိုင်ရာ ရောဂါများအပြင် လေဖြတ်နိုင်ခြေကိုပါ တိုက်ရိုက်လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ သက်တမ်းတို ရာသီဥတုညစ်ညမ်းပစ္စည်းများကို ထိရောက်စွာ လျှော့ချခြင်းသည် လေထုအရည်အသွေးကို မြှင့်တင်ပေးရုံသာမက လူသားတို့၏ ကျန်းမာရေးကို ကာကွယ်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချခြင်းတို့အတွက်ပါ တစ်ပြိုင်နက် အကျိုးရှိစေသော ရာသီဥတုဆိုင်ရာလှုပ်ရှားမှုတစ်ရပ် ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့

**"ရာသီဥတုဆိုင်ရာလှုပ်ရှားမှုများသည် စီးပွားရေးနှင့် စိုက်ပျိုးရေးကဏ္ဍများအတွက်လည်း အရေးကြီးသော အကျိုးကျေးဇူးများရရှိစေပါသည်။ လူသားများ ကျန်းမာလာသောကြောင့် အလုပ်ပျက်ကွက်မှု လျော့နည်းလာပြီး လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နိုင်စွမ်းများ တိုးတက်လာနိုင်ပါသည်။ ထို့အပြင် မြေပြင်အနီးရှိ အိုဇုန်းလျော့နည်းလာပါက သီးနှံများပျက်စီးမှု လျော့နည်းလာပြီး စားရေရိက္ခာဖူလုံရေးကို အထောက်အကူပြုပါသည်။ ရာသီဥတုဆိုင်ရာလှုပ်ရှားမှုများကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် အပူလှိုင်းဖြစ်ပေါ်မှုများကို လျှော့ချနိုင်ပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကုန်ကျစရိတ်များကိုလည်း သက်သာစေနိုင်"**

## ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်လင်လေးမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံနေမှု ကြည့်ရှုအားပေး



လွိုင်ကော် မေ ၂၇

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော်နှင့် ဒေသကွပ်ကဲရေးမှူး တို့သည် ယနေ့ နံနက်ပိုင်းတွင် လွိုင်လင်လေးမြို့ သာသနာ့ ရောင်ခြည် ကျောင်းတိုက်သို့ ရောက်ရှိပြီး ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းတိုက်အမိုးနှင့် မျက်နှာကြက် ပြန်လည်ပြုပြင်နိုင်ရေး အတွက် သက်ဆိုင်ရာတာဝန်ရှိသူ များနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ လွိုင်လင်လေး တိုက်နယ်ဆေးရုံ၌ ဆေးရုံတက် ရောက်ဆေးကုသမှု ခံယူလျက်ရှိ သည့် လူနာများကို တွေ့ဆုံ အားပေးစကား ပြောကြားကာ ဖြည့်စွက် အာဟာရအတွက် ထောက်ပံ့ငွေများ ပေးအပ်ပြီး ကုန်းဆွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းဆောင်များ ပြန်လည်ပြုပြင်နိုင်ရန်နှင့် ကျေးရွာနေပြည်သူများက ကျေးရွာအတွင်း လျှပ်စစ်မီးရရှိရေးနှင့် ကျေးလက်ကျန်းမာရေးဌာန ပြန်လည်ဖွင့်လှစ်ပေးနိုင်ရန် တင်ပြမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နွားလပိုးအခြေခံပညာ အထက်တန်းကျောင်း၊ ပဒါးညေးအခြေခံပညာ မူလတန်းကျောင်းနှင့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းများ သို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်မှ အခမဲ့ပေးအပ်သည့် ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ပြည်နယ်(ပြန်/ဆက်)

## သံအမတ်ကြီး ဦးထွန်းအောင်ကျော် အား နီကာရာဂွါသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် မေ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးထွန်းအောင်ကျော် အား နီကာရာဂွါသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်း ခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး အဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ သတင်းစဉ်

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မေ ၂၈

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

## ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

*စာမျက်နှာ ၆ မှ*

### ရာသီဥတုဆိုင်ရာလှုပ်ရှားမှုမှ ရရှိလာမည့် အဓိက ပူးတွဲအကျိုးကျေးဇူးများ

(က) **လေထုအရည်အသွေး ပိုမိုကောင်းမွန်လာခြင်း–** $PM_{2.5}$၊ အနက်ရောင်ကာဗွန်မီးခိုးအမှုန်များနှင့် မြေပြင်အနီးရှိ အိုဇုန်း ($O_3$)တို့ကို လျှော့ချခြင်းဖြင့် မီးခိုးမြူငွေ့များ လျော့နည်းလာကာ လေထုသည် ပိုမိုသန့်ရှင်းလာပါသည်။ ထို့ကြောင့် မြို့ပြဒေသများတွင် အမြင်အာရုံ ကြည်လင်ရှင်းလင်းမှု ကောင်းမွန်လာပြီး လူသားများ၏ လူမှုဘဝအရည်အသွေးလည်း တိုးတက်လာနိုင်ပါသည်။

( ခ ) **လူသားတို့၏ ကျန်းမာရေးအတွက် အကျိုးကျေးဇူးများ–** သန့်ရှင်းသော လေထုသည် ကလေးများ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နာတာရှည်ရောဂါရှိသူများအတွက် အထူးအရေးကြီးပါသည်။ ရာသီဥတုဆိုင်ရာလှုပ်ရှားမှုကို အကောင်အထည်ဖော်ခြင်းဖြင့် ပန်းနာရင်ကျပ်ရောဂါ၊ အဆုတ်ရောဂါ၊ နှလုံးနှင့် သွေးကြောဆိုင်ရာ ရောဂါများနှင့် လေဖြတ်နိုင်ခြေများ လျော့ကျစေနိုင်ပြီး ကျန်းမာရေးစရိတ်များကိုလည်း သက်သာစေနိုင်ပါသည်။ ထို့အပြင် မီးခိုးနည်းမီးဖိုများနှင့် သန့်ရှင်းသော ချက်ပြုတ်မှုနည်းပညာများကို အသုံးပြုခြင်းဖြင့် အိမ်တွင်းလေထုညစ်ညမ်းမှုကို လျှော့ချနိုင်ပြီး အထူးသဖြင့် အမျိုးသမီးများ၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးကို ပိုမိုကာကွယ်ပေးနိုင်ပါသည်။

( ဂ ) **စီးပွားရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အကျိုးကျေးဇူးများ–** ရာသီဥတုဆိုင်ရာ လှုပ်ရှားမှုများသည် စီးပွားရေးနှင့် စိုက်ပျိုးရေးကဏ္ဍများအတွက်လည်း အရေးကြီးသော အကျိုးကျေးဇူးများ ရရှိစေပါသည်။ လူသားများ ကျန်းမာလာသောကြောင့် အလုပ်ပျက်ကွက်မှု လျော့နည်းလာပြီး လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နိုင်စွမ်းများ တိုးတက်လာနိုင်ပါသည်။ ထို့အပြင် မြေပြင်အနီးရှိ အိုဇုန်းလျော့နည်းလာပါက သီးနှံများ ပျက်စီးမှုလျော့နည်းလာပြီး စားရေရိက္ခာဖူလုံရေးကို အထောက်အကူပြုပါသည်။ ရာသီဥတုဆိုင်ရာလှုပ်ရှားမှုများကြောင့် ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် အပူလှိုင်း ဖြစ်ပေါ်မှုများကို လျှော့ချနိုင်ပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကုန်ကျစရိတ်များကိုလည်း သက်သာစေနိုင်ပါသည်။




### လူတစ်ဦးချင်းစီမှ စတင်ဆောင်ရွက်နိုင်သော ရာသီဥတုဆိုင်ရာလှုပ်ရှားမှုများ

ရာသီဥတုဆိုင်ရာ လှုပ်ရှားမှုသည် ကြီးမားသော စီမံကိန်းများမှသာ စတင်ရမည့်အရာ မဟုတ်ပါ။ မိမိအိမ်၊ မိမိရုံးနှင့် မိမိရပ်ကွက်အတွင်းမှ စတင်နိုင်သော လုပ်ဆောင်ချက်များစွာရှိပါသည်။

- အမှိုက်မီးရှို့ခြင်းကို ရှောင်ကြဉ်ပါ။
- စွမ်းအင်ချွေတာပြီး LED မီးနှင့် စွမ်းအင်သက်သာသော လျှပ်စစ်ပစ္စည်းများ အသုံးပြုပါ။
- လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်းနှင့် အများပြည်သူသုံးယာဉ်များ အသုံးပြုပါ။
- သစ်ပင်စိုက်ပျိုးပြီး သစ်တောများ ထိန်းသိမ်းပါ။
- အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်ပြီး 3R စနစ်ဖြစ်သော လျှော့ချသုံးစွဲခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် ပြန်လည်ပြုပြင်အသုံးချခြင်းတို့ကို ကျင့်သုံးပါ။
- ထင်းနှင့် မီးသွေးအစား သန့်ရှင်းသော ချက်ပြုတ်နည်းပညာများ အသုံးပြုပါ။
- ရေကို ချွေတာသုံးစွဲပါ။
- လေထုအရည်အသွေး စောင့်ကြည့်ခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ မြှင့်တင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပါ။
- ရာသီဥတုဆိုင်ရာ လှုပ်ရှားမှုအကြောင်း အသိပညာများ မျှဝေပါ။

ထိုသို့သောသေးငယ်သည့်လုပ်ဆောင်ချက်တစ်ခုချင်းစီသည် လူအများစု ပူးပေါင်းပါဝင်လာသောအခါ လေထုအရည်အသွေးကောင်းမွန်ရေး၊ လူသားတို့၏ ကျန်းမာရေးကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက် ကြီးမားသော အကျိုးသက်ရောက်မှုကို ဖန်တီးပေးနိုင်ပါသည်။

ရာသီဥတုဆိုင်ရာ လှုပ်ရှားမှုသည် အစိုးရများနှင့် အဖွဲ့အစည်းများ၏တာဝန်သာမက လူတိုင်း၏ နေ့စဉ်ဘဝတွင်ပါဝင်ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်လည်း ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းသည် ကမ္ဘာကြီးအတွက်သာမက ကျွန်ုပ်တို့၏ ကျန်းမာရေး၊ မိသားစုဘဝ၊ စီးပွားရေးနှင့် အနာဂတ်မျိုးဆက်များအတွက်ပါ အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်ပါသည်။ သန့်ရှင်းသော လေထုရရှိရေးအတွက် လုပ်ဆောင်မှုတိုင်းသည် ရာသီဥတုကို ကာကွယ်ပေးနိုင်ပြီး ကျန်းမာသော လူ့အဖွဲ့အစည်းကို တည်ဆောက်ပေးနိုင်ပါသည်။

ယနေ့ ကျွန်ုပ်တို့ ရှူရှိုက်နေသော လေထုအရည်အသွေး ကောင်းမွန်အောင် လုပ်ဆောင်ခြင်းသည် မနက်ဖြန်၏ ကမ္ဘာမြေကို ကာကွယ်စောင့်ရှောက်ခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် **“ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့”** ဆိုသည့် စိတ်ဓာတ်ဖြင့် လူတိုင်း ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းနှိုးဆော်တင်ပြပါသည်။

**“သန့်ရှင်းသောလေထုမှ စတင်သော ရာသီဥတုဆိုင်ရာလှုပ်ရှားမှု တိုင်းသည် ကျန်းမာသော လူ့အသိုင်းအဝိုင်းနှင့် သာယာလှပသော ကမ္ဘာကြီးကို ဖန်တီးပေးနိုင်ပါသည်။”**

ကျမ်းကိုးစာရင်း
World Health Organization (WHO) – Air Pollution and Health, Black Carbon and Health Effects
Climate and Clean Air Coalition (CCAC) – Short–Lived Climate Pollutants (SLCPs)
Climate and Clean Air Coalition (CCAC) – Black Carbon Sources and Impacts
UNEP/CCAC Global Methane Assessment (2021)
United States Environmental Protection Agency (U.S. EPA) – Ground–level Ozone Pollution
World Meteorological Organization (WMO) – Greenhouse Gases and Climate Change
IPCC (2023). AR6 Synthesis Report: Climate Change 2023. Intergovernmental Panel on Climate Change.



## မွန်ပြည်နယ်ဝန်ကြီးချုပ် မုဒုံမြို့နယ်၌ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံနေမှုအခြေအနေကြည့်ရှုအားပေး

**မော်လမြိုင် မေ ၂၇**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မုဒုံမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံနေမှုအခြေအနေနှင့် ကျောင်းပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လမင်းစီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာနမှ e- ID စနစ်ဖြင့် UID ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေမှု အခြေအနေကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အဆိုပါကျောင်းအတွင်း ကျောင်းသုံးစာအုပ်များ၊ ဗလာစာအုပ်များ ဖြန့်ဝေပေးနိုင်ရေးဆောင်ရွက်နေမှု အခြေအနေနှင့် ရှင်အရဟံစိန်ရတုကျောင်းစာကြည့်တိုက်ကို လည်းကောင်း၊ မုဒုံမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံနေမှုအခြေအနေနှင့် ကျောင်းပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မုဒုံမြို့နယ် ကျုံဖိုက်ကျေးရွာရှိ Sri Trang Ayeyar Rubber Industry Co.,Ltd. ၏အဆင့်မြင့်ရော်ဘာထုတ်လုပ်ရေးစက်ရုံ လည်ပတ်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာ ဖဲကြိုးဖြတ်ဖွင့်လှစ်၊ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတက်ရောက်

**စစ်တွေ မေ ၂၇**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ရခိုင်ပြည်နယ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာ ဖွင့်လှစ်ခြင်းနှင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှေ့နှင့် ခန်းမတို့၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဦးဥတ္တမခန်းမ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ရခိုင်ပြည်နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကိုကျင်းပရာ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပညာ့ဥယျာဉ်" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများကိုပေးအပ်ကြသည်။

ဆက်လက်၍ စစ်တွေမြို့နယ် ရေချမ်းပြင် ပုစွန်သားပေါက်စခန်းသို့သွားရောက်ရှိပြီး သားဖောက်ရုံ၊ ပိုးသတ်ကန်နှင့် မွေးမြူရေးမြေသားကန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးတိုင်း(အနောက်ခြမ်း) စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**ပဲခူး မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦး၊ တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်း (အနောက်ခြမ်း) နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ဖလံကုန်းကျေးရွာအုပ်စု၌ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းတိုးတက်ရရှိစေရေးနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး သစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်မျိုးစေ့ ကြဲပက်စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ထို့နောက် ပေါင်းတည်မြို့နယ် နတ်ပုတီးကျေးရွာအုပ်စု၌ ရေဆင်းပေါ်ဆန်း(၁) မျိုးသန့်မျိုးပွားစံပြကွက်၌ မျိုးကွဲနုတ်ပယ်ခြင်းနှင့် ဇီးကုန်းမြို့ အမှတ်(၁) ရပ်ကွက်ရှိ ဦးမျိုးလွင်ဦး၏ Winner သဘာဝမြေဩဇာ ထုတ်လုပ်ရေးအလုပ်ရုံတို့ကို ကြည့်ရှုအားပေးသည်။



ယင်းနောက် လက်ပံတန်းမြို့ မအူကုန်းရပ်ကွက်ရှိ ဦးမြတ်ကျော်၏ ငါးအစာတောင့် ထုတ်လုပ်ရေးအလုပ်ရုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက ငါးအစာတောင့် ထုတ်လုပ်မှု အဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရှေးဦးအရွယ် ကလေးလူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

**တံတားဦး မေ ၂၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ မူလတန်းဆရာ ဆရာမများအတွက် ရှေးဦးအရွယ် ကလေးလူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်(မြို့နယ်အဆင့်) သင်တန်းဆင်းပွဲကို ယမန်နေ့က တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုမြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းလက်စွဲစာအုပ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးထံသို့ ပေးအပ်သည်။ ဆက်လက်၍ တံတားဦးခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးထံသို့ ပေးအပ်ပြီး ဘလဲ့ဘကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**





ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့နယ်တွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုဦး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ မေ ၂၅ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပြီး မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ ခရိုင်(ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ မြို့မဈေးကြီးရှေ့၌ မီးငြိမ်းသတ်ရေးသရုပ်ပြသခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို မီးသတ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးဌာနတို့ ပူးပေါင်း၍ မေ ၂၇ ရက်က ဆောင်ရွက်ရာ ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းနှင့်အဖွဲ့က ဈေးသူဈေးသားများအား မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသစဉ်။ လွိုင်လင်မိုး



## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် မေ ၂၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# ၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



**နေပြည်တော် မေ ၂၇**

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ နယ်မြေခံ ရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော အမှတ်(၁)ဗျူဟာစစ်ရေယာဉ်စု အသင်းတို့အား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများကတံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် မေ ၁၉ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသားများ ရန်ကုန်မြို့အတွင်းလေ့လာရေးများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၇**

အခြေခံ လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများသည် ရန်ကုန်စစ်ကြောရေးနှင့်တည်းခိုရေးစခန်းတွင် တည်းခိုနေထိုင်၍ ရန်ကုန်မြို့အတွင်း လေ့လာရေးခရီးစဉ်များ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ခြင်းနှင့် ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက် (ရန်ကုန်) သို့ သွားရောက် လေ့လာခြင်းများ ဆောင်ရွက်ကြသည်။



နံနက်ပိုင်းတွင် လေကြောင်းလူငယ် သင်တန်းသားများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ခဲ့ကြရာ ရင်ပြင်တော်တောင်ဘက်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းတွင် တာဝန်ရှိသူများက စေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်နှင့် ဗုဒ္ဓစွယ်တော်ပွားတို့အား လှည့်လည်ဖူးမြော် ကြည်ညိုခဲ့ကြပြီး ဗုဒ္ဓပြတိုက်နှင့် ဓာတ်ပုံပြခန်းတို့အား ကြည့်ရှုလေ့လာခြင်း၊ ရှေးဟောင်း ကြေးဆင်းတုတော်များ၊ ခေတ်အဆက်ဆက်ဗိသုကာလက်ရာများ၊ တန်ဆောင်းအတွင်းရှိ ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ်များ၌ ထုဆစ်ကိုးကွယ်ခဲ့ကြသော ဗုဒ္ဓရုပ်ပွားတော်များအား လေ့လာဖူးမြော်ခြင်းများ ဆောင်ရွက်ကြသည်။ ယင်းနောက် လေကြောင်းလူငယ် သင်တန်းသားများက စုပေါင်းအလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် လေကြောင်းလူငယ် သင်တန်းသားများသည် ပြည်သူ့ရင်ပြင်ရှိအာကာသပြတိုက် (ရန်ကုန်)သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် သင်တန်းသားများသည် အာကာသပြတိုက်အတွင်းရှိ GOTO Planetarium Analog Projection System အားလေ့လာခြင်း၊ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ ခရုပတ်ပုံစံပြခန်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အာကာသအတွင်းသို့ ခေတ်အဆက်ဆက် လွှတ်တင်ခဲ့ကြသည့် ဒုံးပျံများနှင့် အာကာသယာဉ်ပုံစံငယ်များ၊ အာကာသအတွင်း လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုပုံစံငယ်များ၊ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ဒုံးပျံလွှတ်တင်မှု သရုပ်ပြသမှုများ၊ Reentry Capsule အာကာသယာဉ်ပုံစံနှင့် VR Simulator ပုံစံတို့အား လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ယင်းနောက် PLANE-TARIUM ROOM ပင်မပြခန်းဆောင်တွင် သိပ္ပံပညာနှင့် အာကာသဆိုင်ရာ ရှာဖွေတွေ့ရှိချက် များစွာကို အသက်ဝင် လှုပ်ရှားနေသည့် ပြကွင်းပြကွက်များဖြင့် ပြသခဲ့ရာ သင်တန်းသားများက စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို မေ ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ယာယီရဲမှူးမြင့်ခင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးက တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် အခွန်ဆိုင်ရာသိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



**မြတ်မြတ်အေး(ပြန်/ဆက်)**

# ရွှေကျင်မြို့နယ်၌ အခွန်အသိပညာပေးဆွေးနွေး

**ရွှေကျင် မေ ၂၇**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာဟိန်းနှင့် ရွှေကျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က အခွန်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်အကြောင်းအရာသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**



# ကော့သောင်းမြို့နယ်၌ မူခင်းကျဆင်းရေးအသိပညာပေး



**ကော့သောင်း မေ ၂၇**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့၌ ကော့သောင်းမြို့နယ်ရဲတပ်ဖွဲ့မှ မှုခင်းလျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ပုလုံးတုံတုံးကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် စိုးမင်းသူနှင့် တာဝန်ရှိသူများက မှုခင်းများလျော့နည်းစေရေးအတွက် ဆောင်ရွက်နေမှုများ၊ ဖြစ်ပွားမှုခင်းများကို ဖော်ထုတ်ဖမ်းဆီး တရားစွဲတင်မှုအခြေအနေများ၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော အမှုကြီးများ ဖော်ထုတ် ဖမ်းဆီးရမိမှုများနှင့် မူးယစ်ဆေးဝါး ဖော်ထုတ်ဖမ်းဆီးရမိမှုများကို ရှင်းလင်းဟောပြောခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# အတိတ်သမိုင်းကြောင်းမှ ပခုံးပြောင်း အမျိုးသားရေးတာဝန်

**လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကို အဓိက တည်ဆောက်ကြရပါလိမ့်မည်။ မှား / မှန်ပိုင်းခြားပညာအား စာဖြင့် ပညာယူရပါ လိမ့်မည်။ အကောင်း/ အဆိုး၊ အကြောင်းအကျိုး၊ အမှား/ အမှန်ဝေခွဲနိုင်ပြီး အကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် ဖြစ်သည်။**

ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်(ငြိမ်း)

ကောင်းမှုများပို၍ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းဖြင့် မကောင်းမှု အဖျက်အမှောင့်လုပ်ငန်းများ ရပ်တန့်သွားမည်။ နိုင်ငံသားတိုင်း ပညာတတ်နှလုံးလှကြပြီဆိုလျှင် သဘာဝသယံဇာတများက ပို၍တန်ဖိုးရှိလာမည်။ လူနှင့်တကွ ဂေဟာစနစ်ကြီးက ရေရှည်တည်တံ့ဖွံ့ဖြိုးလျက် ထာဝရအကျိုးပြုတန်ဖိုးရှိလာမည်။ ပညာဉာဏ်မရှိ အတတ်ပညာမဲ့ "လူထု"များက သာမန်အသိ (Common Sense) ကိုပင် မရှိသလိုဖြစ်နေသည်။ ဘေးဒုက္ခများနှင့် မကြုံကြိုက်ရန် ကြိုတင်တွက်ဆနိုင်သော အသိဉာဏ်က အလိုအပ်ဆုံးဖြစ်ပါသည်။

အို. . . မြန်မာတို့ . . .

ကိုယ့်သမိုင်းကိုကိုယ်ကြည့်၊ အစစအရာရာ ဖြစ်ပေါ်ပြောင်းလဲမှုကိုကြည့်၊ သင်ခန်းစာယူပြီး မျိုးဆက်သစ်များကို ကောင်းမွေပေးနိုင်ရန် လုပ်ကြရပေလိမ့်မည်။

သမိုင်းကြောင်း အထောက်အထားများကို လေ့လာဆန်းစစ်မည်ဆိုလျှင် အထွေထွေနောက်ကျခြင်းများအနက် ပညာရေးကို တွေ့ရသည်။ မြန်မာနိုင်ငံသည် ကိုလိုနီလက်အောက်ပညာရေးကိုသာ ရရှိခဲ့ခြင်း၊ ဒုတိယကမ္ဘာစစ်ဘေးဒဏ်ခံခဲ့ရခြင်း၊ ခေတ်အဆက်ဆက်သမိုင်းကြောင်းတွင် နိုင်ငံရေးဆိုင်ရာ ပဋိပက္ခဖြစ်ပွားမှုများအကြား ပညာရေးလမ်းကြောင်းဖြောင့်တန်းစွာ လျှောက်လှမ်းရန် အဟန့်အတားများနှင့် ကြုံတွေ့ခဲ့ကြရခြင်း စသည်ဖြင့် ပညာရေးနှင့် ဝေးခဲ့ရသည်။ နီတိကျမ်းဂန်တို့နှင့် အလှမ်းကွာဝေးခဲ့ရသည်။

အတန်းပညာ၊ အသိပညာအားနည်းပြီး အခြားသူများ၏ သွေးထိုးလှုံ့ဆော်မှုများကို စဉ်းစားတွေးခေါ်ဆင်ခြင်မှုများမရှိဘဲ လုပ်ဆောင်ကြခြင်းကြောင့် နိုင်ငံတည်ငြိမ်မှုပျက်ပြားခဲ့ရကြောင်း တွေ့ရသည်။ ယခုလည်း တချို့ဒေသများမှာဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ကျောင်းသားအရွယ်လူငယ်များ၏ ပညာသင်ကြားခွင့် ဆုံးရှုံးနေရသည်။ ယနေ့ခေတ်အခါတွင် ကိုယ့်ကျောင်းပရဝဏ်ထဲသို့ စနစ်တကျ ရောက်ရှိလာသည့်ကလေး၊ ကိုယ့်ပရဝဏ်ထဲ၊ ကိုယ့်အရိပ်အာဝါသထဲသို့ ရောက်လာသည့်ကလေး၏ဘက်စုံဖွံ့ဖြိုးရေးကိစ္စက အမျိုးသားရေးတာဝန်ပင် ဖြစ်ပါသည်။

**အချက်အလက် ကိန်းဂဏန်းများ**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ နိုင်ငံလူဦးရေ၏ စာတတ်မြောက်သူမှာ ၉၁ ဒသမ ၁ ရာခိုင်နှုန်း ကျော်ရှိသော်လည်း အခြေခံပညာမူလတန်းအဆင့် တတ်မြောက်အောင်မြင်သူများပြားပြီး အထက်တန်းအဆင့်နှင့် တက္ကသိုလ် အဆင့်တတ်မြောက်သူ နည်းပါးသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းတို့နှင့် နှိုင်းယှဉ်လေ့လာကြည့်ပါက ပညာရေးမြှင့်တင်ရန် လိုအပ်ချက် ကြီးမားသည်ကို တွေ့ရသည်။ ပန်းမန်တို့ကြီးထွားပြီး လှပစွာဖူးပွင့်နိုင်ရန် ရေ၊ မြေ၊ လေနှင့် နေရောင်ခြည် လိုအပ်သကဲ့သို့ လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခု ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် နေရောင်ခြည်နှင့် အလားသဏ္ဌာန်တူသော လူ့စွမ်းအားအရင်းအမြစ်၊ စာတတ်ပေတတ်ပညာတတ်၊ အသိပညာ၊ အတတ်ပညာ မြင့်မားသည့် လူကောင်းလူတော်များ လိုအပ်လျက် ရှိပါသည်။

**ပညာရေးကဏ္ဍ တိုးတက်ရေး**

၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၈၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်တွင်လည်း ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်ကျော်တွင် ပညာရေးကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် သုတေသနစွမ်းရည်မြှင့်တင်သည့် ရှေ့ပြေးတက္ကသိုလ်များကို တည်ဆောက်၍ အဓိကအားဖြင့် Naypyitaw State Academy၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့တွင် Research and Innovation များကို ရှေ့ပြေးတက္ကသိုလ်များအဖြစ် သတ်မှတ်ဆောင်ရွက်မည်၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလအတွင်း နိုင်ငံတော်ဘဏ္ဍာငွေ၏ ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခြင်းသည် သင်ကြားသင်ယူမှုဖြင့် အသိပညာ အတတ်ပညာကို ထိထိမိမိရရှိရေး၊ သင်ယူမှုကို မြတ်နိုးသူ၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသူသည် နိုင်ငံတစ်နိုင်ငံ၏ သန်းပေါင်းများစွာသော လူထု၏ အသက်အိုးအိမ်စည်းစိမ်တွေကို ကြီးမားစွာ ပြောင်းလဲစေလိမ့်မည်။ နိုင်ငံတော်၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ရာ ပညာရေးလောကသားများအနေဖြင့် ဝမ်းသာအားရ ဖြစ်ရပါသည်။

> **"အသိပညာ၊ အတတ်ပညာပြည့်စုံသော လူတော်လူကောင်းများဖြင့်သာ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောအောင် စွမ်းဆောင်နိုင်မည်ဖြစ်သည်။ ကိစ္စကြီးငယ်ကို ကြည်လင်စွာ ထဲထဲဝင်ဝင် စဉ်းစားနိုင်သော လူထုက အကောင်းဆုံး၊ အမှန်ကန်ဆုံးသောအဆုံးအဖြတ်ကို ပြုနိုင်သည်။ ပညာလည်းပြည့်ဝ၊ နှလုံးလည်းလှသည့် လူ့အဖွဲ့အစည်းက နိုင်ငံတော်ဖွံ့ဖြိုး၊ အေးချမ်း၊ သာယာဝပြောအောင် ဆောင်ကြဉ်းနိုင်မည်"**

**၂၁ ရာစုသည် ပညာခေတ်**

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်သည်။ ၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာသည် အရာရာကို ပိုင်းဖြတ်လျက်ရှိသည်။ အရည်အသွေးမီပညာရေးသည် ပြည်သူလူထုအတွင်း ရောက်နိုင်သည်နှင့်အမျှ အဝိဇ္ဇာဖုံးလွှမ်းမှုများလျော့ပါးလာမည်။ ပြဿနာများကို ပြေလည်စွာဖြေရှင်းနိုင်မည်။ လူမှုဘဝသာယာရေး အခွင့်အလမ်းများ ပွင့်လာမည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်ကို ကျင့်သုံးကြရာဝယ် စဉ်းစားတွေးခေါ်မြော်မြင်နိုင်သည့် လူထုလူတန်းစား၊ ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံသားများ၏ ပညာရေး၊ နိုင်ငံရေးအသိအမြင်ကြွယ်ဝမှု အလွန်ပင် လိုအပ်ပါသည်။

အသိပညာ၊ အတတ်ပညာပြည့်စုံသော လူတော်လူကောင်းများဖြင့်သာ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောအောင် စွမ်းဆောင်နိုင်မည်ဖြစ်သည်။ ကိစ္စကြီးငယ်ကို ကြည်လင်စွာ ထဲထဲဝင်ဝင် စဉ်းစားနိုင်သော လူထုက အကောင်းဆုံး၊ အမှန်ကန်ဆုံးသော အဆုံးအဖြတ်ကို ပြုနိုင်သည်။ ပညာလည်းပြည့်ဝ၊ နှလုံးလည်းလှသည့် လူ့အဖွဲ့အစည်းက နိုင်ငံတော်ဖွံ့ဖြိုး၊ အေးချမ်း၊ သာယာဝပြောအောင် ဆောင်ကြဉ်းနိုင်မည် ဖြစ်သည်။

နိုင်ငံတော်ဘဏ္ဍာငွေ တိုးမြှင့်ရင်းနှီးမြှုပ်နှံခြင်းက ပညာရေးအားနည်းသော ပြည်နယ်များအတွက် အထူးစီမံချက်များချမှတ်ပြီး KG+9 အထိ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အခြေခံပညာအလယ်တန်းတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံဘာသာရပ်များ သင်ကြားရေးနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ရန်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများမှတစ်ဆင့် သင့်တော်သော သိပ္ပံကျောင်းများကို တက္ကသိုလ်၊ ကောလိပ်အဆင့်မြှင့်တင်ခြင်းနှင့် တက္ကသိုလ်များ၊ Polytechnic သိပ္ပံများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်လည်း ဖြစ်သည်။

၁၉၆၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ လူအများစုအတွက် လက်ငင်းအကျိုးပြုမည့် စက်မှုနှင့်စိုက်ပျိုးရေး အားသန်သည့် တက္ကသိုလ်ကောလိပ်များ အလျှင်အမြန် ပေါ်ပေါက်ခဲ့သည်။ နိုင်ငံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး အားထုတ်ခဲ့သည်။ ကမ္ဘာ့အရပ်ရပ်မှ တက္ကသိုလ်များသည် တစ်ထီးတစ်နန်းမဟုတ်၊ ပြည်သူလူထု၏ လိုအပ်ချက်၊ နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်သည့် အားထားဖွယ်အရင်းအမြစ်များ ဖြစ်သည်ကို တွေ့ရပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ပြည်တွင်းငြိမ်းချမ်းမှုရှိသဖြင့် လူအား ငွေအား ပုံအောပြီး ပညာရေးကဏ္ဍအတွက် သုံးနိုင်ခဲ့ကြသည်။

**အားလုံးပူးပေါင်းဆောင်ရွက်**

"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့် စကားအတိုင်း တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပြည်သူအားလုံး ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန်၊ မတူကွဲပြားမှုများကို အားနည်းချက်ဟုမယူဆဘဲ ညှိနှိုင်းဆွေးနွေးအဖြေရှာမှုများနှင့် စွမ်းအားသစ်များရအောင် ကြိုးစားတည်ဆောက်သွားကြရန် လိုပါသည်။ ကွဲပြားသည့်အမြင်၊ ယုံကြည်မှုများက နောက်ခံအမျိုးမျိုးရှိသော်လည်း တစ်မြေတည်းဖွား၊ တိုင်းရင်းသားညီအစ်ကိုများ ဖြစ်သည့်အတွက် နားလည်မှုဖြင့် နိုင်ငံတည်ငြိမ်၊ အေးချမ်း၊ သာယာဝပြောအောင် ကိုယ့်အားကိုယ်ကိုး ပူးပေါင်းဆောင်ရွက်သွားကြရပါမည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီး တည်ဆောက်ရေးတွင် ငြိမ်းချမ်းရေးရရှိရန် မဖြစ်မနေလိုအပ်သည့်အတွက် နိုင်ငံအတွင်းမှာရှိသည့် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပြည်သူများနှင့် တိုင်းရင်းသားအဖွဲ့အစည်းအားလုံး ပူးပေါင်းဖော်ဆောင်ရွက်ကြရပါမည်။

**စီးပွားရေး ဦးမော့လာစေရေး**

နိုင်ငံ့စီးပွားရေး ဦးမော့လာစေရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးအတွက်လည်း အကောင်အထည်ဖော်လျက်ရှိပါသည်။ ပြည်သူများ ကြုံတွေ့နေရသည့် စီးပွားရေးကျပ်တည်းမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းလိုအပ်ချက်များကို ပြေလည်အောင် ပိုမိုဖော်ဆောင်ပြီး နိုင်ငံနှင့်ကိုက်ညီသည့် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဓိကကျသည့်အချက်မှာ ကုန်ထုတ်လုပ်မှု အားနည်းနေခြင်းဖြစ်သည်။ ကမ္ဘာ့ဘဏ်အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေမှုသည် ၃၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ထို့ကြောင့် ကျေးလက်စီးပွားမြှင့်တင်ရေးကို မလွဲမသွေ လုပ်ရပါမည်။

**မြန်မာ့လယ်သမားတို့ ရွှေသီးကြမည်**

မြန်မာနိုင်ငံ၏ စားရေရိက္ခာထုတ်လုပ်မှုဖြစ်စဉ်ကိုကြည့်လျှင် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ သမားရိုးကျ လုပ်ငန်းအတွေ့အကြုံနှင့် နည်းနာများအပေါ်အခြေခံ၍ လုပ်ကိုင်နေရဆဲဖြစ်သည်။ ပြည်သူများ ဆင်းရဲနွမ်းပါးမှုလျော့ချရေး တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေးသည် အဓိကကျသည့် ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ကျေးလက်နေပြည်သူအများစုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပေါ် အဓိကမှီခိုနေရသည်။ ထို့ကြောင့် တောင်သူလယ်သမားများ၏ဘဝမြှင့်တင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ရမည်ဖြစ်သည်။ မြန်မာ့တောင်သူလယ်သမားများအား နည်းပညာဆန်းသစ်မှုဖြင့် ပိုမိုတိုးတက်ထုတ်လုပ်နိုင်သော အဆင့်ရောက်အောင် ကြိုးပမ်းအကောင်အထည်ဖော်ပေးရပါမည်။

ဂျပန်နိုင်ငံသည်ပင်လျှင် စက်မှုနိုင်ငံကြီးတစ်နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးဖြင့် နိုင်ငံစီးပွားအထောက်အကူရအောင် အားပေးဆောင်ရွက်နေသည်ကိုလည်း တွေ့မြင်နိုင်သည်။ လယ်ယာစိုက်ပျိုးရေးက ကုန်ကျစရိတ်မြင့်မားသည့် လုပ်ငန်းဖြစ်သည်။ အမေရိကန်နှင့် ထိုင်းနိုင်ငံတို့မှ ဆန်ကို ဈေးသက်သက်သာသာနှင့် ဝယ်စားနိုင်သော်လည်း သွင်းကုန်အဖြစ်လက်မခံ။ ကိုယ့်အားကိုယ်ကိုးနိုင်ရမည့် သဘောလည်းပါမည်။ နည်းပညာအခြေခံသည့် စိုက်ပျိုးရေးကို ပို၍ပို၍ လှမ်းနေသည်ဟု ခန့်မှန်းရသည်။ မျိုးရိုးဗီဇဂျီနိုန်း (Heredity Genome) ကဲ့သို့သော နည်းပညာ၊ ဇီဝမြေဩဇာကို ကျယ်ကျယ်ပြန့်ပြန့်သုံးနိုင်လျှင် မြန်မာ့လယ်သမားတို့ ရွှေသီးကြမည်ဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

*ကျောဖုံးမှ*

လုပ်ကိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအား ထပ်မံဆောင်ရွက်ခြင်းမပြုနိုင်စေရေး အတွက် အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်း လုပ်ကိုင်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးအား အဆောက်အအုံအမျိုးအစားအလိုက် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံး၊ ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ခွဲခြားသတ်မှတ်၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် လေးထပ် လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်၊ ယန္တရားများ အသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် စုစုပေါင်းအဆောက်အအုံ ကိုးလုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ရာ ဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံ ၆၈ လုံး ကျန်ရှိနေသေးကြောင်းနှင့် ၎င်းတို့အား ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ တရားမဝင် အဆာက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်ဒေသ တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သည့် အဆောက်အအုံများကို တွေ့ရစဉ်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများ အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သရက်ချောင်းမြို့နယ်၌ မူခင်းကျဆင်းရေးအသိပညာပေး

**သရက်ချောင်း မေ ၂၇**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက သရက်ချောင်းမြို့ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ဟောပြောပွဲတွင် သရက်ချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ခင်မောင်လွင်က အမှာစကားပြောကြားပြီးနောက် မူခင်းကြိုတင် ကာကွယ်ရေးနှင့် မူခင်းကျဆင်းရေးအတွက် လိုက်နာ ဆောင်ရွက်သင့်သည့် အချက်များအား အသိပညာပေး ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက အွန်လိုင်းလိမ်လည်မှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**



## အလုံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်တွင် အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုက အဖွင့်အမှာစကား ပြောကြားပြီး အလုံမြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို အခွန်ထမ်းပြည်သူများ ပိုမိုသိရှိနိုင်ရေး အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။ **ယောရော(ပြန်/ဆက်)**



## မှော်ဘီမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေးဆွေးနွေး



**မှော်ဘီ မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် မြို့နယ်အဆင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကာကွယ်နှိမ်နင်းရေး လုပ်ငန်း အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်က မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးမောင်နှင့် မှော်ဘီမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့ကအမှာစကားပြောကြားပြီး မှော်ဘီမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကောင်းမြတ်သူ(မှော်ဘီ)**

*✻ ကျောဖုံးမှ*

ဆီဗွီယာတက်ခ်သည် ပြင်သစ်အိုးပင်းပထမအဆင့်တွင် ဩစတြေးလျတင်းနစ်မယ် အီမာဆင်ဂျုန်းကို ၆-၁၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိထားသည်။ ဆီဗွီယာတက်ခ်သည် ယခုပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ခဲ့သည့် အီတလီအိုးပင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့သော်လည်း ပြိုင်ဘက်ယူကရိန်းတင်းနစ်မယ် အယ်လီနာစဗစ်တိုလီနာကို ရှုံးနိမ့်ပြီး ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ထားသည်။

ဆီဗွီယာတက်ခ်နှင့်အတူ ပြင်သစ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့်သို့ ဂျာမနီတင်းနစ်မယ် တာမာရာကော်ပတ်ချ်၊ ဆွစ်ဇာလန်တင်းနစ်မယ် ဘီလင်ဒါဘင်းဆစ်၊ အမေရိကန်တင်းနစ်မယ် ပေတန်စတန်းစ်တို့ တက်ရောက်နိုင်ခဲ့သည်။ **အောင်ဇော်**

- ■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

*စာမျက်နှာ ၁၀ မှ*

ကောင်းပါပြီ။ ဤဆောင်းပါးကို ယခုလို နိဂုံးချုပ်ချင်ပါသည်-

- ရေရှည်အကျိုးကို မျှော်ကိုးပြီး တိုင်းရင်းသားအပေါင်းက တညီတညွတ်တည်း စည်းလုံးညီညွတ်ကြရမည်။ ပြည်ထောင်စု၏ အနာဂတ်ခရီးကို မြော်တွေးပြီး အမျိုးသားရေးတာဝန်အဖြစ် ထမ်းဆောင်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် ပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ထိရောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရပါမည်။ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်အခြေချနေပြီ။ ပိုမိုကောင်းမွန်သော အနာဂတ်ဆီ ဦးတည်လျှောက်လှမ်းနေပြီ ဖြစ်သည့်အတွက် ပါတီစုံဒီမိုကရေစီစနစ် ပိုမိုခိုင်မာအောင် ကြိုးပမ်းတည်ဆောက်ကြရပါမည်။
- မိမိတို့နိုင်ငံသည် မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝသည်ဖြစ်၍ ချမ်းသာနိုင်သည်။ ပညာနှင့် အတတ်ပညာ၊ အမြော်အမြင်ကြီးလျှင် ပို၍ပို၍ ချမ်းသာပါမည်။ မည်သည့်ကိစ္စ ကြီးငယ်မဟူ အတိတ်သမိုင်းသင်ခန်းစာတို့ကိုယူ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြံစည်စိတ်ကူးဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကျမ်းကိုး -**

- ၂၀ ရာစု မြန်မာနိုင်ငံ၊ အမျိုးသားလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဇန်နဝါရီလ ၂၀၀၂ ခုနှစ်
- Myanmar: Facts and Figures; Published by Ministry of Information, Myanmar, March, 2000
- As the Future Catches You, by Juan Enriquez; Published by Crown Business, New York: Printed in the United States of America, 2000, 2001

❖ ❖ ❖

# ရုပ်ကြွင်းလောင်စာခေတ်၏ အဆုံးသတ်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အစားထိုးမည်

ကိုလူလှ

ဇီဝရုပ်ကြွင်းလောင်စာဟာ အနာဂတ်မှာ ကြီးမားတဲ့စိန်ခေါ်မှုအဖြစ် ကြုံတွေ့ရမယ်လို့ အစောပိုင်းက ပြောထားသလို မျက်မှောက်ကာလမှာ ပြဿနာအမျိုးမျိုးနဲ့ ကြုံတွေ့လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ရုပ်ကြွင်းလောင်စာတွေကြောင့် ဖြစ်ပေါ်လာတဲ့ပြဿနာတွေဟာ ကမ္ဘာကြီးကို အမျိုးမျိုးအဖုံဖုံ ရိုက်ခတ်လာနေတာတွေ့ရမှာဖြစ်ပြီး တစ်ချိန်သောကာလတစ်ခုမှာ ရုပ်ကြွင်းလောင်စာခေတ်ရဲ့ အဆုံးသတ်ကို မလွဲမသွေရောက်ရှိသွားမှာ ဧကန်ဖြစ်ပါတယ်။

လက်ရှိကာလမှာ ကြုံတွေ့နေရတဲ့ ရုပ်ကြွင်းလောင်စာပြဿနာကို ဖြေရှင်းပေးနိုင်ဖို့အတွက် ကမ္ဘာ့နိုင်ငံတွေအနေနဲ့ နည်းလမ်းအမျိုးမျိုးနဲ့ ကြံဆဆောင်ရွက်နေကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ဖြစ်နိုင်တဲ့ဘက်က ပါဝင်ဆောင်ရွက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

**ကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံတွေ နေ့စဉ် မဖြစ်မနေ အသုံးပြုနေကြရတဲ့ အရာဝတ္ထုပစ္စည်းတွေမှာ ရုပ်ကြွင်းလောင်စာတွေဟာ အရေးပါတဲ့ကဏ္ဍက ပါဝင်လျက်ရှိပါတယ်။ ရုပ်ကြွင်းလောင်စာဆိုတာ မြေအောက်ထဲမှာရှိတဲ့ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ ရေနံ စတဲ့ ကာဗွန်ဒြပ်ပစ္စည်းတွေဖြစ်ပါတယ်။ အဲဒီ ဒြပ်ပစ္စည်းတွေအနက် ရေနံဟာ ကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံအားလုံးအတွက် အရေးပါတဲ့ အသက်သွေးကြောသဖွယ်ဖြစ်ပါတယ်။ ရုပ်ကြွင်းလောင်စာဆိုတာ ဖြစ်တည်ဖို့အတွက် နှစ်ပေါင်းသိန်းချီကြာမြင့်တာကြောင့် မကုန်ခန်းနိုင်တော့ဘူးလို့ ထင်ကောင်းထင်ကြပါလိမ့်မယ်။ ဒါပေမယ့် ရုပ်ကြွင်းလောင်စာဖြစ်တည်ဖို့အတွက် အချိန်ပေးရတဲ့ကာလထက် ပြန်လည်အသုံးချတဲ့ကာလဟာ အဆမတန်များပြားနေတာကို တွေ့မြင်နိုင်ပါတယ်။**

**အဆုံးသတ်ကာလ**

ကမ္ဘာ့စွမ်းအင်သုံးစွဲမှုကို လေ့လာကြည့်မယ်ဆိုရင် ရေနံနဲ့ ရေနံထွက်ပစ္စည်းတွေကို နိုင်ငံတိုင်းက အများဆုံးအသုံးပြုနေတာ တွေ့မြင်နိုင်ပါတယ်။ နှစ်စဉ် ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်သုံးစွဲနေတယ်လို့ဆိုထားပါတယ်။ ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ စွမ်းအင်သုံးစွဲမှုလည်း မြင့်မားလာတာကို တွေ့မြင်နိုင်ပါတယ်။ စွမ်းအင်သတင်းအချက်အလက်စီမံခန့်ခွဲရေးအဖွဲ့ရဲ့ သုံးသပ်ချက်အရ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတွေဟာ ရုပ်ကြွင်းလောင်စာအသုံးပြုမှု ရာခိုင်နှုန်းအများဆုံးဖြစ်တယ်လို့ ဆိုထားပါတယ်။ ဒါကြောင့် တစ်ချိန်သောကာလမှာ ရုပ်ကြွင်းလောင်စာခေတ်ရဲ့ အဆုံးသတ်ကို မလွဲမသွေရောက်ရှိမှာ သေချာတယ်လို့ဆိုရခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက လက်ရှိကာလမှာ ကမ္ဘာပေါ်မှာ စွမ်းအင်ပဋိပက္ခတွေဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ အရှေ့အလယ်ပိုင်းဒေသ ဟော်မုဇ်ရေလက်ကြားမှာ ဖြစ်ပွားနေတဲ့ပဋိပက္ခဟာ ကမ္ဘာကြီးရဲ့စွမ်းအင်လုံခြုံမှုကို ထိခိုက်ခဲ့ရပါတယ်။ ဒီပဋိပက္ခတွေကြောင့် ပြီးခဲ့တဲ့ကာလမှာ လောင်စာဆီရုပ်တန့်ပြတ်တောက်သွားမလောက်ဖြစ်ခဲ့ရပြီး ကမ္ဘာ့နိုင်ငံတွေ စိုးရိမ်ပူပန်မှုတွေနဲ့ လောင်စာဆီခြိုးခြံချွေတာရေးအစီအမံတွေ ပြုလုပ်ခဲ့ကြရာမှာ မြန်မာနိုင်ငံလည်း အထူးဆောင်ရွက်ခဲ့ရပါတယ်။ တကယ်တော့ အရှေ့အလယ်ပိုင်းပဋိပက္ခဟာ စွမ်းအင်ဝေစုအတွက် ရေနံစစ်ပွဲဖြစ်နေတာလို့ ဆိုရမှာဖြစ်ပါတယ်။

**သဘာဝဘေးအန္တရာယ်**

**နောက်တစ်ခုက လက်ရှိကာလ ကမ္ဘာပေါ်မှာ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုတွေ အကြီးအကျယ်ဖြစ်ပေါ်လာနေပါတယ်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် အယ်လ်နီညိုဖြစ်စဉ်တွေ၊ မုန်တိုင်းတိုက်ခတ်မှုတွေ၊ တောမီးလောင်တာတွေ၊ လျှပ်ပြက်ခတ်တာတွေ၊ ရေကြီးရေလျှံဖြစ်တာတွေ၊ မိုးခေါင်ရေရှားတာတွေ စတဲ့သဘာဝဘေးအန္တရာယ်အမျိုးမျိုးတွေကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအများစုဟာ တစ်မျိုးမဟုတ်တစ်မျိုး ကြုံတွေ့နေကြရပါတယ်။**

လက်ရှိကမ္ဘာကြီးမှာ ဇီဝရုပ်ကြွင်းလောင်စာတွေကို အလွန်အကျွံ ထုတ်ယူသုံးစွဲလာကြတာကြောင့် ရုပ်ကြွင်းလောင်စာခေတ်ကို မလွဲမသွေ အဆုံးသတ်ရမယ့်ကာလ၊ ရုပ်ကြွင်းလောင်စာတွေကို အလွန်အကျွံအသုံးပြုကြတာကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးပြီး သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်နေတဲ့အခြေအနေ၊ ရေနံစစ်ပွဲတွေကြောင့် စွမ်းအင်လုံခြုံရေးအတွက် ပိုမိုဦးစားပေးလုပ်ဆောင်ရမယ့် အနေအထားတွေအရ ကမ္ဘာ့နိုင်ငံတွေဟာ ရုပ်ကြွင်းလောင်စာအစားထိုး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေကို အသုံးချဖို့ ကြိုးပမ်းလာကြပါတယ်။

> **“EV ကားတွေဟာ ခရီးအကွာအဝေးများပေမယ့် ကုန်ကျစရိတ်သက်သာပြီး ပြင်ဆင်စရိတ်လည်း နည်းပါးပါတယ်။ EV ကားတွေဟာ စက်သုံးဆီကားတွေထက် ပေါ့ပါးပြီး ကမ္ဘာမြေရဲ့ ဗဟိုချက်ဆွဲငင်အားမှာ မြေပြင်နဲ့ ပိုမိုနီးကပ်တာကြောင့် အရှိန်နဲ့ကွေ့ရင်ဖြစ်ဖြစ်၊ အရှိန်နဲ့ မောင်းရင်ဖြစ်ဖြစ် တော်ရုံတန်ရုံ တိမ်းမှောက်မှုမရှိနိုင်ပါဘူး။ ခရီးဝေးသွားရင်လည်း ကားဘီးပွန်းစားမှု လျော့နည်းစေတာကြောင့် ကားဘီးသက်တမ်းကြာရှည်ခံပြီး ကုန်ကျစရိတ်လျော့နည်းစေတာတွေဟာ EV ကားတွေရဲ့ အားသာချက်တွေဖြစ်ပါတယ်။ ဒါ့အပြင် ဈေးကြီးတဲ့စက်သုံးဆီအပြင် အင်ဂျင်ဝိုင်လို ချောဆီတွေ ထည့်သွင်းအသုံးပြုဖို့ မလိုအပ်တဲ့အတွက် ကုန်ကျစရိတ်တွေ သိသိသာသာလျော့နည်းသက်သာစေပါတယ်”**

ရုပ်ကြွင်းလောင်စာတွေကိုပဲ ဆက်လက်အားကိုးနေမယ်ဆိုရင် ကမ္ဘာကြီးမှာ ဆိုးရွားတဲ့အန္တရာယ်တွေနဲ့ ကြုံတွေ့လာရမယ်လို့ ကမ္ဘာ့ခေါင်းဆောင်တွေက ပြောကြားလာကြပါတယ်။ ကမ္ဘာ့နိုင်ငံတွေဟာ ရုပ်ကြွင်းလောင်စာတွေကို အစားထိုးဖို့ အလုအယက် ကြိုးပမ်းလာကြပါတယ်။ အမြော်အမြင်ကြီးမားတဲ့ တရုတ်နိုင်ငံဟာ အစောပိုင်းကတည်းက စွမ်းအင်သုံးစွဲမှု သုံးပုံတစ်ပုံနီးပါးကို လျှပ်စစ်ကနေ ဖန်တီးလိုက်ပါတယ်။ တရုတ်နိုင်ငံမှာ ထုတ်လုပ်ရောင်းချတဲ့ကားတွေရဲ့ ထက်ဝက်ကျော်ကို လျှပ်စစ်ကားတွေအဖြစ် ပြောင်းလဲလိုက်ပြီဖြစ်ပါတယ်။

**ရေရှည်စီမံကိန်းတွေ**

**ရေတိုနဲ့ ရေရှည်အရကြည့်မယ်ဆိုရင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေဟာ ရုပ်ကြွင်းလောင်စာတွေနေရာမှာ တဖြည်းဖြည်း အစားထိုးဝင်ရောက်လာမှာဖြစ်ပါတယ်။ လုပ်ဆောင်ရတဲ့ရည်ရွယ်ချက်က ကုန်ကျစရိတ်သက်သာဖို့၊ ရာသီဥတုပြောင်းလဲမှုကိုတိုက်ဖျက်ဖို့၊ ရေနံစစ်ပွဲတွေကြောင့် စွမ်းအင်လုံခြုံရေးထိခိုက်မှုကို လျှော့ချနိုင်ဖို့အတွက် ဖြစ်ပါတယ်။ အရှေ့အလယ်ပိုင်းပဋိပက္ခဟာ စွမ်းအင်သုံးစွဲမှု လျှော့ချရေးကို ချက်ချင်းလုပ်ဆောင်ရမယ့် အစီအမံတွေအပြင် ရေရှည်အကျိုးရှိစေမယ့် လျှပ်စစ်ဓာတ်အား ကွန်ရက်တွေနဲ့ နေရောင်ခြည်သုံးစွမ်းအင်ဆိုလာစီမံကိန်းတွေ တိုးမြှင့်တည်ဆောက်ဖို့ အချက်ပေးလိုက်သလိုဖြစ်ပါတယ်။** ဒါ့အပြင် ရုပ်ကြွင်းလောင်စာအစားထိုးရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုမယ့် လျှပ်စစ်ကား(EV)ကဏ္ဍ ချဲ့ထွင်ဖို့အတွက် ရေရှည်စီမံကိန်းတွေ တွန်းအားပေးလုပ်ဆောင်ကြဖို့ တိုက်တွန်းနှိုးဆော်လိုက်သလိုဖြစ်ပါတယ်။

အသွင်ကူးပြောင်းမှု (Transition)ဆိုတာ အချို့ကိစ္စတွေမှာ နှေးနှေးကွေးကွေး ပြောင်းလဲသွားတတ်သလို အချို့ကိစ္စတွေမှာ လျင်လျင်မြန်မြန် ပြောင်းလဲသွားတတ်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ပုံနှိပ်လောကမှာ ခဲစာလုံးခေတ်ကနေ ကွန်ပျူတာခေတ်ကို ပြောင်းလဲသွားသလို၊ ကြိုးဖုန်းစနစ်ကနေ လက်ကိုင်ဖုန်းစနစ်ကို ပြောင်းလဲသွားသလိုမျိုး ရုပ်ကြွင်းလောင်စာခေတ်ကနေ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ခေတ်ကို လျင်လျင်မြန်မြန်ပြောင်းလဲဖို့ အရေးကြီးတဲ့အခြေအနေသုံးရပ်ကို အသိပေး တပ်လှန့်နှိုးဆော်ထားပြီးဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ ရုပ်ကြွင်းလောင်စာစွမ်းအင်အစား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးချဖို့ လွန်ခဲ့တဲ့ ဆယ်စုနှစ် နှစ်ခုကာလကတည်းက ပြင်ဆင်ဆောင်ရွက်လာတာ ယခုအခါ EV ကားထုတ်လုပ်မှုမှာ ထိပ်တန်းနိုင်ငံဖြစ်နေပါပြီ။ လျှပ်စစ်စွမ်းအင်အခြေပြုနိုင်ငံပုံစံကို အရှိန်အဟုန်နဲ့ကူးပြောင်းလိုက်တာကြောင့် ရေရှည်မှာ ရာသီဥတုကိုထိခိုက်စေတဲ့ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျော့နည်းသွားစေပါတယ်။ တရုတ်နိုင်ငံဟာ အနာဂတ်လျှပ်စစ်ခေတ်ကို ခေါင်းဆောင်နေရာယူလိုက်ပြီဖြစ်လို့ အမေရိကန်နဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေအနေနဲ့ ဒီအသွင်ကူးပြောင်းမှုမှာ မဖြစ်မနေလိုက်ပါကျော်ဖြတ်ကြတော့မှာ ဖြစ်ပါတယ်။

**EV အားသာချက်များ**

မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ငါးနှစ် အစောပိုင်းကာလကတည်းက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေကို အသုံးချဖို့ စတင်ဆောင်ရွက်လာတာဖြစ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံမှာ လျှပ်စစ်ကား (EV-Electric Vehicle) တွေ သုံးစွဲဖို့ တိုက်တွန်းရခြင်းဟာ EV ကားတွေသုံးစွဲတာကြောင့် ပြည်ပက လောင်စာဆီဝယ်ယူတင်သွင်းနေရတဲ့ နိုင်ငံခြားငွေသုံးစွဲမှု လျော့နည်းသက်သာစေတာ၊ လောင်စာဆီသုံးကားအသုံးပြုတဲ့အတွက် ပေါ်ထွက်လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုက် အဆိပ်ဓာတ်ငွေ့ကြောင့် လူနဲ့ သက်ရှိတွေ ထိခိုက်ပျက်စီးစေတာတွေကို ကာကွယ်ဖို့ ဖြစ်ပါတယ်။ EV ကားတွေမှာ မောင်းနှင်ဖို့ စုဖွဲ့တည်ဆောက်ထားတဲ့ အစိတ်အပိုင်းတွေ ပါဝင်မှုနည်းပြီး ပေါ့ပါးစွာ တည်ဆောက်ထားလို့ စက်သုံးဆီကားတွေလို ဆူညံတာ၊ ပျက်စီးယိုယွင်းမှုကို ထိန်းသိမ်းတာ အလွန်နည်းပါးပါတယ်။

**EV ကားတွေရဲ့ အလေးချိန်နဲ့ စွမ်းအားပေးနိုင်မှု အချိုးဟာ စက်သုံးဆီကားတွေနဲ့ နှိုင်းယှဉ်ရင် ကွာခြားမှုများပါတယ်။ စက်သုံးဆီကားတွေဟာ ခရီးအကွာအဝေး များများမောင်းလေ စက်သုံးဆီနဲ့ ပြင်ဆင်စရိတ်များပါတယ်။ EV ကားတွေဟာ ခရီးအကွာအဝေးများပေမယ့် ကုန်ကျစရိတ်သက်သာပြီး ပြင်ဆင်စရိတ်လည်း နည်းပါးပါတယ်။ EV ကားတွေဟာ စက်သုံးဆီကားတွေထက် ပေါ့ပါးပြီး ကမ္ဘာမြေရဲ့ ဗဟိုချက်ဆွဲငင်အားမှာ မြေပြင်နဲ့ ပိုမိုနီးကပ်တာကြောင့် အရှိန်နဲ့ကွေ့ရင်ဖြစ်ဖြစ်၊ အရှိန်နဲ့ မောင်းရင်ဖြစ်ဖြစ် တော်ရုံတန်ရုံ တိမ်းမှောက်မှုမရှိနိုင်ပါဘူး။ ခရီးဝေးသွားရင်လည်း ကားဘီးပွန်းစားမှု လျော့နည်းစေတာကြောင့် ကားဘီးသက်တမ်းကြာရှည်ခံပြီး ကုန်ကျစရိတ်လျော့နည်းစေတာတွေဟာ EV ကားတွေရဲ့ အားသာချက်တွေဖြစ်ပါတယ်။ ဒါ့အပြင် ဈေးကြီးတဲ့စက်သုံးဆီအပြင် အင်ဂျင်ဝိုင်လို ချောဆီတွေ ထည့်သွင်းအသုံးပြုဖို့ မလိုအပ်တဲ့အတွက် ကုန်ကျစရိတ်တွေ သိသိသာသာလျော့နည်းသက်သာစေပါတယ်။**

EV ကားတွေကို အဓိကစွမ်းအားဖြည့်ပေးရတဲ့ ဘက်ထရီရဲ့တန်ဖိုးကြီးမြင့်ပေမယ့် တစ်နေ့တခြား နည်းပညာတွေ တိုးတက်မြင့်မားလာတာနဲ့အတူ အရည်အသွေးမြင့်မားတဲ့ ဘက်ထရီတွေကို ပညာရှင်တွေက ကြိုးပမ်းတီထွင်ပေးနေတဲ့အတွက် များမကြာမီကာလမှာ အရည်အသွေးမြင့်မားပြီး ဈေးနှုန်းသက်သာတဲ့ ဘက်ထရီတွေပေါ်ပေါက်လာမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ EV ကား လုပ်ငန်းစီမံချက်၊ လမ်းပြမြေပုံကို (၂၀၃၀-၂၀၅၀)အထိ ရေးဆွဲထားတယ်လို့သိရပါတယ်။ အခြားနိုင်ငံတွေနည်းတူ မြန်မာနိုင်ငံမှာ EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ချမှတ်ထားတဲ့မူဝါဒတွေကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ပြီး EV ကားသုံးစွဲမှု တစ်စတစ်စ မြင့်တက်လာမယ်ဆိုရင် ရုပ်ကြွင်းလောင်စာတွေအပေါ် မှီခိုနေရတာတွေ၊ စက်သုံးဆီအတွက် နိုင်ငံခြားငွေကုန်ကျစရိတ်တွေနဲ့ ပြည်သူတွေရဲ့ စက်သုံးဆီကုန်ကျစရိတ်တွေကို လျှော့ချပေးနိုင်မှာဖြစ်ပါတယ်။

**ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲ**

EV ကားတွေနဲ့ပတ်သက်လို့ စက်သုံးဆီကားတွေထက် အားသာချက်တွေရှိနေတာကို များသောအားဖြင့် သိရှိနားလည် သဘောပေါက်လာကြပြီလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် EV ကားတွေ ပိုင်ဆိုင်နိုင်ဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးကြရပါဦးမယ်။ EV ကားတွေကို သက်သာတဲ့နှုန်းထားနဲ့ ဝယ်ယူခွင့်ရရှိအောင် မူဝါဒချမှတ်ပေးတာတွေ လုပ်ကြရပါဦးမယ်။ EV ကားတွေကို လက်ငင်းငွေပေးချေဝယ်ယူဖို့ အခက်အခဲရှိသူများတာကြောင့် အရစ်ကျစနစ်နဲ့ ပုဂ္ဂလိကဘဏ်တွေနဲ့ချိတ်ပြီး ရောင်းဝယ်နေကြတာကိုလည်း တွေ့ရပါတယ်။ လက်ရှိမှာ စွမ်းအင်အကျပ်အတည်းမှာ EV ကားတွေရဲ့ အားသာချက်ဟာ စိတ်ဝင်စားစရာဖြစ်ပါတယ်။ ခရီးဘယ်လောက်ဝေးဝေး စွမ်းအင်ကုန်ကျစရိတ် အနည်းငယ်သာရှိတဲ့အတွက် တွက်ခြေကိုက်ပါတယ်။

EV ကားသုံးစွဲသူတွေ အဆင်ပြေချောမွေ့စေဖို့အတွက် Charging Station တွေကို မြို့ကြီးတွေနဲ့ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမှာ တည်ဆောက်ပေးထားလို့ အဆင်ပြေနေပြီဖြစ်ပါတယ်။ ကျန်တဲ့ဒေသတွေရဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေပေါ်မှာ အချိန်တိုအတွင်း Charging ဖြည့်သွင်းနိုင်တဲ့ Fast Charging System တွေ၊ Servicing တွေကိုလည်း သက်ဆိုင်ရာဌာနတွေနဲ့ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူတွေ ပူးပေါင်းပြီး ပေါင်းစပ်စီမံဖြည့်ဆည်းပေးတာ၊ ပြည်သူတွေနဲ့ အစိုးရဌာနအဖွဲ့အစည်းတွေ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်အောင် Down payment and Installment စနစ်နဲ့ ပေါင်းစပ်ရောင်းချပေးတာ စတဲ့အစီအစဉ်တွေကို စီမံပေးနိုင်မယ်ဆိုရင် အနာဂတ်မှာ ကြုံတွေ့လာရမယ့် ရုပ်ကြွင်းလောင်စာခေတ်၏ အဆုံးသတ်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နဲ့ အစားထိုးမယ့် EV ကားသုံးစွဲမှု ထွန်းကားလာမှာဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

# ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုပြီး အလှူငွေ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်



**ဟားခါး မေ ၂၇**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေးနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ကော်မတီဝင်တို့သည် ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဖလမ်းမြို့သို့ ရောက်ရှိကြပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖလမ်းမြို့ ဖာရ်ထောက်ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက်အလှူငွေ၊ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပရာ ဒုတိယဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ဖလမ်းမြို့ ဒေသခံပြည်သူများနှင့် အစိုးရဝန်ထမ်းများအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ ဆိုလာစနစ်ဖြင့် မီးရရှိရေးတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ပြန်လည်တည်ဆောက်ရေး ပစ္စည်းများဖြစ်သည့် သွပ်၊ သံ၊ ဘိလပ်မြေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အိမ်ထောင်စု ၇၃ စုစာ ကယ်ဆယ်ရေးပစ္စည်းများ၊ နှစ်ပတ်စာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိအတွက် ငွေကျပ် ၆၂၅၀၈၆၀ ကို ထောက်ပံ့ပေးအပ်ရာ ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အမြို့မြို့ အနယ်နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများကျင်းပ

### မုဒုံ

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၆ ရက်က အထက (၁) ကျောင်းရှိ ရှင်အရဟံခန်းမ၌ ကျင်းပရာ မုဒုံမြို့နယ် ကျောင်းနေရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည်သိမ်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် ၄၇၅၂ သိန်းကို ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးသက်ထွေးက ဂုဏ်ပြုဆုငွေပေးအပ်ခဲ့ကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**



### ဘီးလင်း

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်က အထက (ဘီးလင်း) ကျောင်း ပညာ့အားမာန်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူအောင်က အမှာစကားပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**



### ပခုက္ကူ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အဆင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၂၇ ရက်က ပခုက္ကူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူးက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးဆိုင်ရာများ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**



### ရွှေဘို

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက အမှာစကားပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**



# လာအိုနိုင်ငံ၌ ရေကြီးမှုကြောင့် ဂူအတွင်းပိတ်မိနေသူ ခုနစ်ဦးအနက် ငါးဦး အသက်ရှင်လျက်တွေ့ရှိ

**ဗီယင်ကျန်း မေ ၂၇**
လာအိုနိုင်ငံတွင် ရေကြီးမှုကြောင့် လိုဏ်ဂူအတွင်း ပိတ်မိနေသူ ခုနစ်ဦးအနက် ငါးဦးကို မေ ၂၇ ရက် မွန်းလွဲပိုင်းတွင် အသက်ရှင်လျက် ပြန်လည်တွေ့ရှိပြီ ဖြစ်ကြောင်း လာအိုနှင့် ထိုင်းကယ်ဆယ်ရေးအဖွဲ့များက ပြောသည်။ ငါးဦးကို ဘေးကင်းလုံခြုံစွာ အသက်ရှင်လျက်တွေ့ရှိပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် နှစ်ဦးကို ဆက်လက်ရှာဖွေနေကြောင်း လာအိုကယ်ဆယ်ရေးအဖွဲ့က လူမှုကွန်ရက်ပေါ်တွင် ရေးသားဖော်ပြထားသည်။

**အချိန်နှင့်အမျှ ကြိုးပမ်းရှာဖွေ**

စိန်ခေါ်မှုများသော ကယ်ဆယ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်သည့် ကျွမ်းကျင်ရေငုပ်သမားတစ်ဦးက ပျောက်ဆုံးနေသူများကို အသက်ရှင်တွေ့ရှိနိုင်ရေးအတွက် အချိန်နှင့်အမျှ ကြိုးပမ်းရှာဖွေနေကြောင်း ပြောကြားသည်။

ကယ်ဆယ်ရေးသမားများသည် ပျောက်ဆုံးနေသူများအား ရှာဖွေတွေ့ရှိရန် ကျဉ်းမြောင်းသည့် လမ်းကြောင်းမှတစ်ဆင့် ခက်ခက်ခဲခဲ သွားခဲ့ရကြောင်း၊ ရေမျက်နှာပြင် မြင့်တက်မှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ အဟန့်အတားများနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ အိမ်နီးချင်း ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့တစ်ခုသည် မေ ၂၄ ရက်က ဒေသရှာဖွေကယ်ဆယ်ရေးအဖွဲ့တွင် ပူးပေါင်း ပါဝင်ခဲ့သည်။

ထိုင်းအခြေစိုက် ရေငုပ်သမားတစ်ဦးသည် ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင်ပြည်နယ် သမ်လွမ်လိုဏ်ဂူအတွင်း ရေကြီးမှုကြောင့် ပိတ်မိနေသည့် Wild Boars လူငယ်ဘောလုံးအသင်းကို ကယ်ဆယ်ခဲ့သည့် ၂၀၁၈ ခုနှစ် ကယ်ဆယ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သူဖြစ်သည်။

**လိုဏ်ဂူအတွင်း မေ ၂၀ ရက်တွင် ဝင်ရောက်သွားခဲ့**

ကျေးရွာသား ခုနစ်ဦးသည် လာအိုနိုင်ငံ၏ မြို့တော်ဗီယင်ကျန်း၏ အရှေ့မြောက်ဘက် ၁၂၅ ကီလိုမီတာခန့်အကွာ ဆိုင်စမ်ဘွန်းပြည်နယ်ရှိ လိုဏ်ဂူတစ်ခုအတွင်းသို့ မေ ၂၀ ရက်တွင် ဝင်ရောက်သွားခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာ၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ ကျေးရွာသားများသည် ရွှေရှာဖွေရန် ဝင်ရောက်သွားခဲ့ခြင်းဖြစ်သော်လည်း မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးရေလျှံမှုများကြောင့် ထွက်ပေါက်ပိတ်ကာ ဂူအတွင်းပိတ်မိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။



ပျောက်ဆုံးနေသူများကို ရှာဖွေရန်အတွက် လိုဏ်ဂူအတွင်းသို့ ကယ်ဆယ်ရေးသမားများ ဝင်ရောက်ရန် ကြိုးပမ်းနေမှုကို မေ ၂၆ ရက်က တွေ့ရစဉ်။

**အင်န်အိတ်ချ်ကေ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဝက်သက်ရောဂါကြောင့် သေဆုံးသည့်ကလေး ၈၈ ဦးအထိရှိလာ

**ဒါကာ မေ ၂၇**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဝက်သက်ရောဂါကူးစက်မှုမြင့်တက်လာချိန် ဝက်သက်ရောဂါကြောင့် သေဆုံးသည့်ကလေးဦးရေမှာ ၈၈ ဦးအထိ ရှိလာသည်ဟု ကျန်းမာရေး အာဏာပိုင်များက အတည်ပြုခဲ့သည်။ မိဘများအနေဖြင့် မိမိတို့၏ ကလေးငယ်များကို သေချာစွာ ကာကွယ်ဆေး ထိုးပေးကြရန် အစိုးရက တိုက်တွန်းထားသည်။

ဝက်သက်ရောဂါ ကူးစက်မှုမှာ မတ်လအတွင်းမှ စတင်ကာ လျင်မြန်စွာ မြင့်တက်လာခဲ့ပြီး ဝင်ငွေနည်းပါးသည့် အသိုက်အဝန်းများတွင် ကူးစက်မှုအမြင့်ဆုံးဖြစ်သည်။ ဆေးရုံအချို့တွင် ဝန်ပိနေသည့်အတွက် လူနာများကိုလက်ခံရန် ရုန်းကန်နေရသည်။ တစ်နိုင်ငံလုံးအနှံ့ ဝက်သက်ရောဂါ ကူးစက်ခံရသူဟု သံသယရှိသူ ၆၆၀၀၀ ကျော်ရှိပြီး ခွဲခွဲခန်း အတည်ပြုလူနာ ၈၇၀၀ ကျော် ရှိသည်။




ကုလသမဂ္ဂ၏ ကူညီထောက်ပံ့ပေးမှုဖြင့် ဘင်္ဂလားဒေ့ရှ်အစိုးရသည် အစုလိုက် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို လွန်ခဲ့သည့် လမှစတင်ကာ လုပ်ဆောင်ပေးလျက်ရှိသည်။ ဝက်သက်ရောဂါမှာ ကူးစက်မှုအလွန် လျင်မြန်သည်။ မွေးကင်းစ ကလေးငယ်များနှင့် ငယ်ရွယ်သည့် ကလေးများမှာ ကာကွယ်ဆေးအပြည့် မထိုးထားပါက ရောဂါအခြေအနေ ပြင်းထန်ပြီး အသက်ဆုံးရှုံးနိုင်သည်။ **အင်န်အိတ်ချ်ကေ**

# နိုင်ဂျီးရီးယားနိုင်ငံ၌ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးအတွင်း ပြန်ပေးဆွဲခံရသူ ၂၂၁ ဦး ကယ်တင်

**အဘူဂျာ မေ ၂၇**
နိုင်ဂျီးရီးယားနိုင်ငံ၌ မေလအတွင်းက ပြုလုပ်သည့် တစ်နိုင်ငံလုံးအနှံ့ အကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးတွင် အကြမ်းဖက်သမားဟု သံသယရှိသူ ၃၁၇ ဦးကိုရှင်းလင်းခဲ့ပြီး စစ်ဆင်ရေးအတွင်း ဖမ်းဆီးရရှိသူ ၃၁၄ ဦးရှိသည်ဟု နိုင်ဂျီးရီးယားတပ်မတော်က မေ ၂၆ ရက်တွင် ပြောသည်။

စစ်ဆင်ရေးပြုလုပ်စဉ်အတွင်း ပြန်ပေးဆွဲခံရသူ ၂၂၁ ဦးကို ကယ်တင်နိုင်ခဲ့ပြီး လက်နက်ချသည့် အကြမ်းဖက်သမားဟု သံသယရှိသူ ၁၈ ဦးရှိသည်ဟု သတင်းစာရှင်းလင်းပွဲတွင် နိုင်ဂျီးရီးယားတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မိုက်ကယ်အိုနီဂျာက ပြောသည်။ မြေပြင် ဝေဟင်နှင့်ပင်လယ်ရေကြောင်းမှ တပ်ဖွဲ့ဝင်များ အတူပူးပေါင်းကာ အဆိုပါ စစ်ဆင်ရေးကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

စစ်ဆင်ရေးအတွင်း လက်နက်အမျိုးမျိုး ၉၃ လက်ကို ဖမ်းဆီးရရှိခဲ့ပြီး တရားမဝင် ရေနံချက်စက်ရုံ သုံးနေရာကို ဖျက်ဆီးနိုင်ခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။ ထို့ပြင် ခိုးယူထားသည့် ရေနံထွက်ပစ္စည်း လီတာသောင်းနှင့်ချီ၍လည်း ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်ဟု သိရသည်။ ယင်းကဲ့သို့ စစ်ဆင်ရေးများ ပြုလုပ်ခြင်းသည် နိုင်ငံတစ်ဝန်းရှိ အကြမ်းဖက်ကွန်ရက်များ၊ ရာဇဝတ်ဂိုဏ်းများနှင့် ရေနံခိုးယူမှုလုပ်ငန်းများအပေါ် စဉ်ဆက်မပြတ် ဖိအားပေးမှုများ ပြုလုပ်ခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အကြမ်းဖက်မှုများနှင့် လုယက်တိုက်ခိုက်မှုများသည် နိုင်ဂျီးရီးယားနိုင်ငံကို ဒုက္ခပေးလျက်ရှိသည်။ ဖေဖော်ဝါရီလအတွင်းက လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေး စုပေါင်းလုပ်ဆောင်ကြရန် သမ္မတ ဘိုလာတီနူဘူက တောင်းဆိုခဲ့သည်။ **ဆင်ဟွာ**

# ကွန်ဂိုနိုင်ငံ၌ အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှုမှာ အစောပိုင်းအဆင့်တွင် ရှိနေသေးဟုဆို

**ကင်ရှာဆာ မေ ၂၇**
ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC) တွင် အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှုမှာ အစောပိုင်းအဆင့်တွင်ရှိနေသေးသော်လည်း ကူးစက်မှုများနှင့် သေဆုံးမှုများမှာ ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ရော်ဂျာကမ်ဘာက မေ ၂၆ ရက်တွင် ပြောသည်။

ထို့အပြင် ကျန်းမာရေးအာဏာပိုင်များသည် ရောဂါကူးစက်မှုဖြစ်ပွားသည့် ဒေသများတွင် သံသယရှိသည့် ရောဂါကူးစက်ခံရသူ ၁၀၀၀ ဝန်းကျင်ကို စစ်ဆေးဖော်ထုတ်ကာ ၁၀၁ ဦးကို ရောဂါပိုးတွေ့ရှိကြောင်း အတည်ပြုထားသည်ဟု ကမ်ဘာက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ပဏာမအချက်အလက်များအရ ရောဂါကူးစက်ဖြစ်ပွားမှုနှင့် ဆက်နွှယ်သည့် သေဆုံးသူပေါင်း ၂၀၀ မှ ၂၂၀ ခန့်အထိရှိသည်ဟု ယူဆရသော်လည်း ၁၇ ဦးကိုသာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီး အတည်ပြုထားသည်။ **ဆင်ဟွာ**

# တရုတ်နိုင်ငံ၌ ဆက်သွယ်ရေးနည်းပညာ ဂြိုဟ်တုသစ်တစ်စင်း အောင်မြင်စွာ လွှတ်တင်

**ဝင်ချန်း မေ ၂၇**
တရုတ်နိုင်ငံသည် နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်ရှိ ဝင်ချန်း အာကာသယာဉ်လွှတ်တင်နေရာမှ ဆက်သွယ်ရေး နည်းပညာ စမ်းသပ်ဂြိုဟ်တုသစ် တစ်စင်းကို မေ ၂၇ ရက်တွင် အာကာသအတွင်းသို့ လွှတ်တင်လိုက်ကြောင်း သိရသည်။



အဆိုပါ ဂြိုဟ်တုကို လောင်းမာ့ချ်-၇ သယ်ဆောင်ရေးဒုံးပျံဖြင့် ပေကျင်းစံတော်ချိန် နံနက် ၁၂ နာရီ ၁၆ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး သတ်မှတ်ထားသည့် ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဆက်သွယ်ရေး နည်းပညာ ဂြိုဟ်တုကို မြန်နှုန်းမြင့်ဂြိုဟ်တု ဆက်သွယ်ရေး နည်းပညာများ စစ်ဆေး အတည်ပြုနိုင်ရေး ရည်ရွယ်ကာ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ယင်းဂြိုဟ်တုလွှတ်တင်မှု မစ်ရှင်သည် လောင်းမာ့ချ် သယ်ဆောင်ရေးဒုံးပျံများ၏ ၆၄၅ ကြိမ်မြောက် ပျံသန်းရေးမစ်ရှင် ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၌ မတ်လအတွင်း ကလေးမွေးဖွားနှုန်း ၂၁ လ ဆက်တိုက် မြင့်တက်

**ဆိုးလ် မတ် ၂၇**
တောင်ကိုရီးယားနိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်းမှာ ၂၁ လဆက်တိုက် မြင့်မားခဲ့ပြီး ကာလရှည်ကြာ ကလေးမွေးဖွားမှုနှုန်း ကျဆင်းနေသည့် လမ်းကြောင်းမှ သွေဖည်နိုင်သည့် အရိပ်အယောင်များပြသနေပြီဟု မတ် ၂၇ ရက်တွင် ထုတ်ပြန်သည့် စာရင်းအင်းနှင့်အချက်အလက်ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ယမန်နှစ်မတ်လနှင့်နှိုင်းယှဉ်လျှင် ကလေးမွေးဖွားမှုနှုန်းမှာ ၁၉ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပြီး ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း မှစတင်ကာ ကလေးမွေးဖွားမှုနှုန်း ဆက်တိုက်မြင့်တက်လာခြင်းဖြစ်သည်ဟု စာရင်းအင်းနှင့်အချက်အလက်ဝန်ကြီးဌာနက ပြောသည်။

အဆိုပါကိန်းဂဏန်းမှာ ခုနစ်နှစ်တာကာလအတွင်း မတ်လ၌ အမြင့်ဆုံးကလေးမွေးဖွားမှုနှုန်းဖြစ်သည်။ မတ်လအတွင်းလက်ထပ်သည့်စုံတွဲဦးရေမှာ နှစ်စဉ်နှုန်းအရ ၁၀ ဒသမ ၁ ရာခိုင်နှုန်းတိုးလာပြီး ကွာရှင်းမှုအရေအတွက်သည်လည်း ၉ ဒသမ ၄ ရာခိုင်နှုန်းတိုးလာခဲ့သည်။ မတ်လအတွင်းသေဆုံးသူဦးရေမှာ ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁ ဒသမ ၃ ရာခိုင်နှုန်းတိုးလာခဲ့သည်။ **ဆင်ဟွာ**

## ဒလမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး



ဒလ မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲ အခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ဒလမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးခန်းမ၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးခင်မောင်စိုးက အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် လုပ်ငန်းရှင်အခွန်ထမ်း ၄၅ ဦးတို့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

## မြို့သစ်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေး



မြို့သစ် မေ ၂၇

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ဦးစီးမှူးရုံးမှ လမင်းစီမံချက်ဖြင့် အသက် (၁၀)နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များပြုလုပ်ပေးခြင်းကို ယမန်နေ့က ဘုရားကြီးရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်ပေးရာနေရာသို့ မြို့သစ်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ကြည့်ရှုကာ ကျောင်းသား ကျောင်းသူ ၈၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ လက်ဝယ်အရောက်ပေးအပ်သည်။

မြို့နယ်(ပြန်/ဆက်)

## ပဲခူးတိုင်းဒေသကြီး၌ တိုင်းဒေသကြီးအဆင့် ဆရာဖြစ်သင်တန်းဖွင့်

ပဲခူး မေ ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၅ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး ကျန်းမာရေးအဆင့်မြင့်ကျောင်း တိုင်းဒေသကြီးအဆင့် ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းအား ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနမှ ကျောင်းကျန်းမာရေးတာဝန်ခံများ တက်ရောက်ကြပြီး မေ ၂၇ ရက်အထိဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



သက်ထက်

## နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး



တောင်သာ မေ ၂၇

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များထုတ်ပေးခြင်းကို ယမန်နေ့က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် ဝန်ထမ်းများက အသက် ၁၈ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းနှင့် UID ကတ်များထုတ်ပေးခြင်းတို့ကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့သည်။

ကျော်မျိုးနိုင်(တောင်သာ)

**နေရောင်အောက်က**

**သက်ရှိတွေကို စောင့်ရှောက်ဖို့**

**အိုဇုန်းလွှာကို ထိန်းသိမ်းစို့။**

## ရေဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှုအနေဖြင့် ဇွန်လ (မိုးဦးကာလ)တွင် တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လအတွင်း (မိုးလယ်ကာလ)တွင်တစ်ကြိမ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း (မိုးနှောင်းနှင့် မိုးလွန်ကာလ)တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ဖြစ်ပေါ်လေ့ရှိပါသည်။ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသများအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ် ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံခြင်းများ ကြိုတင်သတိပြုရှောင်ရှားရန် လိုအပ်ပါသည်။

၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုကြောင့် နေအိမ်အဆောက်အဦပေါင်းများစွာ ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ ဒဏ်ရာရရှိမှုများပြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ၊

(ခ) မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင်ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ၊

၄။ ရေကြီးခြင်းသတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။

(ခ) တောင်ပေါ်ဒေသများ၊ ချောင်းများ၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

(ဃ) မိသားစုဝင်များကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်းယူဆောင်ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့် (သို့မဟုတ်) ကျိုချက်ထားသောရေ (သို့မဟုတ်) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ပါနှင့်၊

(စ) ရေကြီးသောဒေသများတွင် မြစ်၊ ချောင်း၊ ကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်း ကမ်းပါးများအနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်၊

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျ မီးရှို့ခြင်း (သို့မဟုတ်) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့ကို ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်သည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# အိုဘယ့် မိခင် ဧရာဝတီ (၄)

တယော (ရေသယံဇာတ)

လျှပ်စစ်ပြောဆိုဆွေးနွေးကြမည်ဆိုလျှင် စကားဝိုင်းများတွင် မပါမဖြစ်နေရာယူနေသော နိုင်ငံတစ်နိုင်ငံမှာ ဂျပန်နိုင်ငံဖြစ်ပါသည်။ ဂျပန်ကဲ့သို့ ငလျင်လှုပ်ခတ်မှုများပြားသောနိုင်ငံတွင် တမံကြီးများတည်ဆောက်မှု အောင်မြင်ပါသလား၊ မည်ကဲ့သို့သောတမံများ တည်ဆောက်နေသနည်း၊ မည်သို့သော ရည်ရွယ်ချက်များဖြင့် တည်ဆောက်အကောင်အထည်ဖော်ခဲ့သနည်း၊ သဘာဝဘေးဒဏ်ခံစားခဲ့ရမှုအခြေအနေများကို သိရှိလိုစိတ်များ ဖြစ်ပေါ်လာပါသည်။

### ဂျပန်ငလျင်ပေါ်မှ ကူရိုဘေးတမံ

ဂျပန်နိုင်ငံတွင် ၁၅ မီတာ အထက် အမြင့်ရှိသော တမံများမှာ စုစုပေါင်း ၂၈၀၀ မှ ၃၀၀၀ ခန့်အထိ ရှိပြီး ရေလှောင်ကန်အသေးစားများ၊ ရေလွှဲဆည်များပါ ထည့်သွင်းမည်ဆိုပါက ၁၀၀၀၀၀ ခန့် ရှိနိုင်သည်ဟု ဆိုထားပါသည်။ ထိုတမံကြီးများအထဲမှ ကူရိုဘေးတမံ (Kurobe Dam) သည် ဂျပန်နိုင်ငံ၏ အရေးပါဆုံး အင်ဂျင်နီယာအမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် လေ့လာချင်စိတ် ပိုဖြစ်မိပါသည်။

ကူရိုဘေးတမံသည် ရေအားလျှပ်စစ်ကို အဓိက ထုတ်လုပ်သုံးစွဲရန်ရည်ရွယ်၍ ဂျပန်နိုင်ငံ တိုယားမားခရိုင် တက်တီယားမားတောင်တန်းဒေသရှိ ကူရိုဘေးမြစ်ပေါ်တွင် အမြင့် ၁၈၆ မီတာရှိ ကွန်ကရစ်တမံ အမျိုးအစားနှင့် တပ်ဆင်စက်အင်အား ၃၃၅ မဂ္ဂါဝပ်ထွက်ရှိမည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၁၉၆၃ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ ဂျပန်နိုင်ငံသည် Pacific Ring of Fire အတွင်းတည်ရှိပြီး ပြတ်ရွေ့ကြောများ ထိတွေ့ရာဒေသဖြစ်၍ ကမ္ဘာပေါ်တွင် ငလျင်အများဆုံးဖြစ်ပွားသောနိုင်ငံများထဲမှ တစ်ခုဖြစ်ပါသည်။

ကူရိုဘေးတမံတည်ရှိရာ ဒေသသည်လည်း မကြာခဏ လှုပ်ရှားတတ်သည့် ပြတ်ရွေ့ရှိသောဒေသဖြစ်သည့်အတွက်ကြောင့် ကူရိုဘေးတမံကို ငလျင်ဒဏ်ခံနိုင်ရေးကို အထူးအလေးထားပြီး ဒီဇိုင်းလုပ်ထားခဲ့ကြပါသည်။ တမံကြီးတည်ဆောက်ရခြင်းမှာ ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဂျပန်နိုင်ငံ၏ လျှပ်စစ်လိုအပ်ချက် မြင့်တက်လာခြင်းနှင့် ကန်ဇိုင်း၊ အိုဆာကာအနီးဒေသသို့ လျှပ်စစ်ပေးရေးအတွက် ရေအားလျှပ်စစ်ထုတ်လုပ်ရန်၊ တောင်တန်းဒေသ ရေအရင်းအမြစ် အသုံးချရေးတို့အတွက် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။

ကူရိုဘေးမြစ်သည် မြင့်မားသောတောင်တန်းများမှ စီးဆင်းလာ၍ ရေစီးအားကောင်းသဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ရန် အလွန်သင့်တော်ပါသည်။ မြစ်ကြောင်း ကျဉ်းမြောင်းပြီး ကျောက်သားခိုင်မာသောဒေသတွင်တည်ရှိ၍ ရေဖိအားကို တမံအနားဘက် ကျောက်တောင်များသို့ လွှဲပြောင်းပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် ကွန်ကရစ် Arch Dam အမျိုးအစားကို ရွေးချယ်ခဲ့ပါသည်။ ကွန်ကရစ် Arch Dam များသည် Structural stiffness မြင့်မားပြီး Ground shaking ကို တမံတစ်ခုလုံး ပျံ့နှံ့စွာ ခံနိုင်ရည်ရှိပါသည်။ ဆောက်လုပ်ရေးကာလတွင် တောင်တန်းဒေသဖြစ်သည့်အလျောက် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများရှိခဲ့ပြီး တောင်တန်းကို ဥမင်လိုဏ်များဖောက်၍ ဆောက်လုပ်ရေးပစ္စည်းများ သယ်ယူပို့ဆောင်ခဲ့ရပါသည်။ ဂျပန်နိုင်ငံ၏ တမံတည်ဆောက်ရေး သမိုင်းတွင် အခက်အခဲအများဆုံး စီမံကိန်းများထဲမှ တစ်ခုဖြစ်ခဲ့သည်။

တမံတည်ဆောက်ရေးသည် ၁၉၆၃ ခုနှစ်တွင် ပြီးစီးခဲ့ပြီး ငလျင်ဒဏ်ကို ၁၉၆၄ ခုနှစ်တွင် စတင်ခံစားခဲ့ရသည်။ သမိုင်းတစ်လျှောက် ပြင်းထန်ကြီးမားသောငလျင်များ ခံစားကြုံတွေ့ခဲ့ရသည်။ ၁၉၆၄ ခုနှစ်တွင် ပြင်းအား ၇ ဒသမ ၅ အဆင့်ရှိ နိဂါတာငလျင်၊ ၁၉၉၅ ခုနှစ်တွင် ပြင်းအား ၆ ဒသမ ၉ အဆင့်ရှိ ကိုဘေးငလျင်၊ ၂၀၁၁ ခုနှစ်တွင် ပြင်းအား ၉ ဒသမ ၀ အဆင့်ရှိ တိုဟိုကုငလျင်စသောအကြီးစားငလျင်များအတွင်း ကူရိုဘေးတမံကြီး၏ အရေးကြီးသော ဖွဲ့စည်းပုံပျက်စီးမှုဖြစ်ပွားခဲ့ခြင်း မရှိခဲ့ကြောင်း သိရှိရပါသည်။ အခြားသော သဘာဝ ဘေးအန္တရာယ်ဖြစ်သည့် မိုးရွာသွန်းမှုများသော်လည်း ရေပိုလွှဲစနစ် ကောင်းစွာဒီဇိုင်းပြုလုပ်ထားသဖြင့် တမံကို ဘေးအန္တရာယ် ကင်းဝေးစေခဲ့သလို မြေပြို၊ မြစ်ကမ်းပါး ပြိုကျမှုအန္တရာယ်ကို လျော့စောက်ခိုင်ခံ့ရေး အစီအမံများဖြင့် ထိန်းချုပ်စီမံနိုင်ခဲ့သည်။

ဂျပန်နိုင်ငံ၏ အရေးပါဆုံးသော အင်ဂျင်နီယာ အမွေအနှစ်တစ်ခုဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အားပေးကူရိုဘေးတမံသည် သဘာဝဘေးဒဏ်အမျိုးမျိုးကို ကြံ့ကြံ့ခံလျက်ရှိပြီး ယနေ့အထိ နှစ်ပေါင်း ၆၀ ကျော်ကြာ ပုံမှန်လည်ပတ်နေဆဲဖြစ်ကာ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းအပြင် ခရီးသွားအပန်းဖြေနေရာတစ်ခုအဖြစ်လည်း အကျိုးပြုလျက်ရှိနေပါသည်။ ကမ္ဘာ့တမံအင်ဂျင်နီယာများအတွက် ကူရိုဘေးတမံ၏ အရေးပါမှုအနေဖြင့် ငလျင်များသော ဒေသတွင်း အမြင့်တမံကြီးများ ဆောက်လုပ်နိုင်ကြောင်း ပြသခဲ့ပြီး ငလျင်ဒဏ်ခံတမံဒီဇိုင်းအတွက် ကမ္ဘာ့စံနမူနာတစ်ခုအဖြစ် အခိုင်အမာ ရပ်တည်နေပါသည်။

ထို့အပြင် ကူရိုဘေးတမံသည် ဂျပန်ကဲ့သို့ငလျင်များသော နိုင်ငံတွင် နည်းပညာမြင့် Arch Dam ကို အလွန်ခက်ခဲသော တောင်တန်းဒေသတွင် ဆောက်လုပ်နိုင်ခဲ့သည့်အတွက် ကမ္ဘာ့တမံအင်ဂျင်နီယာလောက၏ အောင်မြင်မှုကြီးတစ်ခုဖြစ်သည်။ ဤကူရိုဘေးတမံကို စံနမူနာကောင်းပြုလျက် မိမိတို့နိုင်ငံအတွက်လည်း အကောင်အထည်ဖော်တည်ဆောက်ရန်ပြင်ဆင်နေသည့် မြစ်ဆုံစီမံကိန်းသည် စစ်ကိုင်းပြတ်ရွေ့ကြောနှင့် ၂၅ ဒသမ ၄ ကီလိုမီတာ၊ မိုင်အားဖြင့် ၁၅ ဒသမ ၈၈ မိုင်ခန့် အကွာတွင် တည်ရှိနေသည်။ ငလျင်လှုပ်ခတ်နိုင်ခြေရှိသော အချိန်၊ တည်နေရာ၊ ပြင်းအား၊ ဗဟိုချက်တို့အား တိကျစွာခန့်မှန်း၍ မရသော်လည်း တာ၊ တမံဆိုင်ရာ ဆက်စပ်အဆောက်အအုံများ၏ ဒီဇိုင်းပုံစံများတွက်ချက်ရာတွင် တည်နေရာအပေါ်မူတည်၍ ငလျင်ပြင်းအား ပမာဏများကို တိကျစွာ ထည့်သွင်းတွက်ချက်ထားပါက ငလျင်ဒဏ်ခံနိုင်သော ဒီဇိုင်းများဖြင့် တည်ဆောက်နိုင်ပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ပြင်းအား ၇ ဒသမ ၇ အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီး အဆိုပါငလျင်လှုပ်ခတ်မှုနှင့် ပတ်သက်၍ စစ်ကိုင်းပြတ်ရွေ့ကြော မှ ၃၀ ဒသမ ၉ မီတာ အနီးတွင်တည်ရှိပြီး ငလျင်ပြင်းအား ၆ မဂ္ဂနီကျူ ခံနိုင်ရည် ရှိသော မြေသားတမံအမျိုးအစားဖြစ်သည့် ဖေါင်းတူတမံနှင့် စစ်ကိုင်းပြတ်ရွေ့ကြောပေါ်တွင် တည်ဆောက်ထားပြီး ငလျင်ပြင်းအား ၇ ဒသမ ၉ မဂ္ဂနီကျူခံနိုင်ရည်ရှိသော ကျောက်ဖြည့်တမံ အမျိုးအစားဖြစ်သည့် ဖြူးမြို့အနီးရှိ ကွန်းရေလှောင် တမံတို့သည် ချို့ယွင်းမှုတစ်စုံတစ်ရာ မရှိခဲ့သည်မှာ အများအမြင်ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ အကြီးဆုံးသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုဖြစ်သော ရဲရွာရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်ငယ်မြစ်ပေါ်တွင်တည်ရှိပြီး အမြင့် ၁၃၄ မီတာ အလျားမီတာ ၆၉၀ ရှိသော ကွန်ကရစ်တမံကြီးသည်လည်း ယနေ့ထက်တိုင် အပျက်အစီးမရှိ နိုင်ငံတော်ကို အကျိုးပြုနေဆဲဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် လူအများစု၏ ငလျင်ဘေး အန္တရာယ်နှင့် အဆောက်အအုံခိုင်ခံ့ရေး ဖွဲ့စည်းတည်ဆောက်ပုံများကို ပိုမိုအလေးထား အာရုံစိုက်လာကြသကဲ့သို့ မြစ်ဆုံတမံတည်ဆောက်မည့်နေရာတွင် ယခင်ဒီဇိုင်းခံနိုင်အား ၇ ဒသမ ၁ မဂ္ဂနီကျူမှ ယခုအခါ ထိုမန္တလေးငလျင်ကြီး လှုပ်ခတ်မှုပမာဏထက် ပိုမိုခံနိုင်ရည်ရှိသောဒီဇိုင်းကို ကမ္ဘာ့အကြီးဆုံးတမံကြီးများကို ဒီဇိုင်းတွက်ချက်ခဲ့သည့် Changjiang Institute of Survey, Planning, Design and Research (CISPDR) Design Institute အဖွဲ့မှ ပညာရှင်များဖြင့် အကြံပြုတွက်ချက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အထက်တွင်ရေးသားခဲ့သလိုတမံတည်ဆောက်မှု နည်းပညာတိုးတက်လာမှုရှိခြင်း ဒီဇိုင်းရွေးချယ်တည်ဆောက်မှုမှန်ကန်မှုရှိခြင်း၊ စောင့်ကြည့်လေ့လာမှုကောင်းမွန်ခြင်း၊ အရည်အသွေးထိန်းချုပ်မှု တိကျကောင်းမွန်ခြင်းတို့ကြောင့် တမံကြီးများသည် ငလျင်ဒဏ်ကို ကောင်းမွန်လုံခြုံစွာ ခံနိုင်ရည်ရှိပါသည်။

### ဧရာဝတီမြစ်၏ နုန်းတင်ပို့မှုအခြေအနေနှင့် မြစ်ကြောင်းပြောင်းလဲလာမှု

ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်ပြီး မြန်မာနိုင်ငံ မြောက်ဖျားပိုင်းရှိ ဟိမဝန္တာရေခဲတောင်များမှ မြစ်ဖျားခံလာသော မေခမြစ်နှင့် မလိခမြစ်တို့သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီးတွင်ပေါင်းဆုံ၍ နိုင်ငံ၏ မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းကာ အိန္ဒိယ သမုဒ္ဒရာအတွင်းသို့ စီးဝင်ပါသည်။ မြစ်ကြီး၏ အလျားမှာ ၁၃၇၅ မိုင်အရှည်ရှိပြီး ရေကြောင်းသွားလာနိုင်သည့် အလျားမှာ မိုင် ၉၅၀ ကျော်ခန့် ရှိပါသည်။ မြစ်ရေစီးဆင်းမှုပမာဏသည် နှစ်စဉ်ပျမ်းမျှအားဖြင့် ကုဗမီတာ သန်း ၈၆၀၀၀ ခန့်ရှိပါသည်။ မိုးရွာသွန်းမှုအနေဖြင့် မိုးရေချိန် လက်မ ၄၀ မှ ၁၅၈ အထိ ရွာသွန်းလေ့ရှိပြီး ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လတို့သည် မိုးရွာသွန်းမှုများပြားသော ကာလဖြစ်ပါသည်။

နှစ်စဉ် မြစ်ရေစီးဆင်းမှုအခြေအနေမှာ ရာသီဥတု၊ မိုးလေဝသနှင့် ဇလဗေဒအခြေအနေပေါ်မူတည်ပြောင်းလဲတတ်ပါသည်။ မြစ်ကြမ်းပြင် လျှောစောက်မှာ မြစ်ဆုံအထက်ပိုင်းဒေသသည် ပိုမိုမက်စောက်ပြီး ထိုနေရာမှစ၍ ဟင်္သာတမြို့အထိ မြစ်ကြမ်းပြင်လျှောစောက်မှာ ပြေပြစ်ပါသည်။

မြစ်ကြမ်းပြင်၏ ရေစီးပြောင်းလဲမှုကြောင့် သဲ၊ နုန်းနှင့် မြေများကို များစွာသယ်ဆောင်သည့် မြစ်ကြီးလည်းဖြစ်သည်။ မြစ်ကြီး၏ သဲနုန်းတင်ပို့မှုတွင် ပါဝင်သယ်ဆောင်သော သဲနုန်းအမျိုးအစားများကို အဓိကအားဖြင့် သုံးမျိုးခွဲခြားနိုင်သည်။ ပထမတစ်မျိုးမှာ Bed load ဟုခေါ်သော မြစ်ကြမ်းပြင်အောက်ခြေတွင် လိမ့်၊ လျှော၍ သယ်ဆောင်လာသည့် သဲနုန်းကြီးများသည် မြစ်ကောမှုကို အဓိကဖြစ်စေပါသည်။ ဒုတိယတစ်မျိုးမှာ Suspended load ဟုခေါ်သော မြစ်ရေအတွင်း ပျံ့နှံ့သယ်ဆောင်လာသည့် သဲ၊ ရွှံ့နှင့် နုန်းများဖြစ်ပြီး ၎င်းတို့သည် မြစ်ဝကျွန်း၊ မြေနုကျွန်းများ ဖန်တီးဖြစ်ပေါ်တည်ဆောက်ရာတွင် အရေးပါပါသည်။

တတိယတစ်မျိုးမှာ Wash load ဟုခေါ်သော အလွန်သေးငယ်ပြီး အလွယ်တကူ သယ်ဆောင်နိုင်သည့် သဲ၊ နုန်းများ ဖြစ်ပါသည်။ ဧရာဝတီမြစ်ဝှမ်းသည် ဧရိယာ ၁၆၁၆၀၉ စတုရန်းမိုင်ခန့်ရှိပြီး မြန်မာနိုင်ငံရှိ လူဦးရေ၏ ၄၁ ရာခိုင်နှုန်းခန့်ကို အကျိုးပြုလျက်ရှိပါသည်။ ထို့အပြင် ဧရာဝတီမြစ်ကြီးသည် မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးတို့အတွက် အရေးပါသော ပင်မမြစ်ကြီးတစ်စင်းဖြစ်သဖြင့် မြစ်ကြီး၏ဝဲယာ မြစ်ရိုးတစ်လျှောက် မြေနိမ့်လွင်ပြင်များ၌ မြို့နှင့်ကျေးရွာများ တည်ရှိပါသည်။

ဧရာဝတီမြစ်ကြီး၏ ဝဲယာမြစ်ကမ်းပါးများကို လုံလောက်စွာ ကာကွယ်ထားနိုင်မရှိခြင်းကြောင့် နှစ်စဉ် ကမ်းပါးပြိုမှုဖြစ်ပွားခြင်း၊ ရေဝေရေလဲ ဒေသများ၌ သစ်တောဖုံးလွှမ်းမှု လျော့နည်းလာခြင်း၊ မြေအသုံးချမှုပြောင်းလဲလာခြင်း၊ တရားမဝင် ရွှေကျင်ခြင်း၊ ကျောက်မျက်နှင့် ဓာတ်သတ္တုတူးဖော်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ မိုးရွာသွန်းမှုပုံစံပြောင်းလဲလာခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မြစ်အတွင်းသဲတူးဖော်မှု မညီမညာဖြစ်ခြင်း၊ မြစ်ကြောင်းကမ်းပါးထိန်းသိမ်းသည့် River training structure များ မရှိခြင်း၊ ရေစီးနှုန်းလျော့နည်းခြင်း၊ မြစ်ကြောင်းအောက်ပိုင်းဒေသတွင် လျှောစောက်နည်းလာခြင်း၊ ရေစီးအားမလုံလောက်သောကြောင့် သဲနုန်းတင်ကျန်လာခြင်း စသည်တို့ကြောင့်

“ရေဝေရေလဲဧရိယာများတွင် သစ်တောပြန်လည်ထူထောင်ခြင်း၊ သဲနုန်းဖမ်းတမံငယ်များ တည်ဆောက်ခြင်း၊ မြစ်ကမ်းပါးများထိန်းသိမ်းခြင်း၊ မြစ်ကြောင်းအတွင်း သင်္ဘောကြီးများ သွားလာနိုင်ရေးအတွက် လိုအပ်သော ရေစူးအမှတ်ရရှိရန် ထိန်းသိမ်းခြင်း၊ သတ်မှတ်ချက်နှင့်အညီ သဲတူးဖော်ခြင်း၊ ရေလမ်းကြောင်းထိန်းခြင်း၊ ထို့အပြင် အနိမ့်တမံများဖြစ်သော weir၊ barrage များကို Sediment flushing gates ထည့်သွင်းတည်ဆောက်ခြင်း၊ မြစ်ဝှမ်းပေါ်ရှိ တမံကြီးများမှ သက်စောင့်ရေ ထုတ်လွှတ်ပေးခြင်းဖြင့် ပင်လယ်ဆားငန်ရေဝင်ရောက်မှုကာကွယ်ရန်နှင့် သဲနုန်းသယ်ဆောင်နိုင်ရန် flow regime ကို စီမံခြင်း စသည်ဖြင့် အဆိုပါနည်းလမ်းအားလုံးကို ပေါင်းစပ်စီမံပြီး စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာ ကြည့်ရှုစစ်ဆေးခြင်းဖြင့် ဧရာဝတီမြစ်ကြီးကို ထိန်းသိမ်းရပေမည်”

*စာမျက်နှာ ၁၇ သို့*

# ပန်းတောင်းမြို့နယ် စွယ်တော်ကျေးရွာ၌ ပြည်သူ့စကားဝိုင်းကျင်းပ

ပန်းတောင်း မေ ၂၇

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသခံကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပြည်သူ့စကားဝိုင်းကို ယနေ့ မွန်းလွဲပိုင်းက စွယ်တော်ကျေးရွာဓမ္မာရုံ၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကားပြောကြားသည်။



ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများက ဌာနအလိုက် ဆောင်ရွက်ပေးလျက်ရှိသော ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာ တက်ရောက်လာကြသည့် ကျေးရွာသူ ကျေးရွာသားများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြ ဆွေးနွေးခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

# လှည်းကူးမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသပေး

လှည်းကူး မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းအထူးကုဆရာဝန်ကြီးများအဖွဲ့က ယနေ့နံနက်ပိုင်းတွင် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ အခမဲ့လာရောက်ကွင်းဆင်းကုသပေးသည်။



အဆိုပါ နယ်လှည့်ကွင်းဆင်းကုသရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန်ကြီး၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့ဝင်များက လာရောက်ပြသသည့် လူနာများအား လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့ကြပြီး လာရောက်ပြသသူ ၉၂ ဦးအား အထူးကုဆရာဝန်ကြီးများက အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

အိရွှေစင်လတ်

# မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာ၌ မိုးရာသီသစ်ပင်စိုက်ပွဲကျင်းပ

မော်လမြိုင် မေ ၂၇

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်သစ်တောဦးစီးဌာနက ကြီးမှူး၍ ယနေ့နံနက်ပိုင်းတွင် ဖားအောက်ကျေးရွာ ကုန်ထုတ်လမ်းဘေး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ ဒေသခံကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း ၁၀၀ တို့က မန်ဂျန်ရှားသစ်မျိုး ၁၀၀၀ အား စုပေါင်းစိုက်ပျိုးခဲ့သည်။

ခင်စန်းမြင့်(ပြန်/ဆက်)





နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းလုပ်ငန်းများကို မေ ၂၇ ရက်တွင် ပုဗ္ဗသီရိမြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီဝင်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီအရောင်းဆိုင် ငါးဆိုင်အား ဆီဆိုင်တာဝန်ခံများနှင့်ပူးပေါင်း၍ မီးဘေးလုံခြုံရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။

အောင်ကို(ပုဗ္ဗသီရိ)

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ ဆိုင်များ ပြည်သူလူထု အကျိုးရှိစေမည့် Quick Win လုပ်ငန်းဖြင့် မေ ၂၆ ရက်က ခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်စဉ်။

ဘာမီသာ(ပခုက္ကူ)






# အမျိုးသမီးငယ်ကို လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုလုပ်ကာ ဗီဒီယိုရိုက်ကူးခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၂၇

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့တွင် အမျိုးသမီးငယ်ကို လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုလုပ်ကာ ဗီဒီယိုရိုက်ကူးခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နေ မ-------၊(၁၀/၂၀၂၆)နှစ်သည် အိမ်ချင်းကပ်လျက်ရှိသည့် ရွှေနဒီ ရွှေနှင့် စာရေးကိရိယာအရောင်းဆိုင်မှ ပန်းတိမ်လုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းလွင်ဦး(ခ)ကိုလေး၊ (၆၁)နှစ်၊ (ဘ)ဦးမြကျော်၊ ပန်းတိမ်ဆရာ၊ အမှတ်(၅)ရပ်ကွက်၊ လယ်ဝေးမြို့နေသူနှင့် ခင်မင်ရင်းနှီးခဲ့ပြီး ဆိုင်သို့ မကြာခဏ သွားရောက်ဆော့ကစားလေ့ရှိကြောင်း၊ ၂၀၂၃ ခုနှစ်(ရက်/လ)မမှတ်မိတွင် ဦးဝင်းလွင်ဦး(ခ)ကိုလေးသည် မှန်ကောင်တာနောက်ရှိ ထိုင်ခုံပေါ်တွင်ထိုင်၍ ၎င်းအား ပေါင်ပေါ်တွင်ထိုင်စေပြီး ပွေ့ဖက်ခြင်း၊ လိင်အင်္ဂါအား ကိုင်တွယ်ခြင်းများ ပြုလုပ်ခဲ့ပြီး ထိုသို့ပြုလုပ်နေစဉ် ဦးဝင်းလွင်ဦး(ခ)ကိုလေးက ၎င်းအား ဖုန်းပေးကိုင်၍ ဂိမ်းဆော့စေခိုင်းထားကြောင်း။

နောက်တစ်နေ့တွင် ဦးဝင်းလွင်ဦး (ခ)ကိုလေးက ဆိုင်ပိုင်ရှင်များမရှိသည့်အချိန်တွင် အိမ်အပေါ်ထပ်ရှိ ဘုရားခန်းသို့ ခေါ်ဆောင်၍ ၎င်း၏ ဘောင်းဘီအားချွတ်ပြီး မဖွယ်မရာပြုလုပ်ကာ ဗီဒီယိုရိုက်ကူးခဲ့ကြောင်း၊ ဦးဝင်းလွင်ဦး(ခ)ကိုလေးက အဆိုပါဗီဒီယိုများအား Kolay 147147@gmail.com Google Drive တွင် သိမ်းဆည်းထားရှိခဲ့ကြောင်း စိစစ်သိရှိရသဖြင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု (နေပြည်တော်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ လယ်ဝေးမြို့မရဲစခန်း(ပ)၅၂/၂၀၂၆၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ် မေ ၂၅ ရက်တွင် လယ်ဝေးခရိုင်တရားရုံးမှ တရားခံ ဦးဝင်းလွင်ဦး(ခ)ကိုလေးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

*စာမျက်နှာ ၁၆ မှ*

မိုးရာသီ မိုးများသောကာလများတွင် နှစ်စဉ် သဲနုန်းဝင်ရောက်မှုမှာ တန် ၃၆၄ သန်း အထက်ရှိသည်ဟု ပညာရှင်များက ခန့်မှန်းထားကြကြောင်းကို Pub-Med Central တွင် ၂၀၂၁ ခုနှစ် မေလ ၁၃ ရက်၌ ရေးသားခဲ့သည့် အစီရင်ခံစာနှင့် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ICEM Asia က ၂၀၁၈ ခုနှစ် မတ်လ၌ ရေးသားခဲ့သည့် Final ESIA Report with ESMP Subproject 1, ESA for Stretch 1, and ESMP Monitoring and Reporting during Construction of Subproject 1 အရ သိရှိရပါသည်။

ရေစီးနှုန်းလျော့မှုကြောင့် သဲနုန်းတင်ကျန်မှုများပြားလာနိုင်ပါသည်။ သဲနုန်းတင်ပို့မှုက ရေစီးအားနှင့် တိုက်ရိုက်ဆက်နွှယ်နေသည်ဟု ပြောနိုင်ပါသည်။ မြစ်ကောလာမှုအခြေအနေကြောင့် မြစ်ကြောင်းပိုမိုကျယ်ပြန့်လာခြင်း၊ မြစ်ရေစီးဆင်းမှုများပြားသောကာလများတွင် မြစ်ကမ်းပါးများ တိုက်စားခံရခြင်း၊ သဲသောင်ခုံများနှင့် ရေလယ်ကျွန်းများ တိုးပွားလာခြင်း၊ ကမ်းတစ်ဖက်တွင် ကမ်းပါးပြိုကျမှုများပြားလာပြီး အခြားတစ်ဖက်တွင် သဲနုန်းတင်ပို့မှုများပြားလာခြင်း၊ ရေကြီးရေလျှံ ပိုမိုများပြားလာခြင်း၊ မြစ်ကြမ်းပြင်မြင့်တက်လာခြင်း၊ ရေလွှမ်းအမှတ်မြင့်တက်လာခြင်းနှင့် ရေကြောင်းသွားလာရေးလမ်းကြောင်း ခက်ခဲလာခြင်းတို့ ကြုံတွေ့နေရပါသည်။ ထို့အပြင် မြစ်အောက်ပိုင်းဒေသ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများတွင် သဲနုန်းများ အလွန်အကျွံတင်ပို့မှုကြောင့် မြစ်ခွဲ၊ မြစ်လက်တက်များ ပိတ်ဆို့ခြင်း၊ ရေလွှမ်းမိုးမှုအချိန်ကာလ ပိုမိုကြာမြင့်ခြင်းတို့ ဖြစ်ပေါ်နေပါသည်။

အထက်ဖော်ပြပါပြဿနာများကို ဖြေရှင်းနိုင်သော နည်းလမ်းများမှာ ရေဝေရေလဲဧရိယာများတွင် သစ်တောပြန်လည်ထူထောင်ခြင်း၊ သဲနုန်းဖမ်း တမံငယ်များ တည်ဆောက်ခြင်း၊ မြစ်ကမ်းပါးများထိန်းသိမ်းခြင်း၊ မြစ်ကြောင်းအတွင်း သင်္ဘောကြီးများ သွားလာနိုင်ရေးအတွက် လိုအပ်သော ရေစူးအမှတ်ရရှိရန် ထိန်းသိမ်းခြင်း၊ သတ်မှတ်ချက်နှင့် အညီ သဲတူးဖော်ခြင်း၊ ရေလမ်းကြောင်းထိန်းခြင်း၊ ထို့အပြင် အနိမ့်တမံများဖြစ်သော weir၊ barrage များကို Sediment flushing gates ထည့်သွင်းတည်ဆောက်ခြင်း၊ မြစ်ဝှမ်းပေါ်ရှိ တမံကြီးများမှ သက်စောင့်ရေ ထုတ်လွှတ်ပေးခြင်းဖြင့် ပင်လယ်ဆားငန်ရေဝင်ရောက်မှုကာကွယ်ရန်နှင့် သဲနုန်းသယ်ဆောင်နိုင်ရန် flow regime ကို စီမံခြင်းစသည်ဖြင့် အဆိုပါနည်းလမ်းအားလုံးကို ပေါင်းစပ်စီမံပြီး စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာ ကြည့်ရှုစစ်ဆေးခြင်းဖြင့် ဧရာဝတီမြစ်ကြီးကို ထိန်းသိမ်းရပေမည်။ ။

❖ ❖ ❖

## ပတ်စ်ပို့ပျောက်

လှိုင်ကျားဆိုင် ၁၃/လကန(နိုင်) ၇၂၂၁၁၂ ၏ နိုင်ငံကူးလက်မှတ်နံပါတ်မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–09678537193**

## ပတ်စ်ပို့ပျောက်

သန်းထွန်းလတ် ၁၃/လရန(နိုင်)၁၀၆၅၂၆ ၏ နိုင်ငံကူးလက်မှတ်နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–09457108022**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၄-၂၀၂၆ ရက်ထုတ် စာမျက်နှာ(၃၀) ပါ ယာဉ်အမှတ် 82W/26976 (ကမ-၃) ပျောက်ကြော်ငြာတွင် ဒေါ်ရီရီသန့် ၏ မှတ်ပုံတင်အမှတ် ၇/တငန(နိုင်)၁၃၁၅၇၉ အစား ၇/တငန(နိုင်)၀၁၃၁၅၇၉ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၈၄၈၄၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသီတာဝင်း ၁၀/ရမန(နိုင်)၂၀၆၁၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၉၉၃၄၂ ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ထွန်း ၁၀/သဖရ(နိုင်)၁၆၇၆၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘတ်ဂျက် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးကြီးကြပ်စစ်ဆေးရေးအရာရှိရုံး(က)အဆင့်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | PPRD/BGO/CON/CAP/T/1 (2026–2027) | တိုင်းဒေသကြီးကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် ရုံးအဆောက်အဦ (၉၀' x ၃၈') RC (၂) ထပ်(၂၄' x ၁၈' ပေါ်တီကို အပါအဝင်)ဆောက်လုပ်ခြင်း (ရေ၊ မီး၊ မိလ္လာ၊ ရေဆင်း၊ ရေမြောင်း အပါအဝင်)တည်ဆောက်ရေးလုပ်ငန်း | |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်နေ့ရက် – ၁-၆-၂၀၂၆ ရက်၊ (တနင်္လာနေ့)

(ခ) တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်နေ့ရက် – ၁၄-၆-၂၀၂၆ ရက်၊ (တနင်္ဂနွေနေ့)၊ (၁၆:၀၀ နာရီ) အထိ

(ဂ) တင်ဒါလျှောက်လွှာ လက်ခံမည့်နေ့ရက် – ၁၄- ၆ - ၂၀၂၆ ရက်၊ (တနင်္ဂနွေနေ့)၊ (၁၆:၀၀ နာရီ) အထိ

(ဃ) တင်ဒါတင်သွင်းရမည့်နေရာ – ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊တိုင်းဒေသကြီးကြီးကြပ်စစ်ဆေးရေး အရာရှိရုံး၊ ပဲခူးမြို့

(င) တင်ဒါဖွင့်ဖောက်ကြေညာမည့်ရက်– ဆက်သွယ်အကြောင်းကြားပါမည်။

၃။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ပဲခူးတိုင်းဒေသကြီး၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး(က) အဆင့်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် လူကိုယ်တိုင်လာရောက်ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပဲခူးတိုင်းဒေသကြီး၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး(က) အဆင့်၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၏ ဖုန်း ၀၉-၂၅၂၆၁၈၆၄၉၊ ၀၉-၇၈၄၀၃၉၅၁၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆိုလာရေတင်စီမံကိန်းများဆောင်ရွက်ရန် အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူဆောင်ရွက်လိုကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | မော်တာနှင့်ပန့်များ ဝယ်ယူခြင်း | 1 Lot |
| (ခ) | M.S Pipe နှင့် Flexible Pipe များဝယ်ယူခြင်း | 1 Lot |
| (ဂ) | Solar နှင့်ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း | 1 Lot |
| (ဃ) | Rock Bit, Drag Bit , DTH များဝယ်ယူခြင်း | 1 Lot |
| (င) | တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်း | 1 Lot |
| (စ) | မြေသယ်ယာဉ်ငှားရမ်းခြင်းလုပ်ငန်း | 1 Job |
| (ဆ) | Solar Lighting System များတပ်ဆင်ခြင်းလုပ်ငန်း | 1 Job |
| (ဇ) | BESS, Battery Backup တည်ဆောက်ခြင်းလုပ်ငန်း | 1 Job |

**အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်နေ့ရက်** – ၂၉-၅-၂၀၂၆ရက်မှ ၁၅-၆-၂၀၂၆ ရက်အထိ

အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်/အချိန် – ၁၆-၆-၂၀၂၆ ရက် (မွန်းတည့် ၁၂:၀၀ )နာရီ

အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန် – ၂၅-၆-၂၀၂၆ ရက် ( မွန်းလွဲ ၁၃:၀၀ ) နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား သတ်မှတ်ရက်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ( ရေအရင်းအမြစ် ) ၊ ဖြည့်တင်းရေးဌာနခွဲ-၂ ၊ ရုံးအမှတ်(၅၀)၊ နေပြည်တော် ၊ ဖုန်းနံပါတ်- ၀၉-၄၄၈၅၄၀၀၉၃၊ ၀၉-၂၅၉၂၇၁၉၁၇ ၊ ၀၉-၅၄၀၂၁၇ ၊ ၀၉-၅၁၅၂၃၇၀ ၊ ၀၉- ၄၂၆၄၅၀၈၁၂ တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်၊ အ.လ.က ငါးဘတ်အိုင်မှ လက်ထောက်မူလတန်းပြဆရာမ ဒေါ်ကြည်ဌေး ၈/မလန(နိုင်)၀၈၅၂၆၅ နှင့် ဒေါ်ကြည်ကြည်ဌေး တို့မှာ အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ကြည်ဌေး(ခ)ဒေါ်ကြည်ကြည်ဌေး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ ဦးပြုံးချိုလမ်း၊ မြေကွက်အမှတ် (၃၀၉)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးသိန်းဝင်း (၁၂/မဂတ (နိုင်) ၀၄၃၅၉၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူအမည်ပေါက်ပိုင်ရှင် ဦးသိန်းဝင်း ထံမှ ကျွန်ုပ်မ ဒေါ်အေးအေးတိုး (၁၂/မဂတ (နိုင်) ၀၄၂၀၇၆)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးတိုး (၁၂/မဂတ (နိုင်) ၀၄၂၀၇၆)
၀၉- ၅၁၅၄ ၂၂၈

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ ဣန္ဒာ (၆)လမ်း၊ မြေကွက်အမှတ် (၅၂၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးထွန်းမောင် (ပီအမ်အီး– ၁၁၀၀၆၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ အကျယ်အဝန်း (၁၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိသီဂီကျော် (၁၂/ဥကမ (နိုင်) ၂၀၁၇၀၉)ထံမှ ကျွန်မ ဒေါ်ဝင်းဝင်းအေး (၁၂/ဥကမ (နိုင်) ၁၂၃၉၄၉)က ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းအေး (၁၂/ဥကမ (နိုင်) ၁၂၃၉၄၉)
၀၉- ၄၄၃ ၀၁၈ ၁၄၅

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဌာနတင်ဒါကော်မတီ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၏ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း (၄) မျိုးကို ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | မှတ်ချက် |
|---|---|---|
| (က) | လူမှုဖူလုံရေးအဖွဲ့၊ ဥတ္တရသီရိ ဝန်ထမ်းအိမ်ရာ (၅၇'-၆" x ၆၈') RC ၄ ခန်းတွဲ ၄ ထပ် အမှုထမ်းအိမ်ရာ (၁) လုံးအား ငလျင်ဒဏ်ခံဒီဇိုင်းဖြင့် (Press Pile Foundation အပါအဝင်) ဆောက်လုပ်ခြင်း (အတွင်းရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါ)၊ ဂါလန် (၅၀၀၀) ဆံ့ Ground Tank (၂) လုံး ဆောက်လုပ်ခြင်း | Lot – 1 |
| (ခ) | လူမှုဖူလုံရေးအဖွဲ့၊ ဥတ္တရသီရိ ဝန်ထမ်းအိမ်ရာ (၅၇'-၆" x ၆၈') RC ၄ ခန်းတွဲ ၄ ထပ် အမှုထမ်းအိမ်ရာ (၁) လုံးအား ငလျင်ဒဏ်ခံဒီဇိုင်းဖြင့် (Press Pile Foundation အပါအဝင်) ဆောက်လုပ်ခြင်း (အတွင်းရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါ)၊ ဂါလန် (၅၀၀၀) ဆံ့ Ground Tank (၂) လုံး ဆောက်လုပ်ခြင်း | Lot – 2 |
| (ဂ) | လူမှုဖူလုံရေးအဖွဲ့၊ ဥတ္တရသီရိ ဝန်ထမ်းအိမ်ရာ (၅၇'-၆" x ၆၈') RC ၄ ခန်းတွဲ ၄ ထပ် အမှုထမ်းအိမ်ရာ (၁) လုံးအား ငလျင်ဒဏ်ခံဒီဇိုင်းဖြင့် (Press Pile Foundation အပါအဝင်) ဆောက်လုပ်ခြင်း (အတွင်းရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါ)၊ အုတ်ခြံစည်းရိုးကာရံခြင်း (၁၄၈၅'x၆')၊ ဂိတ်တံခါး (၂၅' x ၆') (၃) ပေါက် (RC Post RC Ground Beam RC Lintel)၊ ဂါလန် (၅၀၀၀) ဆံ့ Ground Tank (၂) လုံး ဆောက်လုပ်ခြင်း | Lot – 3 |
| (ဃ) | လူမှုဖူလုံရေးအဖွဲ့၊ ဥတ္တရသီရိ ဝန်ထမ်းအိမ်ရာ (၇၂'x၅၉') RC ၄ ခန်းတွဲ ၄ ထပ် အရာထမ်းအိမ်ရာ (၁) လုံး (ပေါ်တီကိုအပါအဝင်) အား ငလျင်ဒဏ်ခံဒီဇိုင်းဖြင့် (Press Pile Foundation အပါအဝင်) ဆောက်လုပ်ခြင်း (အတွင်းရေ၊ မီး၊ မိလ္လာ၊ Apron & Drain အပါ)၊ ကွန်ကရစ်လမ်း (Road Curb အပါ) (၁၀၀၀' x ၁၂' x ၈" ထု) နှင့် ဂါလန် (၅၀၀၀) ဆံ့ Ground Tank (၁) လုံး ဆောက်လုပ်ခြင်း | Lot – 4 |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် – ၈-၆-၂၀၂၆ရက်နေ့မှ၁၂-၆-၂၀၂၆ ရက်နေ့ အထိ (ရုံးချိန်အတွင်း) ၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ

၃။ တင်ဒါ Specification နှင့် ဈေးနှုန်းလွှာတင်သွင်းရမည့် နေ့ရက် – ၂၂-၆-၂၀၂၆ ရက်နေ့ (ရုံးချိန်အတွင်း) ၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ

၄။ တင်ဒါတင်သွင်းရမည့်နေရာ – လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)၊ အမှတ် ဥ (၇၇)၊ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိ ရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

၅။ သတ်မှတ်ချက်ထက် နောက်ကျတင်သွင်းလာသည့် လျှောက်လွှာများကို လုံးဝ (လုံးဝ) လက်ခံမည် မဟုတ်ပါ။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း–၀၉-၇၇၆၁၇၄၁၀၄၊ ၀၉-၆၈၉၃၂၃၁၁၀၊ ၀၉-၇၉၇၈၉၂၀၅၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါကော်မတီ**
**အလုပ်သမားဝန်ကြီးဌာန**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စက်ရုံနှင့်မော်တော်ယာဉ်ဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်တွင် အောက်ပါယာဉ်၊ စက်၊ ယန္တရားများအား အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် ဝယ်ယူမည် ဖြစ်ပါသည်-

| စဉ် | ယာဉ်၊ စက်၊ ယန္တရားအမျိုးအစား | ဝယ်ယူမည့် အရေအတွက် | လျှောက်လွှာ(၁)စုံ ဈေးနှုန်း(ကျပ်) |
|---|---|---|---|
| (က) | Light Truck | ၃ | ၁၀၀၀၀/- |
| (ခ) | Compactor 14 $m^3$ | ၂ | ၁၀၀၀၀/- |
| (ဂ) | EV အမှိုက်သိမ်းယာဉ် Compactor | ၂ | ၁၀၀၀၀/- |
| (ဃ) | Aerial & Scissor Lift | ၁ | ၁၀၀၀၀/- |

၂။ **အိတ်ဖွင့်တင်ဒါလျှောက်လွှာများ ရောင်းချခြင်း** – ၈-၆-၂၀၂၆ ရက်မှ ၁၂-၆-၂၀၂၆ ရက် ထိ

၃။ **တင်ဒါအချက်အလက်များ ရှင်းလင်းခြင်း** – ၁၅-၆-၂၀၂၆ ရက်မှ ၁၆-၆-၂၀၂၆ ရက် ထိ

၄။ **တင်ဒါအာမခံကြေးပေးသွင်းခြင်း နှင့် တင်ဒါပုံစံများ လက်ခံခြင်းနှင့် တင်ဒါပုံစံများစာရင်းပိတ်ခြင်း** – ၁၆-၆-၂၀၂၆ ရက်မှ ၁၉-၆-၂၀၂၆ ရက်ထိ

၅။ **လျှောက်လွှာရောင်းချမည့်နေရာ** – ၆၂ လမ်း(၁၀၆ x ၁၀၇)ကြား၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ချမ်းမြသာစည်မြို့နယ်

၆။ **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့် ရက်/အချိန်** – ၂၉-၆-၂၀၂၆ရက်၊ နံနက်(၁၀:၀၀)နာရီ

၇။ **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့် နေရာ** – ၂၆လမ်း၊ ၇၁x၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ(၁)

၈။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (ဖုန်း–၀၉-၄၀၄၇၂၀၄၀၀၊ ၀၉-၄၀၂၅၂၆၂၆၀)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းအသုံးစရိတ်၊ Safe City ခွင့်ပြုရန်ပုံငွေမှ မန္တလေးမြို့ရှိ Safe City Phase 1 ၊ 2 တို့အတွက် တင်ဒါလိုအပ်ချက်ပါ အတိုင်းဆောင်ရွက်ရန် CCTV နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းများအား တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်လိုသည့် ကုမ္ပဏီများအနေဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ၀၂-၄၀၂၄၉၅၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း၍ ဖြစ်စေ လျှောက်ထားနိုင်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက်** – (၂၇-၅-၂၀၂၆) ရက်(ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ရက်** – (၉-၆-၂၀၂၆)ရက် (အင်္ဂါနေ့) (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့် နေ့ရက်** – (၁၁-၆-၂၀၂၆)ရက် (ကြာသပတေးနေ့) (ရုံးချိန်အတွင်း)

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** – မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများအား လုံးဝ (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါတင်ပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး(၀၂-၄၀၂၄၉၅၆)၊ (၀၂-၄၀၃၆၉၂၃)သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင် အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျပ်သန်း ၂၀၀ အထက် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို သက်ဆိုင်ရာ လမ်းပိုင်းအလိုက် လုပ်ငန်းခွင် အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** – ၂၇-၅-၂၀၂၆ရက်မှ၁၀-၆-၂၀၂၆ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** – လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်မြို့

(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/ အချိန်** – ၁၁-၆-၂၀၂၆ရက်၊ ၁၆:၀၀ နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** – ၁၂-၆-၂၀၂၆ရက်၊ နံနက် ၁၀:၀၀နာရီ

(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** – လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တာချီလိတ်မြို့သို့ ရုံးချိန်အတွင်း ဖုန်း–၀၈၄- ၂၀၅၁၀၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင် အိတ်ဖွင့်တင်ဒါ အမှတ်စဉ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင်အတွင်းရှိ လမ်းအထူး အဖွဲ့ (၃) နှင့် မြို့နယ်များမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျပ်သန်း ၂၀၀ အထက် လမ်း/တံတား လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းနှင့် ဝန်ဆောင်မှုများကို သက်ဆိုင်ရာလမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ရယူလိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** – ၂၇-၅-၂၀၂၆ ရက်မှ ၁၀-၆-၂၀၂၆ ရက် အထိ(ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** – လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံမြို့

(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/ အချိန်** – ၁၁-၆-၂၀၂၆ ရက်၊ ၁၆:၀၀ နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** – ၁၂-၆-၂၀၂၆ ရက်၊ နံနက် ၁၀:၀၀ နာရီ

(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** – လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့

၂။ အသေးစိတ် သိရှိလိုပါက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ဖုန်း–၀၈၄- ၂၀၂၁၀၃၁၊ ၀၉-၇၇၉၀၆၅၈၉၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့ ပြည်စိုးကုန်း အခြေခံပညာ အထက်တန်းကျောင်း Grade–11 တွင် ပညာသင်ကြားနေသော မောင်အာကာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးနေအောင် ၇/သဝတ(နိုင်) ၁၃၁၄၉၂ ဖြစ်ပါကြောင်း။

**ဦးနေအောင်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ မရိုးကုန်းကျေးရွာအုပ်စု၊ မူလွန်အင်းတဲGrade–8တန်းမှ မောင်ဖုန်းခန့်သွေး ၏ ဖခင်အမည်မှန်မှာ ဦးကိုလင်း ၈/ရနခ(နိုင်)၀၉၉၁ ၁၉ ဖြစ်ပါကြောင်း။

**ဦးကိုလင်း**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက (အင်္ဂမော်) Grade-11 မှ မောင်ဥက္ကာလင်း၏ ဖခင် အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးမောင်နိုင် ၆/မအရ(နိုင်)၀၅၄၃၁၃ ဖြစ်ပါကြောင်း။

**ဦးမောင်နိုင်**

## ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ လောင်းလုံး မြို့နယ်၊ အင်းကြီးကျေးရွာနေ အထက (ကမြောကင်း) Grade-4မှ မခင်သီတာစိုး၏ ဖခင် စိုးအောင်၏အမည်မှန်မှာ ဦးစိုးစိုးအောင် ၆/လလန(နိုင်) ၁၀၁၈၃၅ ဖြစ်ပါကြောင်း။

**ဦးစိုးစိုးအောင်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/5583 ၏ ဖောင်းကြွနံပါတ်ပြား (၁)ချပ် ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန**
**(ရွာသာကြီး)**

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## ရုံးသုံးစက်ကိရိယာပစ္စည်းများ၊ ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူခြင်းနှင့် တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှု ဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့တွင် လိုအပ်သည့် ရုံးသုံးစက်ကိရိယာပစ္စည်းများ၊ ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူရန်နှင့် တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

(က) Lot-01 - ရုံးသုံးစက်ကိရိယာပစ္စည်းများ
(ခ) Lot-02 - ရုံးသုံးပရိဘောဂပစ္စည်းများ
(ဂ) Lot-03 - ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - (၂၉-၅-၂၀၂၆ ရက်မှ ၁၀-၆-၂၀၂၆ ရက်အထိ) ၀၉:၃၀ နာရီ မှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း)

၃။ **တင်ဒါလျှောက်လွှာလက်ခံမည့်ရက်** - (၂၉-၅-၂၀၂၆ ရက်မှ ၁၀-၆-၂၀၂၆ ရက်အထိ) ၀၉:၃၀ နာရီ မှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း)

၄။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူ တင်ပြရမည်။ တင်ဒါလျှောက်လွှာပုံစံများကို ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်သို့ လာရောက် ဝယ်ယူ / တင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါ စည်းမျဉ်းစည်းကမ်းနှင့် တင်ဒါခေါ်ယူသည့် အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၃၄၀၉၄၉၇၊ ၀၆၇-၃၄၀၉၅၅၀ တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**
**တင်ဒါစိစစ်ရေးနှင့်လက်ခံရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇) ရပ်ကွက်၊ ပြည်လမ်း၊ အမှတ် (၂၉)၊ (သလ္လာဝတီလမ်းနှင့် ဦးကျော်လှလမ်းထောင့်) ပေါ်တွင် ဆောက်လုပ်ထားသည့် 7 Mile Condominium ဟုခေါ်တွင်သည့် တိုက်အဆောက်အအုံ၏ အခန်းအမှတ် (၆၀၁)၊ အထပ်အမြင့် (၆) လွှာ၊ စတုရန်းပေ(၁၂၆၀) အကျယ်အဝန်းရှိသည့် တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူများဖြစ်သည့် ဦးမျိုးမြင့်ဇော် (၇/တငန(နိုင်)၀၁၂၈၈၅) နှင့် ဒေါ်တင်မျိုးမျိုး (၁၂/ကတတ(နိုင်)၀၀၈၃၆၀) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင် လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြညွန့်. B.A (Law), LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၀)**
**အမှတ်-၁၇/၂၁၊ မြေညီ၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၄၃၀၆၀၂၁၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြနန္ဒာလမ်း၊ မြေကွက်အမှတ်(၁၇၄၉)ဟုခေါ်တွင်သော မြေအလျားxအနံ ပေ(၄၀ x ၆၀)ရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်သန်း (MNO-၀၆၀၈၉၈) (၁၂/အစန(နိုင်)၀၃၇၇၄၉)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်တေဇ (၁၀/မလမ(နိုင်)၁၈၄၅၄၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၁၉၅၆) ဟုခေါ်တွင်သော မြေအလျားx အနံပေ (၄၀x၆၀)ရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား အမည်ပေါက် ပိုင်ဆိုင်သူ ဦးအုန်းမြင့် (BR-၀၀၆၂၃၀)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးထက်ညွန့် (၅/ထခန(နိုင်)၀၀၀၅၃၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ခင်စုစုမင်း (၁၂/တမန(နိုင်)၀၀၀၁၁၁)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၅၃၉၁, SAWA SDEE 115 M/C ယာဉ် လက်ဝယ်ရှိသူ ဦးကျော်ဇင်မွန် ၇/ကဝန(နိုင်)၁၀၃၆၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြိတ်)**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ အမှတ်(၂၂) မင်းကြီးညို ရပ်ကွက်၊ အကွက်အမှတ် (၁-ရေခဲစက်)၊ ဦးပိုင်(က/၃၀၂)၊ ဧရိယာ (၀.၁၂၄)ဧကအား ဦးအ(ရ်)ဂျွန်း အမည်ဖြင့် သက်တမ်းတွင်း၊ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍(၁၅) ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဦးအ(ရ်)ဂျွန်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်အား ထုတ် ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ တောင်ငူမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/90964, Luojia -110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်နိုင် ၁၄/မအန(နိုင်) ၁၉၁၉၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သောဆေးရုံသုံးစက်ပစ္စည်းကိရိယာများအား ဝယ်ယူရန် တင်ဒါအမှတ် - 5DMS/ 2026-2027(L) ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - (၂၉-၅-၂၀၂၆) ရက်၊ သောကြာနေ့

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ** - ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်

**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - (၁၂-၆-၂၀၂၆) ရက်၊ မွန်းတည့် (၁၂: ၀၀) နာရီ

**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၃၄၁၁၆၃၅၊ ၀၆၇-၃၄၁၁၅၄၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်မည့် အမရပူရမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စုပေါင်းရုံး(၅)ထပ်ဆောင် အကြီးစားပြင်ဆင်ခြင်း (၁၄၆'x၈၆'x၇၀') လုပ်ငန်းအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာပုံစံ ရယူနိုင်သည့်ရက်** - ၁ - ၆ -၂၀၂၆ ရက်မှ ၁၄-၆-၂၀၂၆ ရက်အထိ
(ခ) **တင်ဒါပေးသွင်းရမည့် နောက်ဆုံးရက်၊အချိန်** - ၁၄-၆-၂၀၂၆ ရက်၊ ၁၆:၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၁၆-၆-၂၀၂၆ ရက်၊ ၁၀:၀၀နာရီ
(ဃ) **တင်ဒါတင်သွင်းရမည့် နေရာ** - အမရပူရခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန(ယာယီရုံး)၊ရွှေဂူမ်းထုပ်ရပ်ကွက်၊ အမရပူရမြို့။
(င) **တင်ဒါဖွင့်မည့်နေရာ** - အမရပူရမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ (စုပေါင်းရုံးဝင်းအတွင်း)

၂။ အသေးစိတ်သိရှိလိုပါက ရုံးဖုန်းနံပါတ် ၀၂-၄၀၇၀၉၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

(၇-၃-၂၀၂၆)ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၄)၊ ကော်လံ (၂) တွင် ကန့်ကွက်နိုင်ကြောင်း ကြေညာသည့် နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀/ပေါင်းလောင်း-၁)၊ ဦးပိုင်/မြေကွက်အမှတ်(၅၇၃/၁၀၅၂၊ ၅၇၂/၁၀၅၃)၊ ဧရိယာ(၀ဒသမ၁၁၀)ကေရှိ ဒေါ်ဝင်းမာ ၉/ပမန(နိုင်)၀၀၃၁၇၁ (ပါ) ၅ဦး အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက်အား ဒေါ်ဝင်းမာ(ပါ)၅ဦး (ဒေါ်ဝင်းမာ၊ ဦးခင်မောင်ချို၊ ဦးအောင်ဇော်မိုး၊ ဒေါ်အိမွန်သင်း၊ ဒေါ်လွင်လွင်သိန်း) တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားခဲ့ပြီး အဆိုပါ ဒေါ်ဝင်းမာ (ပါ) ၅ဦး အမည်တွင်ပါရှိသော ဦးခင်မောင်ချို အမည်အစား ဒေါ်လှမြင့် ၉/ပမန(နိုင်)၀၀၃၀၄၆ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

(၇-၃-၂၀၂၆)ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၄)၊ ကော်လံ (၂)တွင် ကန့်ကွက် နိုင်ကြောင်းကြေညာသည့် နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင်(၁) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/ရုံးရပ်)ဦးပိုင်အမှတ် (၁၅^ခ)၊ ဧရိယာ (၀.၁၄၅)ကေရှိ ဒေါ်ဝင်းမာ ၉/ပမန(နိုင်)၀၀၃၁၇၁ (ပါ )၅ဦး အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား ဒေါ်ဝင်းမာ(ပါ) (၅) ဦး (ဒေါ်ဝင်းမာ၊ ဦးခင်မောင်ချို၊ ဦးအောင်ဇော်မိုး၊ ဒေါ်အိမွန်သင်း၊ ဒေါ်လွင်လွင်သိန်း)တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားခဲ့ပြီး၊ အဆိုပါဒေါ်ဝင်းမာ(ပါ )၅ဦး အမည်တွင်ပါသော ဦးခင်မောင်ချို အမည်အစား ဒေါ်လှမြင့် ၉/ပမန(နိုင်)၀၀၃၀၄၆ဟုပြင်ဆင်ဖတ်ရှုပါရန်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ မြောင်းပုလဲရပ်နေ အမက(ထားဝယ်) Grade-5မှ မသက်သက်စိုး၏ ဖခင် ဦးညီနိုင်၏ အမည်မှန်မှာ ဦးခင်မောင်စိုး ၆/ထဝန(နိုင်)၀၆၈၄၈၁ ဖြစ်ပါကြောင်း။

**ဦးခင်မောင်စိုး**

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ ကြက်စားပြင်ရပ်နေ စောမိညို အမက(မူလွန်) Grade-5 မှ မဝတ်မှုန်ဦး၏ ဖခင် ဦးသိန်းထွန်း ၏ အမည်မှန်မှာ ဦးမျိုးလွင်ဦး ၆/လလန(နိုင်)၀၉၀၀၆၈ ဖြစ်ပါကြောင်း။

**ဦးမျိုးလွင်ဦး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၈)ရပ်ကွက်၊ မြေတိုင်းအမှတ် (၂၄)၊ မြေကွက်အမှတ် (၄)၊ မြေဧရိယာ(၀ဒသမ၀၅၅)ကေရှိမြေအား ဒေါ်အေးချမ်းခင်မှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း) များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၈

ဒေါ်ရီရီလွင် **နှင့်** ဒေါ်စကီနာ(ခ)ဒေါ်ခွေးမ
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း၊ အမှတ်(၇၄၇) နေ ဒေါ်စကီနာ(ခ)ဒေါ်ခွေးမ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ်၌ ပဋိညာဉ်အတိုင်းအိမ်ခြံမြေ အရောင်းအဝယ်စာချုပ်အား တရားဝင် မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၉ ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေသော်သော်ဝင်း)**
**မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့၊ သီရိနန္ဒာရပ်ကွက်နေ (ဘ)ဦးမောင်ခင်၏ သမီး ဒေါ်အိအိစန်း နှင့် ဒေါ်အိအိဆန်း ၁၀/ရမန(နိုင်)၀၈၅၂၀၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်အိအိစန်း(ခ)ဒေါ်အိအိဆန်း**

## အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ တိုးချဲ့ (၅) လမ်းနေ (ဘ) ဦးထွန်းအောင်သိန်း၏ သမီး မဖြူဝင်းရွှေ ၏ အမည်မှန်မှာ မဖြူဝင်းချေ ၁၁/ကဖန(နိုင်)၀၈၅၁၁၄ ဖြစ်ပါကြောင်း။

**မဖြူဝင်းချေ**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့၊ အထက ကျောင်း Grade-6 မှ ဇင်မာနွယ် လရောင်ဦး၏ ဖခင်အမည်မှန်မှာ မောင်ပေါ်ကျိမ်နမ့် ၁၃/လရန(နိုင်)၁၁၄၈၅၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပင်လုံမြို့၊ အထက (၁) မွေးမြူရေး တတိယနှစ် Grade-12 တွင် တက်ရောက်နေသည့် နန်းမီးငယ် ၁၃/လလန (နိုင်) ၁၃၆၃၆၅ ၏ ဖခင်အမည်မှန်မှာ ဦးခွန်အောင်ဆန်း ၁၃/ဟပန(နိုင်)၀၄၆၆၃၁ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင် (၈/၃)၊ အခန်း (၉) ၏ အမည်ပေါက်ပိုင်ရှင် ဦးညွန့်ရွှေ(ISN-580498)(၁၂/မရက(နိုင်) ၁၁၃၇၈၃)က ၎င်းအမည်ဖြင့် ချထားပေးသော ငွေသွင်းချလန်၊ အခန်းချပါမစ်နှင့် ဆိုင်ခန်းမှတ်ပုံတင်စာအုပ်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် ငွေသွင်းချလန်၊ အခန်းချပါမစ်နှင့် ဆိုင်ခန်းမှတ်ပုံတင်စာအုပ် မိတ္တူမှန်ထုတ်ယူရန် လျှောက်ထားလာပါသည်။ ဦးညွန့်ရွှေ၏ လျှောက်ထားမှုအပေါ်ကန့်ကွက်လိုပါက စော်ဘွားကြီးကုန်း ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်း၊ အထောက်အထား ပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**တာဝန်ခံအရာရှိ**
**စော်ဘွားကြီးကုန်းပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၈၊ မြေကွက်အမှတ် ၄၉၂၊ ဦးဖိုးလှိုင်(၃)လမ်း၊ ဒေါ်ခင်မမဦး အမည်ပေါက် (ပါမစ်) (ပေ၄၀ x ပေ၆၀)ရှိ မြေကွက်ကြီးထဲမှ တရားဝင်မခွဲမစိတ်ရသေးသည့် (ခြေရင်းဘက်ခြမ်း) (ပေ ၂၀ x ပေ ၆၀)ရှိ နေအိမ်၊ မြေကွက်ကို အဆက်အစပ် စာချုပ်များဖြင့် လက်ရှိထားပိုင်ဆိုင် စီမံခန့်ခွဲလွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဒေါ်ချိုချိုဝင်း E/DGI MTT-၀၁၁၃၅၀မှ ဝန်ခံကတိပြုပြောဆို၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဆာရဒါး ၇/ဖမန(နိုင်) ၂၁၂၁၄၀မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတိုင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာနည်ဝင်း(ခ)ဇာနီဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၀၄၁)**
**ဖုန်း-၀၉-၈၈၁၉၀၃၃၉၉**

## ပြင်ဆင်ဖတ်ရှုပါရန်

(၇-၃-၂၀၂၆)ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁)၊ ကော်လံ(၂) တွင် ကန့်ကွက် နိုင်ကြောင်းကြေညာသည့် နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၀/ပေါင်းလောင်း-၁)၊ ဦးပိုင်/မြေကွက်အမှတ် (၆၀၇/၁၀၅၄) ဧရိယာ(၀.၀၅၅)ကေရှိ ဒေါ်ဝင်းမာ ၉/ပမန(နိုင်)၀၀၃၁၇၁(ပါ )၅ဦး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်ဝင်းမာ(ပါ)၅ဦး ဒေါ်ဝင်းမာ၊ ဦးခင်မောင်ချို၊ ဦးအောင်ဇော်မိုး၊ ဒေါ်အိမွန်သင်း၊ ဒေါ်လွင်လွင်သိန်းတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားခဲ့ပြီး အဆိုပါ ဒေါ်ဝင်းမာ(ပါ )၅ဦး အမည်တွင်ပါသော ဦးခင်မောင်ချို အမည်အစား ဒေါ်လှမြင့် ၉/ပမန(နိုင်)၀၀၃၀၄၆ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မိတ္ထီလာစီးပွားရေးတက္ကသိုလ်
## မဟာဘွဲ့သင်တန်းများဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း ကြေညာချက်

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မိတ္ထီလာစီးပွားရေးတက္ကသိုလ်က နေပြည်တော်၊ မိတ္ထီလာနှင့် မန္တလေးတွင် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့ သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်-

(၁) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA)သင်တန်း၊ အမှတ်စဉ် (၇)၊ နေပြည်တော်
(၂) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA) သင်တန်း၊ အမှတ်စဉ် (၇)၊ နေပြည်တော်
(၃) အသုံးချစာရင်းအင်းပညာမဟာဘွဲ့ (MAS) သင်တန်း၊ အမှတ်စဉ် (၅)၊ နေပြည်တော်
(၄) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) သင်တန်း၊ အမှတ်စဉ် (၂၁)၊ မိတ္ထီလာ
(၅) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA) သင်တန်း၊ အမှတ်စဉ် (၂၁)၊ မိတ္ထီလာ
(၆) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA) သင်တန်း၊ အမှတ်စဉ် (၁၃)၊ မန္တလေး
(၇) ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုမဟာဘွဲ့ (MPA) သင်တန်း၊ အမှတ်စဉ်(၉)၊ မန္တလေး
(၈) ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေးပညာမဟာဘွဲ့ (MBF) သင်တန်း၊ အမှတ်စဉ် (၇) ၊ နေပြည်တော်
(၉) ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (MDevS)သင်တန်း၊ အမှတ်စဉ် (၇)၊ နေပြည်တော်

၂။ အဆိုပါဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခုတက်ရောက်နေသူမဖြစ်စေရ။
(ဂ) ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဌာန၏ အချိန်ပြည့်သင်တန်း တက်ရောက်ရန် ခွင့်ပြုချက်တင်ပြနိုင်သူ ဖြစ်ရမည်။
(ဃ) ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေးပညာမဟာဘွဲ့ (MBF)သင်တန်း အတွက် ဘဏ်လုပ်ငန်းဆိုင်ရာ အတွေ့အကြုံ (လုပ်သက်) အနည်းဆုံး (၂) နှစ်ရှိသူ ဖြစ်ရမည်။
(င) သက်ဆိုင်ရာအကြီးအကဲ၏ ထောက်ခံချက် လက်မှတ်ပါရှိရမည်။
(စ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်တက်ရောက် နိုင်သူ ဖြစ်ရမည်။
(ဆ) ကွန်ပျူတာတတ်မြောက်မှု ကျွမ်းကျင်ပြီး Google Classroom နှင့် Zoom Application များအားကောင်းစွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

၃။ သင်တန်းတက်ရောက်လိုသူများသည် ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေ စာမေးပွဲဖြေဆိုရပါမည်။ ရေးဖြေစာမေးပွဲများတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၄။ MBA, MPA,MAS,MBF,MDevS (နေပြည်တော်/မိတ္ထီလာ) သင်တန်း နှင့် သက်ဆိုင်သော သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို မိတ္ထီလာ စီးပွားရေးတက္ကသိုလ်နှင့် MBA, MPA (မန္တလေး) သင်တန်းနှင့် သက်ဆိုင် သော သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကိုမန္တလေးတက္ကသိုလ် တို့တွင် (၁-၆-၂၀၂၆) ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပြီး (၂၅-၆-၂၀၂၆) ရက်တွင် နောက်ဆုံးထား၍ လာရောက်တင်သွင်း နိုင်ပါသည်။

၅။ MBA, MPA,MAS,MBF,MDevS ( နေပြည်တော် / မိတ္ထီလာ ) သင်တန်း ဝင်ခွင့် ရေးဖြေ စာမေးပွဲကိုမိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် MBA, MPA (မန္တလေး) သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကို မန္တလေးတက္ကသိုလ် တို့တွင် (၂၇-၆၂၀၂၆) ရက်တွင် ကျင်းပမည်ဖြစ်ပါသည်။

၆။ သင်တန်းတက်ရောက်မှု အချိန်ဇယားမှာ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့ ဖြစ်ပါသည်။ သင်တန်းကာလမှာ (၂) နှစ် ဖြစ်ပါသည်။

၇။ သင်တန်းများနှင့်ပတ်သက်၍ အောက်ပါဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) ဌာနမှူး ၊ သင်တန်းရေးရာဌာန ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဖုန်း-၀၉- ၄၄၄၀၃၃၈၅၅
(ခ) ဌာနမှူးစီးပွားရေးပညာဌာန၊မန္တလေးတက္ကသိုလ် ဖုန်း-၀၉-၇၉၈၇၀၀၇၉၂
(ဂ) မော်ကွန်းထိန်း၊သင်တန်းရေးရာ၊မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဖုန်း- ၀၉-၄၄၀၈၉၄၅၁၄၊ ၀၉-၄၄၄၀၀၁၂၅၄

**သင်တန်းရေးရာဌာန**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ဃ/၈၂၈၆၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ဃ/၄၅၁၁၃ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ မူ(လွန်) ပငအနောက်ကျောင်းမှ Grade-3 အောင်မြင်ပြီးသူ မမေဇင် ခိုင်၏မိခင် ဒေါ်ခိုင်သက်မော်၏ အမည်မှန်မှာ ဒေါ်ခိုင်သဇင်မော် ၁၀/သဖရ(နိုင်)၂၂၆၅၂၁ ဖြစ်ပါကြောင်း။

**ဒေါ်ခိုင်သဇင်မော်**

## မွေးသက္ကရာဇ်အမှန်

မိုးကောင်းမြို့နယ်၊ နမ္မတီးမြို့၊ အလက (စက်ဝန်း) Grade-4 မှ ဦးလာတောင်၏သား မောင် D ဖိလစ် ၏ မွေးသက္ကရာဇ်အမှန်မှာ ၃၀-၁-၂၀၁၇ ဖြစ်ပါကြောင်း။

**ဦးလာတောင်**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးစီးတီးဟိုတယ်နှင့်ဆက်စပ်အဆောက်အအုံနှင့်ပတ်သက်၍ စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest – EOI) ခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ (၂၆ x ၂၇)လမ်းကြားနှင့် (၈၂ x ၈၃)လမ်းကြားရှိ မြေဧက (၁.၃၂၇၀)ဧကပေါ်ရှိ ယခင်မန္တလေးစီးတီးဟိုတယ် (RC- ၄ ထပ်)နှင့် ဆက်စပ်အဆောက်အအုံများအား သင့်လျော်သည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest – EOI)ခေါ်ယူသွားမည် ဖြစ်ပါသည်။

၂။ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအနေဖြင့် စိတ်ဝင်စားမှု အဆိုပြုလွှာ (EOI)ပုံစံကို တစ်စုံလျှင် ကျပ် ၅,၀၀,၀၀၀/- ၊ နှုန်းဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန၌ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၂၆) ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အချက်အလက်များ ဖြည့်သွင်းပြီးသည့် အဆိုပြုလွှာ(EOI)နှင့်ဆက်စပ် စာရွက်စာတမ်းများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနသို့ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၂)ရက်၊ ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၊ ၀၉-၆၈၀၃၆၂၁၂၁ ၊ ၀၉-၄၄၄၀၁၅၆၀၉၊ ၀၉ – ၇၉၈၆၄၄၈၅၈ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ခေမာ(၆) လမ်း၊ အမှတ်(၄၃၅)ဟု ခေါ်တွင်သည့် အကျယ်အဝန်းပေ(၃၀ x ၅၀)ရှိသော ဦးမောင်ငွေနှင့်ဦးစိုးသန်းထိုက် အမည်ပေါက် ဂရန်မြေကွက်အနက် အကျယ်အဝန်း (၁၅ x ၅၀)ပေရှိသော မြေကွက်(ခေါင်းရင်းခြမ်း)နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်သူ ဦးကျော်ကျော် (၇/ကဝန(နိုင်)၁၂၄၅၆၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဥမ္မာ (၉/ဝတန (နိုင်)၁၂၉၇၂၃)က အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက် အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဥမ္မာ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်သဇင်စိုး(LL.B) (D.B.L) (D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၄၄)**
**အမှတ်(၂၇၀)၊ ခေမာ(၂)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၇၄၆၀၀၈၉၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ ဦးသင်းဖေလမ်း၊ အမှတ်-(၃၈) နေထိုင်သူများဖြစ်ကြသည့် (၁) ဦးသီဟထွဋ် ၉/ခအဇ(နိုင်)၀၀၃၁၄၀၊ ( ၂ ) ဒေါ်ကြည်သန္တာဖြူ ၁၀/ခဆန(နိုင်)၀၇၃၃၇၈ တို့၏ လွှဲအပ်ညွှန်ကြား ချက်အရအောက်ပါ အတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့သည် (၁) ဦးသီဟထွဋ် ၉/ခအဇ(နိုင်)၀၀၃၁၄၀၊ ( ၂ ) ဒေါ်ကြည်သန္တာဖြူ ၁၀/ခဆန (နိုင်) ၀၇၃၃၇၈ သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ၊ မြေတိုင်းရပ်အကွက်အမှတ်- (၂၀/ခ)၊ လူနေရပ်ကွက် အမှတ်-(၁၆)ရပ်ကွက်၊ မြေကွက်အမှတ်-၁၃၃၊ ဧရိယာ(၀.၀၃၆)ဧက၊ (၁၅၀၀) စတုရန်းပေ၊(၁)ဒေါ်နှင်း၊ (၂)ဒေါ်အေးကျင် တို့၏အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေပေါ် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၊တိုက်အမှတ်-၃၅ အကျယ်ဝန်း (အလျား၁၄.၅ပေx အနံ၃၆.၅ပေ)(မြေညီ-ခြေရင်းခန်း)အား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက မည်သူမဆို (၇)ရက်အတွင်း မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ကျော်လွန်ပါက အပြီးသတ် အရောင်းအဝယ်အား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဉာဏ်လင်းအောင် (LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၅၉၁၄/၃ . ၉ .၂၀၁၉)**
**ရုံး - အမှတ်- ( ၇၄ )၊ မာလာမြိုင် ( ၄ ) လမ်း၊ အမှတ်(၁၆)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**PH; 09-422539 849, Email; nyanlinlawyer@gmail. com**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ အမှတ် (၄)၊ အောင်ဆန်းလမ်း၊ မြို့မရပ်ကွက်နေ ဦးကိုကိုကြီး ၉/သစန(နိုင်)၀၃၆၆၅၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးကိုကိုကြီး၏ သမီးဖြစ်သူ ဒေါ်ချောချောစု- ၉/သစန(နိုင်)၀၉၇၁၀၇သည် မိဘ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘစိတ်ဆင်းရဲစေသော ကိစ္စများအား အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သမီး အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက် သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အောင်**
**တရားလွှတ်တော်ရှေ့နေ (LL.B) စဉ်-၁၄၃၃၀(၂၇-၄-၂၀၁၈)**
**အမှတ် (၂၆)၊ ကျိုက်လတ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၀၁၅၈၇၄၃၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ အမှတ်(၄) ၊ အောင်ဆန်းလမ်း၊ မြို့မရပ်ကွက်နေ ဦးကိုကိုကြီး ၉/သစန(နိုင်) ၀၃၆၆၅၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးကိုကိုကြီး၏ သား ဦးသော်ကမောင်မောင် ၉/သစန(နိုင်) ၀၉၇၀၁၁သည် မိဘ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘစိတ်ဆင်းရဲစေသော ကိစ္စများအား အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၃၀(၂၇-၄-၂၀၁၈)**
**အမှတ်(၂၆)၊ ကျိုက်လတ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း -၀၉-၄၀၁၅၈၇၄၃၁**

## ညောင်နှစ်ပင်ဖုန်အနီးတွင် မြေကွက်ငှားရန်ရှိသည်

လန (၃၀) ကျပြီး မြေအကျယ် (၁၈) ဧကရှိသော မြေကွက်။
(ကားစက်ရုံဆောက်ရန် သင့်လျော်သည့်နေရာ)

**ဆက်သွယ်ရန်-**
**ဖုန်း-၀၉-၇၉၆၃၀၄၆၇၃**

## မြေကွက်နှင့် အဆောက်အအုံများ ရောင်းရန်ရှိသည်

၁။ ကုန်သည်လမ်းမပေါ်၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ 13,000 Sqft အကျယ်၊ အခန်း(၁၀၁)ခန်းရှိသော ဟိုတယ် (၁) လုံး
၂။ ပြည်လမ်း(8မိုင်ခွဲ)၊ 10,200 Sqft အကျယ်ရှိသော မြေကွက်
၃။ 9 မိုင်၊ ယိုးဒယားလမ်း၊ (20,000 Sqft) နှင့်(15,000 Sqft) အကျယ်ရှိသော မြေကွက်များ
၄။ ရန်ကင်း၊ ဆည်မြောင်းလမ်း၊(၁၀၅ပေ x ပေ၁၅၀) 15,750 Sqft အကျယ်ရှိသော မြေကွက်
၅။ သမိုင်း၊ အင်းစိန်လမ်းမပေါ်၊ 2,613 Sqft အကျယ်ရှိသော မြေကွက်
၆။ ရွှေပြည်သာမြို့နယ်၊ အမှတ်(၄)လမ်းမပေါ်၊ (ပေ ၁၀၀ x ပေ ၁၀၀) အကျယ်ရှိသော မြေကွက်
၇။ လှိုင်သာယာစက်မှုဇုန်(၄)၊ အဆောက်အအုံအကျယ်-40,000 Sqft ၊ မြေအကျယ် (၁ဒသမ၂၁၁) ဧက အကျယ်ရှိသော မြေကွက်
၈။ ပဲခူးမြို့၊ ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်၊ (၀ ဒသမ ၉) ဧက အကျယ်ရှိသော မြေကွက်

**ဆက်သွယ်ရန် -**
**Viber only -၀၉-၅၅၀၄၆၂၃**
**ဖုန်း-၀၉-၇၈၅၅၀၄၆၂၃၊ ၀၉-၇၉၆၃၀၄၆၇၃**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးလို့တု၏သမီး ကျွန်မ ဆားနော်(၁၃/တခလ(နိုင်)၀၀၆၃၁၆) ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၁၃၉၈၅၅၄**

## ဖခင်အမည်မှန်

မိုင်းဆတ်မြို့၊ မယ်ဆွမ် မြောက်ရပ်ကွက်၊ဝမ်ဟုန်း(ကွက်သစ်) ရပ်နေ မောင်စိုင်းကွမ်လျှမ်း ၏ ဖခင်အမည်မှန်မှာ ဦးမြတ်မင်းဦး (၉/သစန(နိုင်)၂၀၀၅၀၇) ဖြစ်ပါကြောင်း။

**ဦးမြတ်မင်းဦး**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၅-၂၀၂၆ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၁) ဒေါ်ရွှေဇင်အိ၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၉၂) ၏ အများသိစေရန် ကြေညာခြင်း ကြော်ငြာတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ အခန်းအမှတ် (ဘီ-၄) အစား (ဘီ-၅)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

မိုင်းဆတ်မြို့၊ အလက(ကာန)၊ Grade-4 မှ မနန်းဟွမ်နွန်းဦး နှင့် Grade-2 မှ မနန်းမိုဟွမ်ခေးတို့၏ ဖခင်အမည်မှန်မှာ ဦးမြတ်မင်းဦး (၉/သစန(နိုင်)၂၀၀၅၀၇) ဖြစ်ပါကြောင်း။

**ဦးမြတ်မင်းဦး**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၈၅-ကံဘဲ့ ၊ မြေကွက်အမှတ်- ၃/A-၅/ခ ၊ ဧရိယာ- ၀. ၁၂၁ ဧက ရှိ မြေပိုင်ဂရန်မြေ (အိမ်ယာမြေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၇) ရပ်ကွက်၊ ပြည်တော်အေးရိပ်သာလမ်း၊ အမှတ် (၃) ဟုခေါ်တွင်သည့် (၁) ထပ်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ ပူးတွဲအမည်ပေါက်၍ တရားဝင်လက်ရှိပိုင်ဆိုင်သူများဖြစ်သည့် ဦးနီသိန်းဦး (၁၂/ရကန (နိုင်) ၀၂၇၉၁၀)၊ ဦးစိုးလွင်သိန်း (၁၂/ရကန (နိုင်) ၀၂၇၈၀၄)၊ ဒေါ်လတ်လတ်ဖြူသိန်း (၅/ဆလက (နိုင်) ၀၀၀၁၀၂) နှင့် ဦးအောင်ကိုကိုသိန်း (၅/ဆလက (နိုင်) ၀၀၀၁၀၃) တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ ညွှန်ကြားချက်အရ**
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)**
**အမှတ်- ၁၅/F၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၃၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ ဦးမြင့်မောင် (၁၂/တတန (နိုင်) ၀၀၀၃၃၃) ၏လွှဲအပ်ချက်အရ ကြေညာအပ်ပါသည်။ တွံတေးမြို့နယ်၊ တမံကြီးကျေးရွာအုပ်စု ဦးစံညိမ်းကျေးရွာရှိ အကျယ် ပေ(၈၀x၆၀)ရှိ မြေနှင့် ယင်းမြေပေါ်ရှိ စပါးကျည်တစ်လုံးအား မိမိတစ်ဦးတည်း အရှုပ်အရှင်းကင်းရှင်းစွာပိုင်ဆိုင်ကြောင်း ပြောဆို၍လွှဲပြောင်းရောင်းချလိုကြောင်း ဒေါ်မာမာလွင် (၁၂/တတန(နိုင်)၂၅၃၀၉) မှ ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် သဘောတူညီလျက် (၂၄ - ၅ - ၂၀၂၆) ရက်တွင် မြေကွက်နှင့် စပါးကျည်ရောင်းဖိုးငွေ၏ အစိတ်အပိုင်းတစ်ရပ်အား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် စပါးကျည်အရောင်းအဝယ်ကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ စာချုပ်စာတမ်း အထောက်အထားမူရင်း(မူရင်း)များနှင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးသန့်ဇင်လှိုင်**
**(LL.B), B.A (Business Law),CBL အထက်တန်းရှေ့နေ(စဉ်-၅၀၈၃၈/ ၂၆.၃.၂၀၁၉)**
**တိုက်(၄၁)၊ အခန်း(၁၃)၊ ဗဟိုရိစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ - ၄၂၀၂၄၂၆၇၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ သီတာလမ်း၊ အမှတ် - (၆၀၃)တွင် နေထိုင်သူ ဒေါ်ခင်မြင့်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြင့်မြင့်နှင့် ဒေါ်ခင်မာစီတို့သည် (၁၄-၅-၂၀၂၆) ရက်နေ့စ်ဦးသဘောတူ ဝန်ခံကတိစာချုပ်အရ မြေကွက်များခွဲဝေလက်ခံရရှိကြောင်း အသီးသီးဝန်ခံကတိပြုပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်မြင့်မြင့် သေတမ်းစာအရ ခွဲဝေရရှိသောအင်းစိန်မြို့နယ်၊ ဖော့ကန်ကွင်း၊ ဦးပိုင်အမှတ်-၃၉၉ (က)၊ မြေကွက်အမှတ် (၆၄)၊ ဧရိယာ (၁၀ဒသမ၁၀) ဧကအား ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မရဘဲ မြေကွက်များခွဲစိတ်ရောင်းချခြင်း၊ အုတ်တံတိုင်း ခတ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း မပြုလုပ်ရန် တားမြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မြင့်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**နော်ဖေါကမွီးဝါးဝါးစော (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၂၇၀/၂၀၁၅)**
**အမှတ် - (၉)၊ မြိုင်သာယာလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၈၉၄၆၉၄၂၆၄**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ ကွင်းအမှတ် (၆၇၂)၊ ကျောင်းကုန်းနောက်၊ ဦးပိုင်အမှတ် (၃၂/၂)၊ ဧရိယာ (၁၉.၂၁) ဧက အကျယ်ရှိ ဦးကျော်ထွန်းထွန်းနိုင် (ခ) မောင်မောင်ကျော် အမည်ဖြင့် ပုံစံ (၇) ထွက်ရှိထားသော လယ်မြေသည် ဦးကျော်ထွန်းထွန်းနိုင်(ခ)မောင်မောင်ကျော် တစ်ဦးတည်း ပိုင်ဆိုင်သော လယ်မြေမဟုတ်ဘဲ ၎င်း၏မိဘများဖြစ်သော ဦးမြ-ဒေါ်ဆယ်(ခ) ဒေါ်တင်မြတို့ပိုင်ဆိုင်သည့် လယ်မြေဖြစ်ပြီး ၎င်းတို့မှ မွေးဖွားထားသော ဦးခင်သောင်း၊ ဒေါ်တင်မြင့်၊ ဒေါ်ခင်သန်းမြင့်(ခ)ဒေါ်သန်းမြင့်အောင်၊ ဦးကျော်ထွန်းထွန်းနိုင်၊ ဦးဝင်းကျော်မျိုးတို့ မောင်နှမ (၅) ဦး ပိုင်ဆိုင်သော အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါလယ်မြေအား အထက်အမည်ပါမောင်နှမ (၅) ဦး မသိရှိဘဲ သဘောမတူဘဲ အရောင်းအဝယ်ပြုခြင်း၊ အမည်ပြောင်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အမွေဆိုင်များ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၀)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၉၄၂၃၇၉၅**

## အများသိစေရန် သတိပေးတားမြစ်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်(ခ) မကျင်ရင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်ကြေညာအပ်ပါသည်-

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ နယ်မြေ (၂)၊ ဘုရားဖြူရပ်ကွက်၊ ပန်သစ္စာလမ်း၊ အမှတ်(၂/၂၃၁)ရှိ အိမ်ရာမြေကွက် မှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်(ခ)မကျင်ရင် ၁၃/တကန(နိုင်)၀၀၃၆၄၈ နှင့် ၎င်း၏ညီမဖြစ်သူ မကျင်စင် ၁၃/တကန (နိုင်)၀၀၃၆၄၇ တို့ ညီအစ်မနှစ်ဦးက လွန်ခဲ့သည့် ၁၉၉၉ ခုနှစ်ခန့်ကပင် စပ်တူ ဝယ်ယူထားခြင်းဖြစ်ပြီး ၎င်းမြေကွက်ပေါ်ရှိ နေအိမ်မှာလည်း မိဘနှစ်ပါးသေတစ်ပန် သက်တစ်ဆုံးအေးချမ်းလုံခြုံစွာ နေထိုင်သွားစေရန်အတွက် ဒေါ်မြင့်မြင့် (ခ) မကျင်ရင်၏ တစ်ဦးတည်းကုန်ကျငွေဖြင့် ဆောက်လုပ်ထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ အိမ်ရာမြေကွက်နှင့် နေအိမ်အား ဒေါ်မြင့်မြင့်(ခ)မကျင်ရင်၏ သဘောတူညီမှုမပါဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်လုံးဝမရှိပါကြောင်းနှင့် အကယ်၍ ယင်းကဲ့သို့လုပ်ဆောင်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်(ခ)မကျင်ရင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမင်းသိန်းအောင်(LL.B)၊ အထက်တန်းရှေ့နေ(စဉ် - ၃၇၇၈၁)**
**အမှတ်(၃၃)၊ ဘယသုဒ္ဓိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉-၄၂၁၇၁၄၄၈၁**

## မြေပေးမိန့် လျှောက်ထားမှုအတွက် ကန့်ကွက်လွှာခေါ်ယူသည့် ကြော်ငြာစာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်အောင်မြို့

၁။ မြန်အောင်မြို့နယ်သမဝါယမဦးစီးဌာနမှ ဒေါ်ယမင်းသူ(ဦးစီးအရာရှိ)သည် မြန်အောင်မြို့နယ်၊ ညောင်မြစ်ဆွဲအုပ်စု၊ ကွင်းအမှတ် (၂၂၉)၊ ဦးပိုင်အမှတ်(၈၅၁)၊ ဧရိယာ (၀.၂၂) ဧက အား အောက်ပါ နယ်နိမိတ်အတိုင်း မြေပေးမိန့် လျှောက်ထားလာပါသည် -

- မြောက်လားသော် - ဦးပိုင် ( ၈၅၁ )
- အရှေ့လားသော် - လမ်းသွယ် (၈၅၁)
- တောင်လားသော် - ဦးပိုင် (၈၅၁)
- အနောက်လားသော်- ဦးပိုင် (၁၁၈၊၁၀၆)

၂။ ယခုမြေကွက်ကို မည်သည့်အတွက်မြေပေးမိန့်မပေးသင့်ကြောင်း အကြောင်း ပြနိုင်သူ မည်သူမဆို သိစေလိုက်သည်မှာ မြေပေးမိန့်ပေးခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာများကိုဤရုံးသို့ ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း ပေးပို့ရမည်။ ကန့်ကွက်လွှာအားလုံးကို စာဖြင့် ရေးသားကြရမည်။ အထက်ဖော်ပြထားသည့် ရက်၏ နောက်ပိုင်းတွင်ပေးပို့မည့် ကန့်ကွက်လွှာများကို လက်ခံလိမ့်မည် မဟုတ်ပါ။

၃။ အကယ်၍ သတ်မှတ်နေ့ရက်တွင် သို့မဟုတ်ထိုနေ့မတိုင်မီကန့်ကွက်လွှာ များကို လက်ခံရရှိခြင်းမရှိပါက ထိုမြေကို အဆိုပါမြေပေးမိန့် လျှောက်ထားသူသို့ ထုတ်ပေးမည်ဖြစ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြန်အောင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ပွဲရုံအဆောင် (၂၆)၊ အခန်း (၁၂၊၁၃) ၏ အမည်ပေါက်ပိုင်ရှင် ဦးအောင်နိုင် (ခ) အဒူလ်ဟာဖိစ် (၁၂/ဗတထ (နိုင်) ၀၂၈၅၈၉) က ၎င်းအမည်ဖြင့် ချထားပေးသော ငွေသွင်းချလန်နှင့် အခန်းချပါမစ်မူရင်းများ ပျောက်ဆုံးသွားပြီး ဆိုင်ခန်းမှတ်ပုံတင်စာအုပ်များသာ ကျန်ရှိပါသဖြင့် ငွေသွင်းချလန်နှင့် အခန်းချပါမစ် မိတ္တူမှန်ထုတ်ယူရန် လျှောက်ထား လာပါသည်။ ဦးအောင်နိုင်(ခ)အဒူလ်ဟာဖိစ်၏ လျှောက်ထားမှုအပေါ် ကန့်ကွက် လိုပါက စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ကွပ်ကဲမှုရုံးသို့ စာရွက်စာတမ်း၊ အထောက်အထားပြည့်စုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။ **တာဝန်ခံအရာရှိ**

**စော်ဘွားကြီးကုန်းပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်း**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ရွာမရပ်ကွက်၊ စိန်ပန်းမြိုင်လမ်း၊ အမှတ်-၁၃၊ အကျယ်ပေ(၁၉x၈၂)ပေ အကျယ်အဝန်းနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်နွယ်နွယ်လင်း ၁၂/မဂဒ(နိုင်)၂၂၂၆၉၀ နှင့် ဦးရဲနောင် ၉/မရမ(နိုင်)၀၇၉၉၂၉ တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်စမ်းစမ်းမော် ၈/ခမန(နိုင်)၁၀၇၈၈၉ က ဝယ်ယူရန် စရန်ငွေအချို့အဝက် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါနေအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင် ခွင့်ရှိသူများက ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက် စာတမ်းအထောက် အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **ဒေါ်မြသက်ဝေ** |
| **ဒေါ်စမ်းစမ်းမော်** | **LL.B,D.B.L,DMA:c** |
| **၈/ခမန(နိုင်)၁၀၇၈၈၉** | **တရားလွှတ်တော်ရှေ့နေ** |
| | **စဉ်-၁၂၀၆၉(၁၄-၂-၂၀၁၇)** |
| | **အမှတ်(၈၂)၊ မာလာမြိုင် (၇) လမ်း၊ (၁၆) ရပ်ကွက်၊** |
| | **လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၀၈၈၆၄၁** |

## မကွေးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လုပ်ငန်းတင်ဒါ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများကို ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ( ၂၉ - ၅ - ၂၀၂၆) ရက် |
| | **အချိန်** | နံနက် (၉:၃၀)နာရီ |
| | **နေရာ** | တိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး |
| | **တင်ဒါလျှောက်လွှာပုံစံအရောင်းပိတ်မည့်ရက်** | - ( ၅-၆-၂၀၂၆) ရက် ( သောကြာနေ့) |
| | **အချိန်** | ညနေ (၁၆:၃၀) နာရီ |
| | **PO, Bank Statement နှင့် အခွန်ကင်းရှင်းကြောင်း(မူရင်း) ကုမ္ပဏီမှတ်ပုံတင်မိတ္တူများ ကြိုတင်ပေးပို့ရမည့် နောက်ဆုံးရက်/ အချိန်** | - ( ၉ - ၆ - ၂၀၂၆) ရက် (အင်္ဂါနေ့) ညနေ (၁၆:၃၀) နာရီ |
| | **စာအိတ် (A) နှင့် စာအိတ် (B) နောက်ဆုံး တင်သွင်းရမည့် ရက်/အချိန်** | - ( ၁၂ - ၆ -၂၀၂၆) ရက် (သောကြာနေ့) ညနေ (၁၆:၃၀) နာရီ |
| | **တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်/ နေရာ** | - ထပ်မံအကြောင်းကြားပါမည်။ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဖုန်း-၀၉-၂၅၃၉၂၀၆၂၄၊ ၀၉-၄၅၅၅၁၁၇၆၆ တို့သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ တိုက်အမှတ် (B-5)၊ အခန်းအမှတ်(၅၁၅)၊ (Level-5) (Type-A) ကွန်ဒိုတိုက်ခန်းအပါအဝင် ယင်းကွန်ဒိုတိုက်ခန်းနှင့် သက်ဆိုင်သည့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးဇော်လှိုင်ဝင်း (၅/ဆလက(နိုင်)၀၆၃၂၉၁)၊ ဒေါ်လဲ့လဲ့ထွန်း (၁၂/သဃက(နိုင်)၁၅၉၄၀၆)တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင်(LL.B)** | **ဒေါ်ခင်စောသိန်း (LL.B)** | **ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M)** |
| **(စဉ်-၁၁၅၅၃)** | **(စဉ်-၁၃၂၈၆)** | **(စဉ်-၅၆၈၈၇)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ်၊ ရွှေမင်းဝံလေ့ကျင့်ရေးအထက်တန်းကျောင်းမှ မဆောင်းရတု G-7 (A) နှင့် မောင်ထွန်းထွန်းလင်း G-5(B) တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်အေး ၁၂/ကမတ(နိုင်)၀၄၀၁၈၈ ဖြစ်ပါကြောင်း။

## ဒေါ်သီတာ(၈/ခမန(နိုင်) ၁၁၀၇၀၇)နှင့် ဦးသန်းညွန့်၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်ခင်အေးပိုက်(၈/မကန(နိုင်)၀၃၅၃၃၉)တို့အား အသိပေးအကြောင်းကြား ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ ၊ အောင်မေတ္တာ(စီ)ရပ်ကွက်၊ (၂) လမ်း၊ အမှတ်(၁၂)နေ ဦးနေလင်း (ဘ) ဦးစံအောင်(၈/ပဖန(နိုင်)၀၁၄၀၁၉) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် လူကြီးမင်းထံမှ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊မကွေးမြို့၊ အောင်မေတ္တာ(ဂ)ရပ်ကွက်၊ (၂) လမ်း၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁၆၅၅၊ အုတ်ဖို)၊ ဦးပိုင်အမှတ် (၁၂)၊ ဧရိယာ(၀.၀၉၇)ဧက၊ မြို့မြေကွက် ဖော်ထုတ်ရေးကော်မတီမှ ဦးသန်းညွန့် အမည်ဖြင့်ချထားပေးသော ဝိုင်းမြေကွက်ကို (၂၀-၅-၂၀၀၆) ရက်တွင် စာချုပ်ချုပ်ဆို၍ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့် ဝိုင်းမြေအား ကျွန်ုပ်၏မိတ်ဆွေထံသို့ လက်ရောက်ပေးအပ်ခဲ့ကာ ရောင်းချခဲ့ပါသည်။ အဆိုပါဝိုင်းမြေမှာ ဦးသန်းညွန့်၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်ခင်အေးပိုက်မှ ဒေါ်သီတာထံသို့ ရောင်းချခဲ့သော ဝိုင်းမြေဖြစ်ကြောင်း စာချုပ်စာတမ်းများအရ သိရပါသည်။ ယခုအခါ အဆိုပါ ဝိုင်းမြေကွက်အား မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးရန်အတွက် ဒေါ်သီတာ (အမှတ် (A-1,2,3,4) ရန်ကင်းရပ်ကွက်၊အ.ထ.က (၁) လမ်း၊ မကွေးမြို့)နှင့် ဒေါ်ခင်အေးပိုက် (အမှတ်(၆၈)၊ (၁၂) လမ်း၊ အောင်မေတ္တာ(ဘီ) အုပ်စု၊ မကွေးမြို့)တို့ထံ သွားရောက်စုံစမ်းရာတွင် ဒေါ်သီတာနှင့် ဒေါ်ခင်အေးပိုက်တို့မှာ ယခုအခါ မည်သည့်အရပ်ဒေသသို့ ရောက်ရှိနေထိုင်သည်ကို မသိရှိရသည့်အပြင် ထပ်မံ၍ နေရပ်လိပ်စာစုံစမ်းရာတွင်လည်း စုံစမ်း၍မရသောကြောင့် ယခုကဲ့သို့ မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြေညာရခြင်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းတို့အနေဖြင့် သတင်းစာတွင် ကြေညာပါရှိသည့်နေ့မှစ၍ (၅-၆-၂၀၂၆) ရက် နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်အတွက် ဒေါ်သီတာ (၈/ခမန(နိုင်) ၁၁၀၇၀၇)နှင့် ဦးသန်းညွန့်၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်ခင်အေးပိုက် (၈/မကန(နိုင်) ၀၃၅၃၃၉) တို့မှ လိုက်လံဆောင်ရွက်ပေးပါရန်နှင့် အကြောင်းတစ်စုံတစ်ရာ ပြန်ကြားခြင်းမရှိပါက တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုတို့အား အသိပေး အကြောင်းကြားကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းအေး (LL.B, C.B.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၁၈/၂၀၁၄)**
**အမှတ်(၃၇၃)၊ (၃)လမ်း၊ အောင်မေတ္တာ(ဃ)ရပ်၊ မကွေးမြို့**
**ဖုန်း-၀၉-၄၀၁၆၅၉၁၁၇**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 82W/19431 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ခုတင်(၅၀၀)အထူးကုဆေးရုံကြီး ရန်ကုန်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ် ရန်ကုန်မြို့၊ ခုတင်(၅၀၀)အထူးကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူသော လူနာများအတွက် FDA အသိအမှတ်ပြု ဆေးနှင့် ဆေးပစ္စည်းများနှင့် Basic Consumables များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ တရားဝင် အသိမှတ်ပြုလိုင်စင်ရကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ ဆေးနှင့် ဆေးပစ္စည်းများဝယ်ယူခြင်းလုပ်ငန်း၏ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| ၃။ | **တင်ဒါတင်သွင်းလွှာပုံစံများ စတင်တင်သွင်းနိုင်မည့်ရက်** | - (၁-၆-၂၀၂၆)ရက်၊တနင်္လာနေ့ နံနက် (၉:၀၀)နာရီ |
| ၄။ | **တင်ဒါတင်သွင်းလွှာပုံစံများ နောက်ဆုံးတင်သွင်းနိုင်မည့်ရက်** | - (၁၅-၆-၂၀၂၆)၊ တနင်္လာနေ့ ညနေ (၄:၀၀)နာရီ |

**တင်ဒါကော်မတီ**
ခုတင်(၅၀၀)အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့
မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်
ဖုန်း - ၀၁- ၂၃၀၁၆၂၅

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်၏(၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်အတွက်ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းအတွက် တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများ ထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

- ဘရဏီဆောင်မျက်နှာစာရှေ့ခြင်း လိပ်ကာရံခြင်း၊ သံပန်း Slide door တပ်ဆင်ခြင်း (၂၂၂၀ပေ)

| | | | |
|---|---|---|---|
| ၂။ | (က) | **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** | - (၂၉-၅-၂၀၂၆)ရက် (သောကြာနေ့) ရုံးချိန်အတွင်း |
| | (ခ) | **အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** | - ( ၅-၆-၂၀၂၆)ရက် (သောကြာနေ့) ညနေ(၄:၀၀)နာရီ |
| | (ဂ) | **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** | - ထပ်မံကြေညာပါမည်။ |

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချခြင်းနှင့် တင်ဒါတင်သွင်းရမည့် လိပ်စာမှာ အောက် မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်း (၁) ဂိတ်၊ ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်၊ ရန်ကုန်မြို့ဖြစ်ပြီး သိရှိလိုသည်များ စုံစမ်းလိုပါက ဖုန်း-၀၉-၇၆၅ ၀၅၆၉၄၆၊ ၀၉-၅၀၉၂၄၃၈၊ ၀၉-၄၅၀၀၄၀၉၇၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊
ရန်ကုန်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၇)၊ ပညာသီရိလမ်း၊ မြေကွက်အမှတ် (၁၂၁)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်နန့်ဝင်းဝင်းအေး (၁၄/မမန (နိုင်) ၁၈၈၂၁၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသက်ပိုင်ထူး (၁၀/မလမ (နိုင်) ၁၈၇၀၁၈) ထံမှ ကျွန်တော် ဦးဇေယျာလင်း (၈/တတက (နိုင်) ၀၉၇၆၈၆)က ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်တော်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇေယျာလင်း (၈/တတက (နိုင်) ၀၉၇၆၈၆)**
**၀၉- ၅၀၈၅ ၄၁၇**

## ဖခင်အမည်မှန်

ရေဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ် အလက (ကျုံဖား) Grade- 9 မှ မောင်မိုးအာကာ၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင်ဦး ၁၄/ ရကန(နိုင်)၁၂၉၉၂၁ ဖြစ်ပါသည်။

**ဦးအောင်အောင်ဦး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဝါးကြီးအိုင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း Grade-11မှ မောင်ရဲနိုင်ထက်၏ဖခင်အမည်မှန်မှာ ဦးဆွေလှိုင်ဝင်း ၈/မသန(နိုင်)၁၁၆၁၄၇ ဖြစ်ပါကြောင်း။

**ဦးဆွေလှိုင်ဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ (ကမ-၃)လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/3431 Nissan Vanette SK 22W, Pick up(4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ရီ ၁၂/အစန(နိုင်)၀၀၅၄၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)၊**
**အင်းစိန်မြို့**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ တဲကြီးကျေးရွာအုပ်စု၊ ထန်းပင်ကန်ကျေးရွာနေ မအိသဇင်နွယ် ၈/ဆဖန (နိုင်)၁၄၂၂၉ ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်ဦး ဖြစ်ပါကြောင်း။

**ဦးမျိုးမြင့်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ (ကမ-၃)လျှောက်ထားခြင်း

ယာဉ်အမှတ် 21W/49992 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဦး ၇/တငန(နိုင်) ၀၃၆၅၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ဘောဂဝတီအုပ်စု၊ မြို့ဦးရပ်နေ ဦးစန်းလင်းထွန်း ပိုင်ဆိုင်သော ဦးပိုင်အမှတ်(၁၇၃)၊ ဧရိယာ (၀.၀၃၄) အကျယ်ရှိသော မြို့မြေအမျိုးအစား မြေကွက်ပေါ်တွင် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးစန်းလင်းထွန်း**
**၉/မသန(နိုင်)၀၈၂၈၉၈**
**ဖုန်း-၀၉-၄၀၂၅၅၆၁၀၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/72924 Adixin 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်စုဖြိုး ၉/ခမစ(နိုင်)၀၆၄၄၉၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/1574, 6H/1687, 1TLR/4375 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## အလိမ္မာ စာမှာရှိ

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ အထက(ခမုံဆိပ်) Grade -12 မှ မစုကျော်ကျော်ထွေး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်တင် ၇/လပတ(နိုင်)၀၉၇၅၉၇ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်တင်**
**၇/လပတ(နိုင်)၀၉၇၅၉၇**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အလက (ညောင်သုံးခွ) ကျောင်း၊ Grade-5 မှ (ဘ) ဦးအောင်မျိုးလွင်၏ သား မောင်ဟိန်းစစ်နိုင်အား မောင်သွင်ထူးညဏ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သွင်ထူးညဏ်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက(ဝေါ))ကျောင်း၊ Grade-7 မှ မဆောင်းပြည့်နှင်းနှင့် Grade-5 မှ မောင်ကောင်းခန့်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းကိုကို ဖြစ်ပါကြောင်း။

**ဦးမင်းကိုကို**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အလက (အဗျားဘိုတဲ) ကျောင်း၊ Grade - 5 မှ မောင်နိုင်မင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးဇင်မင်းလွင် ဖြစ်ပါကြောင်း။

**ဦးဇင်မင်းလွင်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အပိုင်-၇၊ ပေါက်ကုန်းရပ်ကွက်၊ ဂျိုးဖြူလမ်း၊ ကွင်းအမှတ်- ၅၃၅/ခ၊ ဦးပိုင်အမှတ်- ၈၁၊ အမှတ် (၂၇၀)ဟု ခေါ်တွင်သော ပေ (၆၇ x ၁၆၀)အကျယ်ရှိ မြေကွက်နှင့် နေအိမ်သည် ဖခင် ဦးသိန်းလှိုင်(ကွယ်လွန်) အမည်ပေါက် မြေကွက်၏ (ခေါင်းရင်းဘက်ခြမ်း) ပေ (၄၂ x ၁၆၀) တရားဝင်မခွဲစိတ်ရသေးသော မြေကွက်နှင့်နေအိမ်အား အရောင်းအဝယ်စာချုပ်အဆက်ဆက်များဖြင့် ၎င်း၏အမွေအား ဆက်ခံပိုင်ဆိုင်သူ သားသမီးမြေးမြစ်များအားလုံး၏ သဘောတူညီချက်ဖြင့် ဖခင်ဦးသိန်းလှိုင်(ကွယ်လွန်)၏ သားဖြစ်သူ ဦးကျော်မိုးလှိုင် (၁၂/သဃက(နိုင်)၀၂၂၂၆၁) မှ တာဝန်ယူပြီး ယခုရောင်းချသော မြေကွက်နှင့်နေအိမ်အား အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် အခြားသူသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းများမရှိကြောင်း တာဝန်ယူ၍ ရောင်းချရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သီသီစိုး (၁၂/မဂဒ(နိုင်)၁၇၁၇၂၁) က ရောင်းဖိုးတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်၏ထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက မည်သည့်ကန့်ကွက်ချက်ကိုမျှ လက်ခံစဉ်းစားမည်မဟုတ်ဘဲ ကျန်ငွေများကို ပေးချေ၍ မြေကွက်နှင့်နေအိမ်အား အရောင်းအဝယ်ဆက်လက်ပြုလုပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သီသီစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်ကြည်ဝင်း (LL.B) အထက်တန်းရှေ့နေ**
**စဉ် - ၅၅၉၄၈**
**အမှတ် - ၂/၆(က-၁)၊ မြတ်လေးလမ်း၊ ပေါက်ကုန်းရပ်ကွက်၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၀၃၇၅၃၉၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ မဟာစေတီလမ်းရှိ အကွက်အမှတ်နှင့် အမည်- ၇၂ ဈေးချောင်းကွေ့၊ ဦးပိုင်အမှတ်- ၂/၂၄/က၊ ပိုင်ဆိုင်ခွင့်- အစိုးရ၊ မြေမျိုးနှင့်အတန်း-မြို့မြေ၊ ဧရိယာ(၀.၁၆၁)ဧက အကျယ်အဝန်းရှိ မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အမှတ်(၁၂၁၅)ဟု ခေါ်တွင်သော နေအိမ်တို့အား ဒေါ်လှဲ့လှဲ့ဌေး (ဘ) ဦးအောင်သန်း ၁၄/ပသန(နိုင်)၁၉၆၉၄၅ ထံမှ ကျွန်မ၏ မိတ်ဆွေဖြစ်သူ ဦးကျော်ခန့်ကို (ဘ) ဦးမြင့်သိန်း ၁၄/အမန(နိုင်)၁၃၈၀၇၆ နှင့် ဒေါ်မြတ်ရတီအိမ့် (ဘ) ဦးစိန်ဝင်း ၁၄/ပသန(နိုင်)၂၇၃၆၉၈ တို့မှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ယင်းမြေကွက် ပေါ်တွင်ဆောက်လုပ်ထားသည့် နေအိမ်တို့နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ(ပိုင်ရေး ဆိုင်ခွင့်ရှိသူ)မည်သူမဆို ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းထိုက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၁၇/၂၀၁၄)**
**အိမ်အမှတ် (၃၈)၊ ဦးပုညလမ်း၊**
**အမှတ် (၃) ရပ်ကွက်၊ ပုသိမ်မြို့၊ ဖုန်း-၀၉ ၂၅၀၃၂၄၈၄၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

**စဉ့်ကိုင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၂၀)
## စဉ့်ကိုင်မြို့နယ်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၃

၁။ ဦးအေးချမ်းဝင်း နှင့် ဒေါ်သန်းရီ
၂။ ဒေါ်အိအိမျိုး
(တရားလိုများ) (တရားပြိုင်)

စဉ့်ကိုင်မြို့၊ ရန်အောင်မြင်ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၈၅)နေ တရားပြိုင် ဒေါ်သန်းရီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်ကြသော (၁) ဦးအေးချမ်းဝင်း နှင့် (၂)ဒေါ်အိအိမျိုး တို့က "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၅) ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆုတ် ၆ ရက်)၊ မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူက တရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်၌ သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့်အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ (၂၂) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းခမ်းလိတ်)**
**မြို့နယ်တရားသူကြီး**
**စဉ့်ကိုင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇)၊ ဗိုလ်ဇော်ဂျီလမ်း၊ မြေကွက်အမှတ်(၆၁၁/က)၊ ဦးကျော်ဦး (J/RGN–၀၂၄၆၆၄) အမည်ပေါက်အကျယ်အဝန်း ပေ (၂၀ x ၆၀)အနက်မှ အကျယ်အဝန်း (၁၀ x ၆၀)ပေရှိ (အမှတ်–၆၁၁/ခ နှင့် ကပ်လျက်ဘက်ခြမ်း) ပါမစ်မူရင်း မြေကွက်နှင့် ယင်းမြေပေါ်ရှိ သီးပင်စားပင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံနိုင်ခွင့်ရှိသူထံမှ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြုဝန်ခံသူ ဦးရဲထွေး (၇/တငန(နိုင်)၁၁၇၉၁၀) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကျော်လှိုင် (၁၂/လသန(နိုင်)၀၀၅၉၁၀) မှ တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

ထိုမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီတာနှင်းအေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ် – ၄၈၅၆၇)**
**အမှတ် (၃၁/က)၊ ဟားခါးလမ်း၊ (၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၈၈၂၇၈၃၇၂၆၊ ၀၉ –၂၅၅၉၂၇၅၄၄**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ ဦးဇော်ခင် ၁၂/တမန(နိုင်) ၁၃၂၈၁၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုံကုန်းလမ်း၊ ခြံအမှတ်– ၉၈(က)၊ အလျား (၃၂) ) ပေ x အနံ (၅၇) ပေရှိ မြေကွက်ပိုင်ရှင်ဖြစ်သော ဦးမင်းထွဋ် ၁၂/အစန(နိုင်)၀၁၄၆၈၈ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုံကုန်းလမ်း၊ ခြံအမှတ်– ၉၈(ခ)၊ အလျား (၃၀) ပေ x အနံ (၄၅)ပေရှိ မြေကွက်၏ပိုင်ရှင်ဖြစ်သူ ဒေါ်သိမ့်သိမ့်အိ ၁၂/အစန(နိုင်) ၁၄၉၈၆၉) တို့မှ ၎င်းတို့ထံတွင် ထိုမြေနှင့်ပတ်သက်သော စာရွက်စာတမ်းမူရင်းများဖြင့် လက်ဝယ်ပိုင်ဆိုင်ထားကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကြပြီး အကျိုးတူအဆောက်အအုံဆောက်လုပ်မည်ဟု ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ကန်ထရိုက်တာဦးဇော်ခင်မှ အဆောက်အအုံဆောက်လုပ်ရန် လက်ခံသဘောတူပြီးနောက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက တိကျ ခိုင်လုံသော စာရွက်စာတမ်း (မူရင်း) များနှင့် တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ထိုမြေပေါ်တွင် အဆောက်အအုံဆောက်လုပ်မည့်ကိစ္စအား ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ခင်၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ငုဝါထွန်း (LL.B, DIL)**
**အထက်တန်းရှေ့နေ (စဉ် – ၅၅၀၇၉)**
**အမှတ် (၇၅)၊ ၁၆၆ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း – ၀၉–၉၈၈၇၈၈၂၂၅ ၊ ၀၉–၂၆၁၀၉၅၄၆၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/71195 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာနွယ် ၉/မခန(နိုင်)၁၅၀၄၆၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/37774, Yunde– 110 ယာဉ်လက်ဝယ်ရှိသူ ဦးစောစံမင်းလွင် ၉/ခအဇ(နိုင်) ၀၃၄၉၁၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောမြို့၊ ရပ်ကွက် (၅)၊ အကွက်အမှတ်နှင့်အမည် (၁၁/ဈေးအနောက်ပိုင်းရပ်)၊ ဦးပိုင်အမှတ် (၂၅)၊ မြေကွက်အမှတ် (41)၊ ဧရိယာ (၀ ဒသမ ၀၉၃) ကေရှိ မြေကွက်အား ဒေါ်နော်စဲလေ အမည်ဖြင့် နှစ် (၃၀) သက်တမ်းရှိ မြေငှားဂရန် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၏ မြေဧရိယာ (၀ ဒသမ ၀၉၃) ကေ အနက်မှ (၀ ဒသမ ၀၃၆) ကေအား ဒေါ်နော်စဲလေထံမှ ဒေါ်စီထန် (ခ) ဒေါ်အေးကြည်သည် ကလောမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂-၇-၂၀၁၅ ရက်စွဲပါ စာချုပ်အမှတ် (၇၇/၂၀၁၅)အရ ခွဲစိတ် ဝယ်ယူခဲ့ပြီးဖြစ်သဖြင့် ဒေါ်စီထန် (ခ)ဒေါ်အေးကြည် ၉/မရမ(နိုင်)၀၅၆၇၄၀ အမည်ဖြင့် မြေငှားဂရန် (ခွဲစိတ်အမည်ပြောင်း) ခွင့်ပြုထုတ်ပေးနိုင်ပါရန် လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလောမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောမြို့နယ်၊ လွယ်အံကျေးရွာအုပ်စု၊ အကွက်အမှတ်နှင့်အမည် (၈၈/ဘဲကန်အကွက်)၊ ဦးပိုင်အမှတ် (၆၀)၊ မြေကွက်အမှတ် (73)၊ ဧရိယာ (၀ ဒသမ ၄၇၀) ကေရှိ မြေကွက်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၏ ၁၄–၁၂–၂၀၁၆ ရက်စွဲပါ အမှုတွဲအမှတ် (၂၉၈/၂၀၁၆)အရ ဦးမင်းလွင်ဝင်း အမည်ဖြင့် (၁၀)နှစ်သက်တမ်းရှိ မြေငှားဂရန် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ ဦးမင်းလွင်ဝင်း သည် ၁၉–၁၀–၂၀၂၂ ရက်တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ခိုင်ခိုင်ဦးမှ တရားဝင်ဇနီးဖြစ်သည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအား ၂၆–၅–၂၀၂၃ ရက်တွင် ချုပ်ဆိုခဲ့ပါသည်။ ထို့နောက် အဆိုပါမြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အား ကလောမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၃–၈–၂၀၂၃ ရက်စွဲပါ စာချုပ်အမှတ် (၇၆/၂၀၂၃) အရ ချုပ်ဆိုခဲ့ပြီးဖြစ်သဖြင့် ဒေါ်ခိုင်ခိုင်ဦး ၁၂/ပဇတ(နိုင်)၀၀၀၉၈၉ အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) ခွင့်ပြုထုတ်ပေးနိုင်ပါရန် လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက် ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကလောခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလောမြို့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ မူလွန်ကျွန်းတောကုန်း Grade–5 မှ မောင်ဝေယံဦး ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ထွေး ၇/တငန (နိုင်)၁၅၂၇၇၉ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ထွေး**

## ပတ်စ်ပို့ပျောက်

ရွှေညောင်မြို့၊ ဓနသိဒ္ဓိရပ်နေ (ဘ) ဦးထိုင်ကုန်ကျောင်း၏သမီး မနီနီဦး (၁၃/တကန(နိုင်)၂၉၃၉၄၆) ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA–474161) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉ ၄၀၇၈၆၆၁၃၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အလက(ခွဲ) (ထီခွ)၊ မူလတန်းကျောင်းအုပ်ရာထူးဖြင့် တာဝန်ထမ်းနေသော ဒေါ်လွင်မေအေး (၉/မထလ(နိုင်)၀၃၂၄၆၈) ၏ဖခင် ဦးမောင်သိန်း (ခ) ဦးသိန်း သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ အလက(၅)မှ မူလတန်းပြ(သစ်) ဒေါ်နန်းသီသီဝင်း (ခ) ဒေါ်သီသီဝင်း (၁၃/နစန (နိုင်)၀၁၁၁၁၁)မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/74027 Trawlergi B2 ယာဉ်လက်ဝယ်ရှိသူ ဦးသူရအောင် ၁၄/မအပ(နိုင်) ၂၉၂၇၈၀ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/15192 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေမြတ်သူ ၁၄/မအပ(နိုင်)၂၈၉၃၈၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/64732 Honda Wave 100, M/C အား စစ်တွေမြို့၊ ရဲနွယ်စုရပ်ကွက်နေ ဦးကျော်ပိုင်ထက် ၁၁/စတန(နိုင်) ၁၁၈၀၂၄ က (ကမ–၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် (24W/15023) Hibao–110 ယာဉ်လက်ဝယ်ရှိသူ ဦးဉာဏ်ထွန်း ( ၉/ညဥန (နိုင်) ၀၀၀၄၆၉) က ကမ–၃ ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ခ ရပ်ကွက်၊ မြဝတ်ရည်လမ်း၊ မြေကွက်အမှတ် (၈၀၀)၊ (အလျား ၁၃ x အနံ ၇၀) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ၊ ကိုယ်ပိုင် လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား ဝယ်ယူလက်ရှိထား နေထိုင်ပိုင်ဆိုင်ထားပြီး အခြားသူ တစ်ဦးတစ်ယောက်ထံသို့ ရောင်းချထားခြင်း၊ ပေါင်းနှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံတင်သွင်းထားခြင်း၊ အစိုးရဌာနတစ်ခုခုမှ တားမြစ်ပိတ်ပင်ခံထားရခြင်း၊ အမွေစားအမွေခံစသည့် အရှုပ်အရှင်းမရှိ မိမိတို့သာလျှင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူများဖြစ်ကြသည့် ဦးလေးဝင်း ၁၀/ခဆန(နိုင်)၀၅၇၉၅၁ နှင့် ဒေါ်မိုးမိုးအေး ၁၀/ခဆန(နိုင်)၀၆၃၉၁၉ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အိမ်မြေ အရောင်းအဝယ် ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**
**ဒေါ်မြတ်သီတာအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၅၁)**
**အမှတ် (၂၀၈)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း – ၀၉–၂၅၀၀၂၁၇၇၂ ၊ ၀၉–၇၉၉၂၅၈၂၀၂**

## မွေးသက္ကရာဇ်အမှန်

တောင်ကြီးမြို့၊ အလက(၅)မှ မူလတန်းပြ(သစ်) ဒေါ်ခင်မျိုးမျိုးရွှေ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၀–၃–၁၉၆၇) ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ သစ်လှကျင်းကျေးရွာအုပ်စု၊ ရွှေကွေ့ကျေးရွာနေ ဦးသိန်းလှိုင်၏သမီး ဒေါ်တင်နီလာဝင်း (၈/နမန(နိုင်)၁၅၅၃၈၄) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA–650323) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၂၆၄၈၁၁၄**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 82W/52946 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## ဦးစိန်ဟန်

### ညွှန်ကြားရေးမှူး(ငြိမ်း) အခြေခံပညာဦးစီးဌာန

### အသက် (၉၀) နှစ်

လပွတ္တာမြို့နေ (ဦးဖြောင့်-ဒေါ်သောင်းကြည်)တို့၏ တစ်ဦးတည်းသော သား၊ စမ်းချောင်းမြို့နယ်၊ သံတံတားလမ်း၊ အမှတ်(၅၀) နေ (ဒေါ်သန်းသန်းလွင်)၏ခင်ပွန်း၊ (ဒေါ်အေးအေးဟန်)၊ Dr သူဇာဟန်၊ ဒေါ်ယဉ်ယဉ်ဟန်၊ ဒေါ်လွင်လွင်ဟန် ၊ Dr တင်အောင်လွင် တို့၏ ဖခင်ကြီး ဦးစိန်ဟန် [ညွှန်ကြားရေးမှူး၊ (ငြိမ်း) အခြေခံပညာဦးစီးဌာန)သည် ၂၆-၅-၂၀၂၆ရက် ည၇:၄၅တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၂၆ ရက် ညနေ (၃) နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိန်ဟန်

### ညွှန်ကြားရေးမှူး (ငြိမ်း)၊ အခြေခံပညာဦးစီးဌာန

### အသက် (၉၀) နှစ်

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ယဉ်ယဉ်ဟန် ၏ ဖခင် ဦးစိန်ဟန် သည် ၂၆-၅-၂၀၂၆ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့်**
**တရားလွှတ်တော်တရားသူကြီးများ**
**တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(ခွဲ)၃ မြဝတီ၊ Grade(6) မှ မောင်အောင်မျိုးဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးမျိုးမင်း ဖြစ်ပါကြောင်း။

**ဦးမျိုးမျိုးမင်း**

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(၁) မြဝတီ Grade-5မှ မောင်အောင်သူရကျော်၏ ဖခင်အမည်မှန်မှာ ဦးပြည့်ထွန်းကျော် ၁၀/မလမ(နိုင်)၁၆၅၂၄၆ ဖြစ်ပါကြောင်း။

**ဦးပြည့်ထွန်းကျော်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ ရာဇာဓိရာဇ်လမ်း၊ မြေကွက်အမှတ်(၁၁၄/ခ)၊ မြေပေအကျယ်အဝန်းဧရိယာ(ဝဒသမဝ၂၇၅)ကေရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်ခင်လှဝင်း (၁/မကန(နိုင်)၁၈၅၉၄၂)က ယင်းမြေကွက်နှင့် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အာစီရုံ(၂)ထပ် လုံးချင်းနေအိမ်အပါအဝင်ကို မိမိသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူများက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါကဤကြော် ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 21W/69384, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြဝင်း ၁၄/အမန(နိုင်)၀၀၅၀၀၆ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၃၀၁၃၈ ယာဉ်လက်ဝယ်ရှိသူ ဦးစောသာခန့် ၃/ဘအန(နိုင်)၁၄၄၀၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၅၁၅၃၅ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဇော် ၁၀/ခဆန(နိုင်)၀၂၆၉၈၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၅၇၁၁၅ ယာဉ်လက်ဝယ်ရှိသူ ဦးစောသာခန့် ၃/ဘအန(နိုင်)၁၄၄၀၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါက်တာခင်မမ (ခ) ဒေါ်လီဝင်း၊ ရောဂါဗေဒဆရာဝန်ကြီး ရောဂါဝေဒနာခံစားနေရစဉ်အတွင်း မင်္ဂလာကဲ(Mingalar Care) အထူးကုဆေးခန်းမှ ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမများ၊ ဝန်ထမ်းများအားလုံးမှ စေတနာရှေ့ထား၍ အစွမ်းကုန် ကုသစောင့်ရှောက်ပေးခဲ့ကြသည့်အတွက် ကျန်ရစ်သူမိသားစုဝင်များမှ အထူးပင် ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးသူရိန်ဦး (ခ) Ivan Oo

### အသက် (၅၂) နှစ်

ရန်ကုန်မြို့နေ (ဦးကြီးမြင့်-ဒေါ်မြသန်း) ၊ (ဦးထွန်းလွင်)- (ဒေါ်ခင်စိန်) တို့၏ မြေးကြီး၊ ရန်ကုန်မြို့ အလုံမြို့နယ် Orchid Condo ၊ အခန်းအမှတ် (၃၄)နေ (ဦးနောင်ထွန်းလွင်)-ဒေါ်မြင့်မြင့်သန်းတို့၏ ချစ်လှစွာသော သားကြီး၊ ဦးသန်းနိုင်- ဒေါ်ဝေဝေလွင်ဦး၊ ဦးအောင်ခိုင်-ဒေါ်ရွှေဝါ၊ ဦးဆန်းဦး- ဒေါ်အိအိခိုင်၊ ဦးညီညီထွန်းလွင်၊ ဒေါ်ယဉ်ထွန်းလွင်တို့၏ ချစ်လှစွာသော တူ၊ ဒေါ်ဆောင်းနှင်းပွင့်၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ဦးသူရိန်ဦး (ခ) Ivan Oo အသက် (၅၂) နှစ်သည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျယ်လိစ်မြို့ နေအိမ်၌ ၂၅-၅-၂၀၂၆ ရက် (တနင်္လာနေ့) နံနက် (၃:၃၃) နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၅-၂၀၂၆ ရက် (တနင်္ဂနွေနေ့) တွင် အလုံမြို့နယ်၊ စကားစိမ်းလမ်းနှင့် ကမ်းနားလမ်းထောင့်၊ သာသနာ့အလင်းရောင် ဓမ္မာရုံတွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားနာပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်နိုင်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အမည်ပြောင်း

လှိုင်ကော်မြို့၊ နမ့်ဘော်ဝမ်(က)ရပ်ကွက်နေ ဦးလှဝေ၏ သား မူလွန် အောင်သီဟ Grade-4 မှ မောင်အောင်ဆန်းအား မောင်အောင်ဇေပိုင်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ရပ်စောက်မြို့၊ အလယ်ချောင်အုပ်စု၊ အထက (ခွဲ) ရွာသစ်မှ Grade-11 အောင် မောင်ဘုန်းမင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးအေးထွန်း (ခ) ဦးအေးမင်းထွန်း ၈/ပဖန(နိုင်) ၁၁၁၅၉၈ ဖြစ်ပါကြောင်း။

**ဦးအေးထွန်း(ခ)ဦးအေးမင်းထွန်း**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2S/6828 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(သာယာဝတီ)**

## အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးသူလွင် (၁၂/ဗဟန(နိုင်)၁၀၄၆၇၀)သည် ဦးမျိုးမြင့် (၁၂/ဗဟန(နိုင်)၀၂၆၇၈၃) နှင့် ဒေါ်အေးအေးမူ (၁၂/ဗဟန(နိုင်)၀၂၆၄၄၆)တို့ ထံမှရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အိမ်အမှတ် (၁၀၅)၊ အခန်း(A-1) ၊မြေညီထပ်၊အကျယ်အဝန်း (၁၅ ပေ x ပေ၆၀ ) ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် ထိုတိုက်ခန်း ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုအပြီး အပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှု စာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်အား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ဒေါ်မိုးသူလွင် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မော်မော်ခင်** | **ဒေါ်သဲအိစံ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၆၇၇)** |

**တိုက်အမှတ်(၁၂၄)၊ အခန်းအမှတ်(၅)၊ ရန်နိုင်လမ်းသွယ်(၃)၊ (၄)ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် အောင်ချမ်းသာ၊ ဦးပိုင် အမှတ်(၇)၊မြေကွက်အမှတ် ယခင်(၃၈)ယခု(၅)၊ ပေ (အလျား၆၀ x အနံ ၂၀)ရှိ ဦးလှကြည် အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးကျော်ကိုကို(၁၂/သလန(နိုင်)၁၃၇၁၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်စန်းဝင်း(၈/မဘန(နိုင်)၁၀၁၅၆၅)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေတချို့ တစ်ဝက်ပေးချေပြီးဖြစ်သည့်အတွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ - ဦးကျော်စန်းဝင်း(၈/မဘန(နိုင်)၁၀၁၅၆၅)**
**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်နေလင်း(LL.B)** | **ဦးမင်းထွန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၄၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၃၄၉၅)** |

**အမှတ် (၉၉)၊ အောင်သုခ (၁) လမ်း၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၇၉၅၅၄၈၉၆၈**

## အထူးဝမ်းနည်းကြေကွဲခြင်း

မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဒေါ်သူဇာဟန် (ပါမောက္ခ/ဌာနမှူး မျက်စိရောဂါပညာ၊ ဆေးတက္ကသိုလ်-၂)(ငြိမ်း) ၏ဖခင် ဦးစိန်ဟန် အသက် (၉၀) နှစ်သည် ၂၆-၅-၂၀၂၆ ရက် ည (၇:၄၅) နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း၊ မျက်စိရောဂါပညာအဖွဲ့**

## ဖခင်အမည်မှန်

အောင်လံမြို့၊ အထက (ရွာထောင်)ကျောင်း Grade-8 တွင် ပညာသင်ကြားနေသော မချောကလျာဆွေ၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးလွင် ၈/အလန(နိုင်)၁၄၂၆၂၅ ဖြစ်ပါကြောင်း။

## ဦးသက်ထွေးအောင်(ခ)အောင်စိုးသိန်း

### ကမ္ဘောဇလက်ဖက်နှင့် အကြော်မျိုးစုံ

### အသက် (၄၈) နှစ်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အမှတ် (၅၈)၊ ရန်ကင်း (၉)လမ်းနေ ဦးအောင်ကြည်-ဒေါ်တင်အောင်တို့၏ သား၊ မုံရွာမြို့၊ ပွဲစားတန်းလမ်း၊ ဘုရားကြီးရပ်နေ ဦးသိန်းအောင်-ဒေါ်ဆွေဆွေတို့၏သားသမက်၊ ကိုဝင်းဇော်ဦး-မဝါဝါဦး၊ ကိုအောင်ကျော်စိုး-မစုစုအေး၊ ကိုသန့်ဇင်မိုး-မဝေဝေအောင်၊ ကိုအောင်ဇော်မျိုး-မရူဇာမော်ထွန်း၊ ကိုကျော်သူအောင်-မယဉ်သူအောင်တို့၏အစ်ကို၊ မောင်/ညီ၊ ကိုဖြိုးထက်အောင်-မစင်သီယာတို့၏အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယလမ်း၊ အမှတ် (၂၇၀/၂ လွှာ)နေ ဒေါ်ကြည်ဖြူဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ မဆုထက်ထက်စံ၊ မဆုပြည့်ပြည့်စံတို့၏ မွေးသဖခင် ကျေးဇူးရှင်သည် ၂၆-၅-၂၀၂၆ ရက် မွန်းလွဲ ၂:၅၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၈-၅-၂၀၂၆ရက်၊ နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၂၆ ရက်၊ နံနက် ၇ နာရီမှ ၁၂ နာရီထိ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

### ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်)ရန်ကုန်တောင်ပိုင်းခရိုင်၊ (ယခု)တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA) - (RA-1)၊ အကွက်အမှတ် (တ-ဝ၆) မြေကွက်အမှတ် (ဝ၄၆၉)၊ အကျယ်အဝန်း (၁၀၀'x၁၀၀')ရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါမြေကွက်သည် (ယခင်)ရန်ကုန်တောင်ပိုင်းခရိုင်၊ (ယခု)တွံတေးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ယာယီမြေပေးမိန့်အမှတ် (၄၉၃၇/၂၀၂၀)အရ ဦးစန်းလွင် (၁၂/တတန (နိုင်) ၁၁၀၉၈၈) အမည်ဖြင့်ရရှိထားသည့် မြေကွက်ဖြစ်ပြီး ၎င်းထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဦးဟွာကြည်ယုံ (၁၃/လရန(နိုင်)၁၃၁၈၈၆)မှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်း လာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** | **ဒေါ်ညိုမာ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)** | **အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)** |
| | **အခန်းအမှတ် (308)၊ Office Tower (3), Time City,** |
| | **ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊** |
| | **ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၈၈၇၈၇၆၆၅** |

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်( စံပြ )ရပ်ကွက်၊ စိတ္တာသုခလမ်း၊ အမှတ်( ၉၅ ) ဟု ခေါ်တွင်သော ( ၂ )ခန်းတွဲ ( ၅ )ထပ် တိုက်၏ ပထမထပ်( တိုက်ရှေ့မျက်နှာမူလျှင် ညာဘက် )၊ အကျယ်အဝန်း ( ၁၂ ပေခွဲ x ပေ၅၀ )ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံး ဝယ်ယူပိုင်ဆိုင်ထားသည်ဟု ဆိုလာသူ ဦးသောင်းတင်( ၁၁/စတန(နိုင်)၀၄၉၅၄၉ ) က ၎င်းတရားဝင် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချခွင့်အပြည့်အဝရှိကြောင်း ဖွင့်ပြဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်တော် ဦးအောင်ထွန်းအေး (၁၂/တမန(နိုင်)၁၀၆၀၆၅ ) မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ( ၇ )ရက်အတွင်း ကျွန်တော် ဦးအောင်ထွန်းအေးထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ထွန်းအေး ( ၁၂/တမန(နိုင်)၁၀၆၀၆၅ )**
**အမှတ်( ၁၅ )၊ နတ်ချောင်း( ၂ )လမ်း၊ ၃-လွှာ၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၇၀၀၃၉၁၆၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ထူပါရုံ)၊ မြေကွက်အမှတ် (၁၀၂၆/က)၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၁၀၂၆/က)၊ ထူပါရုံ(၆)လမ်းအနောက်၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်တင်တင်လှ (၁၂/သကတ(နိုင်)၀၉၉၂၀၁)အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက် ဒေါ်တင်တင်လှ(မိခင်)နှင့် ဦးညွှန့်ကြည်(ဖခင်)တို့ကွယ်လွန်၊ ၎င်းတို့၏သားသမီး(၄) ဦးအနက် သားတစ်ဦးဖြစ်သူ ဦးနိုင်ဝင်းထွဋ်သည် လူပျိုကြီးဘဝဖြင့်ကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်သော ဒေါ်သက်သက်မာ(၁၂/သကတ(နိုင်)၀၀၁၁၄၃)၊ ဒေါ်တင်ဇာမိုး (၁၂/သကတ(နိုင်)၁၈၂၂၃၇)၊ ဒေါ်စမ်းစမ်းစိမ့် (၁၂/သကတ(နိုင်)၁၅၃၈၅၁) တို့မှမိမိတို့ ကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်းကျိန်ဆိုထားသည့်တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား၊ ဒေါ်တင်တင်လှ၊ ဦးနိုင်ဝင်းထွဋ်တို့၏ သေဆုံးမှုလက်မှတ်၊ ဦးညွှန့်ကြည်၏ သေဆုံးမှုလက်မှတ်ပထမမိတ္တူမှန်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ ရပ်ကွက် (၃)၊ အကွက်အမှတ်နှင့်အမည် (၅၀/ဗိုလ်ကုန်းအရှေ့ပိုင်းရပ်)၊ ဦးပိုင်အမှတ် (၁၂/က)၊ မြေကွက်အမှတ် (61)၊ ဧရိယာ (၀ ဒသမ ၇၀၃) ဧကရှိမြေကွက်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၏ အမှုတွဲအမှတ် (၉/၂၀၁၆) အရ (၁၀)နှစ် သက်တမ်းရှိ မြေငှားဂရန်အား ဦးမင်းအောင် အမည်ဖြင့် ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းကြောင်း လက်မှတ်စာချုပ်အား ကလောမြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ ၁၃-၁၁-၂၀၂၅ ရက်စွဲပါ စာချုပ်အမှတ် (၁၉၅/၂၀၂၅) အရ မှတ်ပုံတင်ထားရှိပြီး ဖြစ်၍ ယူအေဘီဘဏ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (အောင်ပန်းဘဏ်ခွဲ)(ကိုယ်စား) ဒေါ်ယုယုမာ အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) ခွင့်ပြုထုတ်ပေးနိုင်ပါရန် လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလောမြို့**

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင် ထိန်းကြစို့။

## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ ဖိတ်ခေါ်ခြင်း

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူများ လေ့လာသိရှိအကြံပြုနိုင်ရန်အတွက် ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယင်းဥပဒေကြမ်းအား တတိယအကြိမ်လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများတွင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အကြံပြုချက်များပေးပို့လိုပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာများသို့ လိပ်မူပေးပို့နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည် -

(၁) ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး
နေပြည်တော်

(၂) ညွှန်ကြားရေးမှူးချုပ်
ပြည်သူ့လွှတ်တော်ရုံး
နေပြည်တော်

(၃) ညွှန်ကြားရေးမှူးချုပ်
အမျိုးသားလွှတ်တော်ရုံး
နေပြည်တော်

## နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် မေ ၂၇**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် ရွှေကျင်-ဘောကထနှင့် ဒေသတစ်ဝိုက်၌ နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏နေ့စဉ်လူမှုစီးပွားဘဝများတွင် စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် အသက်ကို ပဓာနမထားဘဲ ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ်၊ အတီး၊ အမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း၊ ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်



နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လေးထပ်လူနေ အဆောက်အအုံ သုံးလုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး

**နေပြည်တော် မေ ၂၇**

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို လုံးဝပြန်လည်အခြေချခြင်း မရှိစေရေး ထိထိရောက်ရောက် ရှာဖွေနှိမ်နင်းလျက်ရှိသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသော ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ

စာမျက်နှာ ၁၁ ကော်လံ ၁ ❂

မဖြိုဖျက်မီ



ဖြိုဖျက်ပြီး



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော လေးထပ်လူနေ အဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။




## ကမ္ဘာ့အဆင့်(၃) ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ် ပြင်သစ်အိုးပင်းတတိယအဆင့် တက်ရောက်

ပြင်သစ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဒုတိယအဆင့်တွင် ကမ္ဘာ့အဆင့် (၃) နာမည်ကြီး ပိုလန်တင်းနစ်မယ် အီဂါဆွီယာတက်ခ်က ချက်ဇ်တင်းနစ်မယ် ဆာရာဘက်လက်ကို ၆-၂၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ✻

ယနေ့ သ တင်း အ ညွှန်း

ရုပ်ကြွင်းလောင်စာခေတ်၏ အဆုံးသတ်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အစားထိုးမည် စာ ၁၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဝက်သက်ရောဂါကြောင့် သေဆုံးသည့်ကလေး ၈၈ ဦးအထိရှိလာ စာ ၁၄